
www.burmeseclassic.com
လျှို့ဝှက်ဂမ္ဘီရဆန်းကြယ်
ဝိကြွ
ကိုးမြို့ ကိုးတံခါး
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## - မာတိကာ -


ထူးခြားသောညှိသည့်စိမ်း — ၅

ပြန်လမ်းမဲ့ဂူ — ၁၂

ဝက်ပါဂူသို့ဝင်ရောက်ခြင်း — ၃၀

ညကြီးသန်းခေါင်လာခေါ်သူ — ၄၀

ဝက်ပါဂူမှထွက်လာသူ — ၅၅

မာယာရှင်မ — ၆၀

သိုက်သမားနှင့်ကြာခကာရိ — ၈၂

ဝက်နွှနှလုံးသား — ၁၀၀

အာဠာဝကရောက်ရှိလာခြင်း — ၁၂၀

သစ္စာမဲ့တို့သွားရာလမ်း — ၁၄၀

သိုက်မြုပျက်သူ — ၁၅၃

လျှို့ဝှက်ရတနာများ — ၁၇၁

ဝက်ပါဂူသို့ — ၁၇၉

ကိုးမြို့ကိုးတံခါး — ၁၈၃

အာဠာဝက၏အောင်ပွဲ — ၂၀၂


BURMESE CLASSIC .com



### ထူးခြားသောဧည့်သည်စိမ်း

တစ်နေ့သ၌ နှင်းငွေ့တို့လွင့်ပြယ်စ နံနက်ခင်းဝယ် ဖေါင်းဝတ်ရောင်မြင်းကြီးကို အသားကျစီးနှင်းလာသော အသက်လေးဆယ်ကျော်ခန့်ရှိ နှုတ်ခမ်းမွေးစစနှင့်လူကြီးသည် မဲရစ်ရွာလယ်လမ်းအတိုင်း ဝင်ရောက်လာလေ၏။

မဲရစ်ရွာထဲသို့ မြင်းခွာသံမှန်မှန်ဖြင့် ဝင်ရောက်လာသော မျက်နှာစိမ်း ထိုလူကြီးအား အထူးအဆန်းသဖွယ် ကြည့်မိကြသော ရွာသူရွာသားတို့မှာ ထိုလူကြီး၏ ညာဖက်လက်ထဲတွင် နှစ်လုံးပြူးပြောင်းရှည်သေနတ်ကြီးကိုင်လာသည်ကို သတိပြုမိသွားကြ[illegible] ထိတ်လန့်သွားကြပြီး ရွာလမ်းပေါ်၌ ရှိသူတို့မှာ နီးစပ်[illegible]ခြံဝိုင်းများ

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ကသုတ်ကယက် ပြေးဝင်ကုန်ကြလျက် အိမ်ခြံဝင်းထဲမှာ တံမြက်စည်းလှည်း၊ ထင်းခွဲနေသူတို့သည်လည်း သူတို့၏ အိမ်များ၊ တဲများပေါ်သို့ ကပျာကသီ တက်ပြေးကုန်ကြလေတော့၏။

အိမ်ရှေ့ခန်းဝယ် နံနက်အဆာပြေအတွက် ကောက်ညှင်းပေါင်း ပူပူလေးကို ရေနွေးကြမ်းတစ်အိုးဖြင့် မြည်းနေကြသူများမှာလည်း အိမ်ရှေ့တံခါးနှင့် ပြတင်းပေါက်မှ ကဲလားတံခါးတို့ကို အလျင်စလိုပိတ်လိုက်ကြပြီးလျှင် ကဲလားကို အသာဟကာ ရွာလယ်လမ်းဆီသို့ စိုးရိမ်ထိတ်လန့်စွာ ချောင်းကြည့်လျက်ရှိကြကုန်လေ၏။

အနီ ရွာသူရွာသားတို့၏ စိတ်ထဲဝယ် မြင်းစီးလာသူကြီးကို ခါးပြခေါင်းဆောင်ကြီးလော၊ ဗြိတိသျှအစိုးရအား ပုန်ကန်ခြားနားနေသည့် သူပုန်ခေါင်းဆောင်ကြီးလောဟု ထင်မှတ်ကာ လွန်စွာထိတ်လန့်လျက် ပျာယီးပျာယာ ဖြစ်ကုန်ကြခြင်း ဖြစ်ချေ၏။

မြင်းစီးသမားကြီး၏ ရုပ်သွင်နှင့် ဝတ်စားဆင်ယင်ပုံ၊ လက်နက်တို့ စွဲကိုင်လာပုံကလည်း ရိုးသားသော ရွာသူရွာသားတို့ အမြင်ဝယ် ထင်လည်းထင်ချင်စရာပင်။

ကြည့် ... မြင်းစီးသမားကြီးမှာ ရှမ်းဘောင်းဘီအနက်ကြီးကို ဝတ်ထားပြီး သားရေခါးပတ်ကြီး ပတ်ထားလျက် ခါးပတ်ဝယ်



ခြောက်လုံးပြူးသေနတ်တစ်လက်ကို သေနတ်အိတ်နှင့်အတူ ချိတ်ဆွဲထားလေ၏။

သူသည် ကိုယ်အထက်ပိုင်း၌ ပင်နီတိုက်ပုံအကျႌကြီးကို ရင်စေ့ကြယ်သီးအစုံတပ်ကာ ခံ့ညားစွာဝတ်ထားပြီး ဦးခေါင်းတွင် ပန်းနုရောင်ပိုးပုဝါကို ပေါင်းထားလျက် ဘယ်လက်က မြင်းဇက်ကြိုးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလျက်မှ ညာလက်ဝယ် နှစ်လုံးပြူးပြောင်းရှည်သေနတ်ကြီးကို စွဲကိုင်ထားရာ မျက်နှာထားတည်လှသော သူ၏ရုပ်သွင်ဟန်ပန်မှာ မဲရစ်ရွာသူရွာသားတို့အဖို့ ခံ့ညားထိတ်လန့်စရာဖြစ်နေလေတော့၏။

ယိုစဉ် ယာခင်းသို့ဆင်းရန် ပလိုင်းကိုလွယ်၊ ပေါက်တူးကို ထမ်းပြီး ခမောက်ဆောင်းထားသော ရွာသားတစ်ဦးသည် ရွာလယ်လမ်းအတိုင်း ငိုက်စိုက်ငိုက်စိုက်ဖြင့် လှမ်းလျှောက်လာရာမှ ရွာလယ်ခန့်ဝယ် မြင်းစီးသမားသူစိမ်းကြီးနှင့် ဘွားခနဲပက်ပင်းဆုံလိုက်ရာ လန့်ဖျတ်ပြီး လှမ်းလက်စခြေလှမ်းကို တုန့်ခနဲရပ်လိုက်လေ၏။

ထိုရွာသားမှာ မျက်နှာစိမ်းလူကြီး၏လက်ထဲမှ နှစ်လုံးပြူးသေနတ်ကြီးကိုကြည့်ပြီး နောက်ပဲပြန်လှည့်ပြေးရမလို၊ နီးရာခြံဝင်းထဲ ပဲဝင်ပြေးရမလို ဇဝေဇဝါဖြစ်သွားစဉ် မြင်းပေါ်မှလူကြီးသော ပြူးလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မြင်းကိုဇက်သတ်ရပ်လိုက်ကာ...

"ဒီမှာမိတ်ဆွေ...ကျုပ်ဟာ ခရီးသွားတစ်ယောက်ပါ။ ဝက်ပါတောင်ကို သွားချင်လို့ လမ်းပြပေးပါ"

ဟုချိုသာစွာ ပြောလိုက်ရာမှ သူ၏ဘယ်ဘက်လက်က မြင်းဇက်ကြိုးကိုလွှတ်လိုက်ပြီး တိုက်ပုံအင်္ကျီ၏ အောက်အိတ်ထဲ ထိုးနှိုက်လိုက်ကာ လက်ကိုအိတ်ထဲမှ ပြန်အနုတ်လိုက်ဝယ် လက်ထဲ၌ ငွေဒင်္ဂါးတစ်ပြားပါလာလေ၏။

သူကငွေဒင်္ဂါးပြားကို လက်ညှိုးအကွေးပေါ်တင်လိုက်ပြီး လက်မဖြင့် တောက်ထုတ်လိုက်ရာ ချွင်ခနဲမြည်သံနှင့်အတူ ဒင်္ဂါးပြားလေးမှာ လေထဲဝယ်ချာလပတ်လည်သွားလျက် ခမောက်ဆောင်းထားသော ရွာသား၏ ရှေ့သို့ကျလာရာ ရွာသားက နေရောင်တွင် တလက်လက်ဖြစ်သွားသော ငွေဒင်္ဂါးပြားကို လက်တစ်ဖက်ဖြင့် ကမန်းကတမ်း ဖမ်းယူလိုက်လေ၏။

ရွာသားသည် လက်ထဲမှ ငွေဒင်္ဂါးပြားကို တပ်မက်သဘောကျစွာ ငုံ့ကြည့်နေရာမှ ခေါင်းကိုမော့လိုက်ပြီး မြင်းစီးသမားကြီးအား စိတ်ဝင်စားစွာ ကြည့်လိုက်ကာ...

"ဝင်...ဝက်ပါတောင်ဆိုတာ မင်းပုန်းတောင်ကိုပြောတာ



မဟုတ်လား။ အဲ...အဲဒီကို နောင်ကြီးက သွားချင်လို့လား"

ဟု အထစ်ထစ်အငေါ့ငေါ့ မေးလိုက်လေ၏။

မြင်းစီးသမားကြီးက ပြုံးမြဲပြုံးလျက်မှ...

"ဟုတ်တယ်"

ဟုခေါင်းညိတ်ပြရင်း ပြောလိုက်ရာ ရွာသားမှာ မျက်လုံးဝိုင်းသွားပြီး...

"အဲ...အဲဒီလို ဘာလုပ်ဖို့ သွားချင်ရတာလဲဗျာ။ ဝက်ပါဂူကြီးထဲကို ဝင်မလို့များလား"

ဟုထပ်တွန့်တက်ပြီး မေးလိုက်ပြန်လေ၏။

BURMESE CLASSIC .com

သည့်တစ်ခါမှာတော့ စပ်စုလှသော ရွာသားကို မျက်နှာစိမ်းလူကြီးက စိတ်မရှည်တော့ဟန်ဖြင့် မျက်မှောင်ကုပ်ကြည့်လိုက်ပြီး

"ဟုတ်တယ်ဗျာ...ဟုတ်တယ်...အဲဒီတောင်ကို ဘယ်ဘက်က သွားရသလဲ။ ဟိုတိကျကျ လမ်းညွှန်ပေးနိုင်ရင် ညွှန်ပြဗျာ"

ဟု ခပ်ဆတ်ဆတ်ပြောလိုက်ရာ ရွာသားမှာ လည်ချောင်းထဲမှ တံတွေးကို မျိုချလိုက်ပြီး...

"ဒီ...ဒီရွာကအထွက် အရှေ့မြောက်ဖက် ခုနစ်တိုင်လောက်အကွာမှာ သဘောလေတောင်နဲ့ မုကြေးခိုတောင်တို့ကို နောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလိမ့်မယ်။ တောအလွန်ထူတဲ့ နေရာပါပဲ။ အဲဒီတောင်တွေ လွန်ရင် ထီးဝါးဒီးတောင်လို့ခေါ်တဲ့ သီးသီးကစွယ်တောင်ကို တွေ့ရလိမ့်မယ်''

''အဲဒီတောင်ပေါ်မှာ မဲရစ်ကျိုက်ထီးရိုးကလေးလို့ ဘွဲ့အမည်ရှိတဲ့ စေတီတစ်ဆူရှိတယ်။ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီနဲ့ အသွင်သဏ္ဍာန်ဆင်တူလို့ ကျိုက်ထီးရိုးကလေးလို့ ခေါ်ဝေါ်ကြတာပဲ''

''အဲဒီတောင်ရဲ့ မြောက်ယွန်းယွန်းခရီးသုံးတိုင်လောက် အကွာမှာ မင်းပုန်းတောင်လို့ခေါ်တဲ့ ဝက်ပါတောင်ရှိတယ် နောင်ကြီးရဲ့''

ဟုသေချာစွာ ပြောဆိုညွှန်ပြလိုက်ရာ မြင်းစီးသမားကြီးက သဘောကျသွားဟန်ဖြင့် ပြုံးလိုက်ပြီး...

''အင်း...ခရီးလမ်းကို သိပါပြီမိတ်ဆွေ...ကျေးဇူးပါပဲ။ ကျုပ်သွားလိုက်ပါဦးမယ်''

ဟုနှုတ်ဆက်ကာ မြင်းကို ခက်လက်ထွက်ခွာရန် ဇက်ကြိုးပြင်လိုက်စဉ် ရွာသားမှာ စိုးရိမ်သောမျက်လုံးတို့ဖြင့် မြင်းစီးသမားကြီးကို မျက်တောင်တဖျတ်ဖျတ်ခတ်ကာ ငေးကြည့်နေရာမှ...

''တစ်...တစ်ခုတော့ မှာလိုက်ပါရစေ နောင်ကြီး...ကျုပ်



ကျုပ်ကိုလှူရည်တယ်တော့ မထင်ပါနဲ့ဗျာ။ ဝက်ပါတောင်ကိုရောက်ရင် ဝက်ပါဂူကြီးထဲတော့ ယောင်လို့တောင် ဝင်မသွားလိုက်ပါနဲ့နော်။ အဲ...အဲဒီဂူကြီးဟာ အဝင်ပဲရှိပြီး အထွက်မရှိဘူးဗျ''

''ကျုပ်...ကျုပ်ရဲ့အစ်ကိုနဲ့ သူ့သူငယ်ချင်း လွန်ခဲ့တဲ့ နှစ်နှစ်က အဲဒီဝက်ပါဂူကြီးထဲ ဝင်သွားရာက ဘယ်တော့မှ ပြန်ထွက်မလာတော့ဘူးဗျ။ ကျုပ်...ကျုပ်က နောင်ကြီးအတွက် စိုးရိမ်လို့ ပြောတာပါဗျာ''

ဟု အသံတုန်ဘုန်ဖြင့် ပြောလိုက်ရာ...

မြင်းစီးသမားလူကြီးက ရွာသားကို ပြုံးကြည့်လိုက်ပြီး...

''ကျုပ်အတွက် စိုးရိမ်ပူပန်ပြီး သတိပေးတာကို ကျေးဇူးတင်ပါတယ်ဗျာ...ကဲ...ကျုပ်သွားပြီ မိတ်ဆွေ''

ဟုနှုတ်ဆက်ကာ မြင်းကိုအသားကျစီးပြီး ရွာထဲမှ ထွက်ခွာသွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## မြန်လမ်းမဲ့ဂူ

မဲရစ်ရွာသားများထဲဝယ် လွန်စွာဝပ်စုသော ကာလသားနှစ်ဦး သည် ရှိလေ၏။ တစ်ဦး၏အမည်မှာ ရွှေကွမ်းဖြစ်ပြီး သူနှင့်အတူ စပ်စုပေါ်စပ်စုဖက် သူငယ်ချင်းမှာ နီမောင်ဖြစ်လေ၏။

ရွှေကွမ်းနှင့် နီမောင်တို့သည် ရွာလယ်လမ်းနံဘေးရှိ ကြခတ်ဝါးရုံနောက်ဝယ် ပုန်းကွယ်ကာ ချောင်းနားထောင်ခဲ့သဖြင့် မြင်းစီးသမားကြီးနှင့် သူတို့၏ရွာသား ဖိုးကောက်တို့ အချီအချပြောသော စကားများကို အပ်ချမတ်ချ ကြားသွားသည့်ဖြစ်ရာ ခရီးသွားမြင်းစီးသမားကြီးကို လွန်စွာစိတ်ဝင်စားသွားကြလေတော့၏။

''ပေါ့ ... နီမောင် သူရဲကောင်းလူစွန့်စားတစ်ဦးတော့ ပေါ်ပြန်ပြီ ထင်တယ်ကွ။ အဲဒီလူကြီးက ဝက်ပါဂူကြီးထဲ ဝင်ဦးမယ်



နဲ့တူတယ်''

ဟု ရွှေကွမ်းက နီမောင်အား လက်တို့ပြီးပြောလိုက်ရာ နီမောင်က ရွယ်လယ်လမ်းအတိုင်း ထွက်ခွာသွားသော မြင်းစီးသမားညှို့သည်ကြီးကို ငေးမျှော်ကြည့်ကျန်ရစ်ရာမှ...

''အေးကွ... ဒီလူကြီးရဲ့ ပြောပုံဆိုပေါက်ကြည့်ရတာ ဝက်ပါဂူကြီးထဲ ဝင်မယ့်သဘောရှိတယ်''

''အဲဒီလိုဝင်ရင်တော့ ဒီလူကြီးမသာပေါ်မှာပဲကွ''

''ငါတို့အဘိုးတွေ လက်ထက်က ကြားဖူးတာရော၊ ငါ့အဘ ငါ့အဖေတွေ လက်ထက်မှာ ကြုံဖူးတာရော၊ ငါ့တစ်သက်ရော အဲဒီ ဝက်ပါတောင်က ဝက်ပါဂူကြီးထဲ ဝင်သွားသူမှန်သမျှ တစ်ယောက်မှ ပြန်ထွက်လာတယ်လို့ မကြားဖူးဘူးကွ''

ဟုပြောလိုက်ရာ ရွှေကွမ်းက ပုခုံးတွန့်ပြလိုက်ရင်း...

''ဟုတ်တယ်...ဒါကြောင့် အဲဒီဝက်ပါဂူထဲ နောက်ပိုင်း ဘယ်သူဝင်ရဲတော့လို့လဲ။ ပြန်လမ်းမဲ့ဂူကြီးဆိုပြီး ဒီနယ်ကလူအားလုံး အနားတောင်မသီရဲကာမှ ဒီလူကြီးက ဝင်ဦးမယ် သေချာပြီ''

ဟု မဲ့ရွဲ့ကာ ပြောလိုက်ပြီးမှ...

''ဟေ့ နီမောင် အဲ့ဒီလူကြီး ဝက်ပါဂူထဲ တကယ်ဝင်မဝင်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပြန်ထွက်လာမလာကို ငါတို့ပျားလိုက်ရင်း လိုက်စောင့်ကြည့်ရအောင်ကွာ''

ဟုစပ်စုရန် အဖေါ်ဆွယ်လိုက်လေရာ သူတော်ချင်း သတင်းလွှေ့လွှေ့၊ ဝါသနာတူပုလင်းတူဖူးဆို နီမောင်မှာ ပြုံးဖြီးဖြီးဖြင့် ခေါင်းကြီးညိတ်လိုက်ရင်း...

''လုပ်လိုက်လေ''

ဟုပြောလိုက်ပါလေသတည်း။



သို့ဖြင့် နီမောင်နှင့် ရွှေကွမ်းတို့မှာ သူတို့၏နေအိမ်များဆီသို့ ခပ်သုတ်သုတ် ပြန်သွားကြပြီးလျှင် ပျားဖွတ်ရန် ပစ္စည်းကရိယာများဖြစ်သော မီးတုတ်၊ သံပုံး၊ ရေနံဆီ၊ စောင်ကြမ်းစသည်တို့ကို နှစ်ရက်သုံးရက်စာ စားနပ်ရိက္ခာခြောက်တို့နှင့် အတူယူဆောင်ကာ သူတို့၏မိဘများအား ပေါင်းလောင်းတောင်ကြောဘက် ပျားဖွတ်ထွက်ဦးမည်ဟု အကြောင်းပြလျက် ရွာမှခပ်သော့သော့ ထွက်ခဲ့ပါတော့၏။

သူတို့သည် နယ်မြေကျွမ်းပြီးဖြစ်သော ကျေးလက်သားတို့ပီပီ ရွာ၏အရှေ့မြောက်ယွန်းယွန်းရှိ သဘောလေတောင်...မကြီးခိုတောင်တို့ဘက်သို့ ခြေလှမ်းကြဲကြဲဖြင့် လျှောက်လှမ်းကြလေ၏။

တကယ်တော့ ဝက်ပါတောင် (ခေါ်) မင်းသုန်းတောင်ကြီးသို့

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးလေးခေါက်လောက် ရောက်ဖူးခဲ့ပြီးဖြစ်၏။ သူတို့သည် စပ်စုတတ်သော ဝါသနာကြောင့် မိဘဘိုးဘွားတို့ အတန်တန်သတိပေးတားမြစ်ထားသည့်ကြားမှ ယင်းတောင်ကြီးအနီးသို့ နှစ်ယောက်သားမှိုကျင်းရှာရင်း၊ မျှစ်ချိုးရင်း၊ ပျားဖွတ်ရင်း ပတ်တန်းဝါးခုတ်ရင်း ရစ်သီရစ်သီများ လုပ်ကြခြင်းဖြစ်လေသည်။

သို့သော် သူတို့သည် မည်မျှပင် မွေးရာပါဗီဇအရ စပ်စုရသည်ကို ဝါသနာပါငြား၊ နာမည်သတင်းကြီးလှသော ဝက်ပါဂူကြီးထဲသို့မူ လုံးဝမဝင်ရဲပါ။ ထိုမျှအထိတော့ မစပ်စုရဲပါ။ သတင်းကြားနှင့်ပင် ကြောက်လှပါသည်။

ဝက်ပါဂူကြီး၏ သတင်းက ကြောက်လည်းကြောက့်စရာကောင်းချမ်းစရာပင်။

ထိုဂူကြီးထဲသို့ ရှေးပဝေသဏီကပင် ကေစာရီကျင့်လိုသောရသေ့အချို့၊ ရှေးဟောင်းသိုက် တူးဖော်လိုသူ သိုက်ဆရာအချို့ စူးစမ်းလေ့လာလိုသူ ရွာသားအချို့ အရဲစွန့်ပြီး ဝင်ရောက်ခဲ့ကြသည်မှာတစ်ဦး၊ နှစ်ဦးချင်းရော အုပ်စုလိုက်ပါ အဝင်သာရှိခဲ့ကြပြီး အထွက်မရှိခဲ့ကြပေ။

ယင်းဝက်ပါဂူကြီးရှိရာ ဝက်ပါတောင် (ခေါ်) မင်းပုန်းတောင်



ကြီးနှင့် အနီးဆုံးရှိ ကျေးရွာများဖြစ်သော မဲရစ်ရွာ၊ မဲကာရွာ၊ ကျောက်ကျိုးရွာ၊ ဝင်းကလုံရွာ၊ ကျုံချော်ရွာ၊ ကွမ်းသိပ်ရွာမှ ရွာသားစပ်စုအချို့သာမက၊ မဒေါက်၊ ရွှေကျင်၊ ဒိုက်ဦးတို့ဘက်မှ လူအချို့မှာဝက်ပါဂူကြီးဆီ ရောက်ရောက်လာပြီး မီးတုတ်များ၊ အောက်လင်းဓါတ်မီးများကိုင်ကာ အစုလိုက်အဖွဲ့လိုက် စူးစမ်းလေ့လာရန် အကြိမ်ကြိမ်ဝင်ရောက်ဖူးခဲ့ပြီ ဖြစ်လေ၏။

ထိုသူတို့သည်လည်း ဝင်သွားသည့်အချိန်မှစ၍ ယနေ့အထိတစ်ဦးတစ်ယောက်မှ ပြန်ထွက်လာသည်ဟု မကြားဖူးပေ။ ကြာတော့ယင်းပြန်လမ်းမဲ့ဂူကြီးထဲသို့ မည်သူမျှ မဝင်ရဲတော့ပေ။ ဖြစ်နိုင်လျှင်ထိုဂူကြီးရှိရာ မင်းပုန်းတောင်အနီးသို့ပင် မချဉ်းကပ်ရန် လူကြီးသူမတို့က ကြပ်တည်းစွာ တားမြစ်ခဲ့ကြပါ၏။

တကယ်တော့ ထိုဝက်ပါဂူကြီးရှိရာ မင်းပုန်းတောင်အရပ်သို့ သွားရောက်ရန်မှာလည်း မလွယ်ပါ။ တောတောင်ထူထပ်လှပြီးလူသူအရောက်အပေါက်နည်းရာ၊ အသွားအလာခက်ခဲရာ၊ လျှိုမြောင်ချောက်ကမ်းပါ ထူထပ်ရာ အရပ်ဖြစ်သဖြင့် တော်ရုံလူများ မသွားရောက်ကြပါ။

ယင်းသို့ သွားရလာရ ခက်ခဲပြီး တောကြိုမျက်မည်းအတွင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသဖြင့်လည်း ယင်းတောင်ကြီးမှာ မင်းပုန်းတောင်ဖြစ်ခဲ့ရခြင်း ဖြစ်သည်ဟု ရှေးလူကြီးသူမတို့ပြောသည်ကို နီမောင်တို့ ရွှေကွမ်းတို့ ကြားသိခဲ့ရခြင်းဖြစ်သည်။

ရှေ့မှီနောက်မှီ ဘိုးသက်ရှည်ဖြစ်သော နီမောင်၏ အဘိုး ဦးမြသာမှာ နီမောင်တို့ငယ်စဉ် ကလေးဘဝကတည်းက လသာသော ညများဝယ် အိမ်ရှေ့ကွပြင်၌ မြေးများနှင့်အတူထိုင်ရင်း လရောင် အောက်မှ ညို့ညို့မှိုင်းမှိုင်း လှမ်းမြင်ရသော မင်းပုန်းတောင်ကြီး၏ အကြောင်းနှင့် ပြန်လမ်းမဲ့ ဝက်ပါဂူကြီး၏ အကြောင်းကို ပုံပြင်သဖွယ် ပြောပြလေ့ရှိပါ၏။

ရှေးအခါက ပုဂံနေပြည်တော်မှ အနော်ရထာမင်းစောသည် ပိဋကတ်သုံးပုံကို ပင့်ဆောင်ရန်အလို့ငှာ သုဝဏ္ဏဘူမိသို့ စစ်သည် အင်အား အလုံးအရင်းဖြင့် ကျန်စစ်သား၊ လုံးလက်ဖယ်၊ ညောင် ဦးဖီး၊ ငထွေရူးတည်းဟူသော ရောမစစ်သူကြီး လေးဦးခြံရံလျက် စစ်ချီတက်လာရာ...

သုဝဏ္ဏဘူမိမှ ဘုရင်မနုဟာ၏ သမီးတော်တစ်ပါးဖြစ်သော မြစိမ်းမင်းသမီးဟုခေါ်တွင်ကြသည့် မဏိမြရောက် မင်းသမီးလေးမှာ ပုဂံစစ်သည်တို့၏ ရန်မှဝေးစေရန် နောက်လိုက်နောက်ပါ အခြွေအရံ



သင်္ကြံတော်စောင့် စစ်သည်အနည်းငယ်နှင့်အတူ စစ်တောင်းမြစ်ဝှမ်း အနီးဘက်သို့ ရှောင်လာရာမှ...

ကွမ်းသိပ်ကျေးရွာအနီးဝယ် တစ်ထောက်နားခိုပြီး ထိုမှ ဘိုးတော်ဦး ရေတွင်း၊ ကျုံချော်ရွာ၊ ဝင်းကလုံရွာ၊ ကျောက်ကျိုးရွာ၊ မဲကရွာ၊ မဲရစ်ရွာ တည်းဟူသော ရှေးဟောင်းရွာများကို ကွေ့ရှောင် ဖြတ်သန်းကာ...

တော်ကြီးရိပ်မြိုင်၊ လျှိုမြောင်ကမ်းပါးတို့ကို ခက်ခဲစွာ ကျော် ဖြတ်ပြီးနောက် ရွှေကျင်နှင့် ဖာပွန်အကြားရှိ ထီးဝါးဒီးတောင်သို့ ဆိုက်ရောက်ခဲ့ကာ တောင်ခြေဝယ် ခေတ္တစခန်းချခဲ့သည်ဟု ဆို၏။

ယင်းထီးဝါးဒီးတောင် (ခေါ်) သီးသီးကစွယ်တောင်၏ တောင်ခြေရင်းတွင်ရှိသော အလွန်ကြီးမားသည့် ကျောက်ဂူကြီးတွင် စခန်းချပြီးနောက် တောင်ပေါ်ရှိ မဲရစ်ကျိုက်ထီးရိုးကလေးဟု ဘွဲ့အမည် ခေါ်တွင်သော စေတီလေးကို မြစိမ်းမင်းသမီးလေး တက်ရောက် ဖူးမြော်ကြည်ညိုရင်း အဓိဋ္ဌာန်ဝင်ခဲ့သည်ဟုဆိုသည်။

ထို မဲရစ်ကျိုက်ထီးရိုး ကလေးစေတီမှာ တောင်ထိပ်ပေါ်ရှိ ဖိုခနောက်ဆိုင် ကျောက်လုံးကြီး သုံးလုံးပေါ်ဝယ် ကျောက်လုံးတစ်လုံး ရှိပြီး ယင်းကျောက်လုံးပေါ်၌ စေတီတည်ထားခြင်းဖြစ်၏။ ထိုစေတီ

www.burmeseclassic.com

www.burmeseclassic.com



ရှက်ထားသော ကျောက်လုံးသည် ဖိုခနောက်ဆိုင် ကျောက်လုံး သုံးလုံး ပေါ်၌တည်ရှိသည်ဟုဆိုသော်လည်း တကယ်တန်းတွင်မူ ကျောက်လုံး နှစ်လုံးပေါ်မှာသာ တည်ရှိပြီး ကျန်တစ်လုံးက လွတ်နေလေ့ရှိကာ သုံးနှစ်လျှင်တစ်ကြိမ်ကျ အောက်ခံကျောက်လုံး တစ်လုံးစီ လွတ်ကာ တည်ရှိလေ့ရှိသည်ဟုဆို၏။

ဘုရားတည်ရှိရာ တောင်ထိပ်ပေါ်ဝယ် သဘာဝကျောက် ရေတွင်းတစ်တွင်း ထူးခြားစွာ တည်ရှိနေပြီး ရေပြည့်နေလေ့ရှိသည်ဟု ဆိုသည်။

မြစိမ်းမင်းသမီးလေးမှာ ထိုကျောက်ရေတွင်းမှရေဖြင့် စေတီ အား နံနက်တိုင်းရေသပ္ပါယ်လေ့ရှိသည်ဟုရှိသည်။

သုဝဏ္ဏဘူမိပြည့်ရှင် ဘုရင်မနူဟာ၏ သမီးတော်တစ်ပါး ဖြစ်သော မြစိမ်းမင်းသမီးလေးသည် ရံရွေတော်များ၊ သက်တော် စောင့်စစ်သည်များနှင့်အတူ ထီးဝါးဒီးတောင်ခြေမှ ကျောက်ဂူကြီးထဲ ဝယ် ဘေးကင်းစွာ စံမြန်းနေချိန်ဝယ် ပုဂံတပ်များသည် သုဝဏ္ဏဘူမိ သို့ချီတက်လာရာ...

တစ်ညသ၌ လပြည့်ညမို့ မြစိမ်းမင်းသမီးလေးသည် မဲရစ် ကျိုက်ထီးရိုးကလေး စေတီရင်ပြင်ဝယ် ပုတီးစိပ်အဓိဋ္ဌာန်ဝင်နေစဉ်



ဝတ်ဖြူစင်ကြယ်ဝတ်ထားသော အဘိုးအိုတစ်ဦးသည် တောင်ပေါ်သို့ ရောက်ရှိလာပြီး...

မင်းသမီးလေးအား ဘေးအန္တရာယ်အပေါင်းမှ လွတ်မြောက် စေကြောင်း ဆုတောင်းလျက် စေတီ၏ထီးတော်အား အသစ်တင် ကပ်လှူပူဇော်ရန် တိုက်တွန်းပြီးနောက်...

ပုဂံတပ်များကျူးနေရာဒေသသို့ မကြာမီ ရောက်ရှိလာနိုင် သဖြင့် ဤတောင်၏မြောက်ယွန်းယွန်း ခရီးသုံးတိုင်အကွာရှိ ကျောက် တောင်ကြီးသို့ စခန်းပြောင်းရွှေ့ရန် အကြံပြုသည်ဟုဆို၏။

ယင်းကျောက်တောင်ကြီး၏ အတွင်းဝယ် သဘာဝထုံး ကျောက်တို့ဖြင့် ဝက်ပါလိုဏ်ဂူသဖွယ် လိုဏ်ဂူကြီးတစ်ခုရှိရာ ယင်း လိုဏ်ဂူကို ပြုပြင်လျက် ဘကယ့်ဝက်ပါလိုက်ကြီးအဖြစ် ဖန်တီးကာ လျှို့ဝှက်ကာ နေထိုင်ရန် တိုက်တွန်းပြီးနောက် ဝက်ပါလိုဏ်ကြီး တည်ဆောက်သည့်အခါ အဓိကကွေ့ကြီး (၉)ကွေ့ပြုလုပ်ရန်နှင့် ယင်း လျှို့ဝှက်ကွေ့ကြီး ကိုးကွေ့၌ ထားရှိရမည့် အမှတ်အသားများကို ပေရွက်တစ်ရွက်ဝယ် ရေးခြစ်ပြခဲ့သည်ဟုဆိုသည်။

မင်းသမီးလေးအား ထိုသို့ တိုက်တွန်းမှာကြားသော ပေရွက် ကို ပေးပြီးနောက် ထိုအဘိုးအိုမှာ တောင်ပေါ်မှဆင်းသွားရာ မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com



လေးမှာ ပေရွက်ကို လက်နှစ်ဖက်ဖြင့်ကိုင်ရင်း ငေးငိုင်ကျန်ရစ်ခဲ့သည် ဟုဆိုသည်။

ဖျတ်ခနဲ မင်းသမီးလေး သတိဝင်လာမှ အဘိုးအိုအား ကျောက်သံပတ္တမြားဖြစ်စေ၊ ရိက္ခာခြောက်ဖြစ်စေ တစ်စုံတစ်ရာ လှူဒါန်းလိုက်ရန် ရံရွေတော်များနှင့် စစ်သည်တို့ကို လိုက်လံရှာဖွေရန် စေခိုင်းလိုက်သော်လည်း အဘိုးအိုကို တောင်ဝန်းကျင်ဝယ် လုံးဝ ရှာမတွေ့တော့ဟုဆို၏။

ပို၍ထူးဆန်းသည်မှာ တောင်အောက်ဝန်းကျင်ဝယ် မင်းသမီးလေး၏ လုံခြုံရေးအတွက် တောင်ကြီးကို ပတ်ပြီး ကင်းပုန်းချစောင့်ကြပ်နေကြသော သက်တော်စောင့် စစ်သည်တို့မှာ ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအို တောင်ပေါ်တက်သွားသည်ကိုရော၊ တောင်ပေါ်မှ ပြန်ဆင်းလာသည်ကိုပါ လုံးဝမတွေ့ရဟုဆို၏။

မည်သို့ပင်ဖြစ်စေ မြစိမ်းမင်းသမီးလေးမှာ ထူးခြားစွာ လာရောက်နှိုးဆော်သတိပေးခဲ့လေသော အဘိုးအိုအား ယုံကြည်သဒ္ဓါရှိသည်နှင့်အညီ မဲရစ်ကျိုက်ထီးရိုးစေတီကလေးအား ထီးတော်အသစ်ဆက်ကပ်တင်လှူပြီးနောက်. . .

အဘိုးအို ညွှန်ပြခဲ့သော မြောက်စူးစူးအရပ်ခရီး သုံးတိုင်



အကွာရှိ ကျောက်တောင်ကြီးသို့ ရံရွေတော်များ၊ စစ်သည်ရဲမက်များနှင့်အတူ သွားရောက်ကာ ယင်းကျောက်တောင်ကြီး၏အတွင်းရှိ ထုံးကျောက်ပန်းဆိုင်း၊ ပန်းဆွဲများဖြင့် ဝက်ပါသဖွယ် တည်ရှိနေသော ထူးခြားသည့် ကျောက်လှိုဏ်ဂူကြီးကို သေချာစွာလေ့လာပြီးနောက်

သူမ၏ရဲမက်များအား လွန်စွာလျှို့ဝှက်ဆန်းကြယ်သည့် ဝက်ပါလှိုဏ်ဂူကြီးအဖြစ် ပြုပြင်ဖန်တည်းစေခဲ့သည်ဟုဆို၏။

ထိုသို့ဆန်းကြယ်လျှို့ဝှက်သော ဝက်ပါလှိုဏ်ဂူကြီးအဖြစ် ဖန်တီးရာတွင် အဘိုးအိုပေးခဲ့သော ပေရွက်ပါ သင်္ကေတများကို အသုံးပြုပြီး လျှို့ဝှက်ကွေ့ကြီး (၉)ကွေ့ကို ဝက်ပါထဲ၌ ထည့်သွင်းခဲ့လေ၏။

ယင်းဝက်ပါလှိုဏ်ဂူကြီး အတွင်းသို့ ဝင်ရောက်သွားသူသည် လျှို့ဝှက်ကွေ့ကြီး (၉)ကွေ့ကို မှန်ကန်စွာ ကျော်ဖြတ်နိုင်မှ ဝက်ပါဂူကြီး၏ အလယ်ရှိ မင်းသမီးလေး စံမြန်းရာ ကျောက်လှိုဏ်ဂူနန်းဆောင်ဆီ ရောက်ရှိနိုင်ပြီး. . .

လျှို့ဝှက်ကွေ့ကြီး (၉)ကွေ့ကို မှန်ကန်စွာ မကျော်ဖြတ်နိုင်က ဘဲလမ်းလွဲသို့ လိုက်မိပါက ရှုပ်ထွေးလှသော ဝက်ပါဂူထဲ၌လမ်းစပျောက်ကာ တဝဲလည်လည်ဖြစ်လျက် နောက်ဆုံးကျ ဂူကြီးထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်မထွက်နိုင်တော့ဘဲ အစာငတ်၊ ရေငတ်ဖြင့် သေဆုံးနိုင်သကဲ့သို့ ဂူကြီး၏အတွင်းပိုင်းမှာ မမျှော်လင့်နိုင်သော အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ရကာ မရှုမလှ သေပွဲဝင်ရလိမ့်မည်ဟုဆို၏။

တစ်ချို့ကလည်း ယင်းလိုဏ်ဂူကြီး၏ အတွင်းဝယ် နစ်ချို့ မြွေကြီးများ၊ လွန်စွာကြီးမားသည့် ကင်းလက်မမည်းကြီးများ ရှိသည် သာမက မမျှော်လင့်ဘဲ မြေကြီးအောက်ထဲသို့ မြေမျိုသလို ကျွံကျ နစ်မြုပ်သွားနိုင်ကာ မရဏာန္တံအိုင်များ ရှိသည်ဟုဆို၏။

တစ်ခါတစ်ရံ မည်သည့်နေရာ၊ မည်သည့်အပေါက်မှ ဝင်လာမှန်းမသိသော ကျား၊ ကျားသစ်၊ ကျားသစ်နက်စသည့် တောကောင်ကြီးများလည်း ဝက်ပါဂူကြီး၏ အတွင်းပိုင်းထဲတွင် ရှိသည်ဟု ဆိုကြ၏။

ယင်းသို့ ထူးခြားဆန်းကြယ်လှသည့် ဝက်ပါဂူကြီးသို့ မင်းသမီးလေး စခန်းပြောင်းရွှေ့အခြေချနေထိုင်ခဲ့ရာ မင်းသမီးလေးတို့အဖွဲ့ ပြောင်းရွှေ့လာပြီးနောက် လေးငါးရက်ခန့် အကြာမှာပင် ပုဂံစစ်သည်များသည် မင်းသမီးလေးတို့အဖွဲ့ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သတင်းရသဖြင့် တောနင်းရှာဖွေရာမှ ထီးဝါးဒီးတောင်သို့ရောက်ရှိလာကြသည်ဟုဆိုသည်။



မြစိမ်းမင်းသမီးလေးသာ ဝက်ပါဂူသို့ အချိန်မီ မပြောင်းရွှေ့မိပါက ဖမ်းဆီးခေါ်ဆောင်ခြင်း ခံရမည်မှာ သေချာလှပေ၏။

သို့တိုင် မင်းသမီးလေးတို့အဖွဲ့၏ ခြေရာကိုခံမိသွားကြတာ ပုဂံစစ်သည်တို့သည် မင်းသမီးလေး ခိုအောင်းနေရာ ကျောက်တောင်ကြီးဆီ ရောက်ရှိလာပြီးတောင်ခြေရှိ ကျောက်လိုဏ်ဂူ၏အဝကို တွေ့ရသည်နှင့် ဤဂူထဲမှာပင် မင်းသမီးလေးတို့အဖွဲ့ ပုန်းအောင်းခိုဝင်နေလိမ့်မည်ဟု ယူဆကြကာ ဂူထဲသို့ ဝင်ရာကြသည်ဟုဆို၏။

ဤသို့ဖြင့် ပုဂံစစ်သည်တို့သည် ဝက်ပါဂူကြီးထဲသို့ တစ်သုတ်ပြီး၊ တစ်သုတ် ဝင်ရာကြသော်လည်း ဝင်ရောက်သွားသူတို့မှာ ပြန်ထွက်လာနိုင်ခြင်း မရှိရာ သူတို့ကို ဦးဆောင်လာသော တပ်မှူးမှာ မျက်လုံးပြူးသွားပြီး ယင်းဝက်ပါလိုဏ်ဂူကြီးထဲသို့ သူ၏စစ်သည်များကို ထပ်မံ၍ လုံးဝမဝင်နိုင်းရဲတော့ဘဲ တပ်ခေါက်သွားခဲ့သည်ဟု ဆို၏။

ယင်းသို့ဖြင့် မြစိမ်းမင်းသမီးလေးမှာ ယင်းဝက်ပါလိုဏ်ဂူကြီးထဲမှာ ဘေးကင်းစွာ ရှိနေခဲ့ရသည်ဟုဆို၏။

မင်းသမီးလေးနှင့်အဖွဲ့အတွက် လိုအပ်သော အစားအစာ အသုံးအဆောင်၊ ဆေးဝါးတို့ကို သူမ၏ရဲရွှေတော်[illegible]ချို့နှင့် စစ်သည်

www.burmeseclassic.com

www.burmeseclassic.com



အချို့သည် ကျေးတောသူ၊ ကျေးတောသားများအသွင် ရုပ်ဖျက်ပြီး အနီးအနားရှိ ရွာများဖြစ်သော မဲရစ်၊ မဲကာ၊ ကျောက်ကျိုး၊ ဝင်းကလုံ၊ ကျုံချောင်၊ ကွမ်းသိပ်ရွာများသို့ ရံဖန်ရံခါ ရောက်ရှိလာပြီး ရွှေဒင်္ဂါးများ၊ ရွှေထည့်လက်ဝတ်ရတနာများဖြင့် လိုအပ်သော ဆန်ဆီဆား မှစ၍ ငါးခြောက်၊ ငါးခြမ်း၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်းတို့ကို လဲလှယ် ဝယ်ယူလေ့ရှိသည်ဟုဆို၏။

သူတို့ကို ရွာခံလူများက ဘယ်အရပ်မှ လာသလဲဟုမေးပါက ရွှေကျင်ဖက်မှပဲ လာသလိုလို၊ ဝါးဖြူတောင်၊ မဲသနဖက်မှပဲ လာသလိုလို မရေမရာပြောလေ့ရှိသည်ဟုဆို၏။

နောက်ပိုင်းနှစ်ကာလများဝယ် ထိုလူစိမ်းတို့ ရောက်လာခြင်း မရှိတော့ဘဲ မင်းသမီးလေးနှင့် အဖွဲ့၏သတင်းသည်လည်း စုပ်စု၊ မြုပ်စု၊ မြုပ်သွားခဲ့ရာ။ မြစိမ်းမင်းသမီးလေး (ခေါ်) မဏိမြရောက် မင်းသမီးလေး၏ အကြောင်းမှာ ဒဏ္ဍာရီပုံပြင်သဖွယ် ဖြစ်ခဲ့ရသည် ဟု နီမောင်၏အဘိုးက ပြောပြ၏။ ထိုသို့နီမောင်၏ အဘိုးပြောပြသည့် အခါ စပ်စုတတ်သော နီမောင်က...

"အဘိုး...အဲ့ဒီမင်းသမီးလေးက အဲဒီဝက်ပါဂူထဲမှာပဲ တစ်သက်လုံး နေသွားရသလားဟင်"



ဟုမေးသည့်အခါ အဘိုးသည် မြေဆေးတံကြီးကိုဖွာရင်း

"အဘိုးရဲ့ ဘိုးဘေးတွေ ပြောတာတော့ မင်းသမီးလေးနဲ့ အဖွဲ့ဟာ အဲဒီဝက်ပါဂူကြီးထဲမှာပဲ တစ်သက်လုံး လျှို့ဝှက်စွာနေသွားကြတယ်လို့ ပြောတာပဲကွယ့်"

"တစ်ချို့ကလည်း မင်းသမီးလေး ကွယ်လွန်ပြီးနောက် သူ့ရဲ့ အုတ်ဂူဟာ အဲဒီဝက်ပါဂူကြီးရဲ့အလယ်က နန်းဆောင်ကြီးတစ်ခုလို ပြုပြင်ထားတဲ့ ဂူလိုဏ်ကြီးထဲမှာရှိပြီး... မင်းသမီးလေးနဲ့အတူ ပါသွားတဲ့ ရှေးဟောင်းနန်းစဉ် ရတနာတွေလည်း အဲဒီထဲမှာပဲရှိတယ်လို့ ပြောကြတယ်ကွယ့်"

"ဒါကြောင့် သိုက်ဆရာတွေ ရောက်ရောက်လာပြီး ဝက်ပါဂူကြီးထဲဝင်လို့ ရှေးဟောင်းရတနာသိုက်ကို ရှာဖို့ကြိုးစားကြတာပေါ့"

"တစ်ချို့ကပြောတော့လည်း အဲဒီဝက်ပါလိုဏ်ဂူကြီးရဲ့ အခြား တစ်ဖက်မှာ ထွက်လမ်းတစ်ခုရှိပြီး မင်းသမီးလေးနဲ့အဖွဲ့ဟာ သူတို့အတွက် အန္တရာယ်ကင်းလောက်ပြီလို့ ယူဆတဲ့အချိန်မှာ အဲဒီ ထွက်လမ်းဖက်ကထွက်ပြီး ယွန်းစလင်းမြစ်ကြောင်းအတိုင်း စုန်ဆင်း လို့ ယွန်းစလင်းနဲ့ သံလွင်မြစ်ဆုံဆည်းရာ ကမောင်းဘက်မှာ မထင် မရှားရှာတည်လို့ အသက်ထက်ဆုံး အခြေချနေထိုင်သွားတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုတယ်ကွယ့်''

''ဒါပေမယ့် ရှေးလူကြီးအများစုကတော့ မင်းသမီးလေးဟာ အခြားဘယ်မှမသွားဘဲ အဲဒီဝက်ပါလိုဏ်ဂူကြီးထဲမှာပဲ အသက်ထက်ဆုံး နေသွားတယ်လို့ ယုံကြည်နေကြတယ်။ ဒါကြောင့်လည်း မင်းသမီးလေးနဲ့အတူ နန်းစဉ်ရတနာတွေဟာ အဲဒီဂူကြီးထဲမှာ ရှိတယ်လို့ ယုံကြည်နေကြတယ်''

''အဲဒီ ဝက်ပါဂူကြီးရှိရာ ကျောက်တောင်ကြီးမှာ ဘုရင့်သမီးတော် ပုန်းခိုနေခဲ့တာမို့ အဲဒီတောင်ကို မင်းပုန်းတောင်လို့ ဒေသသားတို့က ခေါ်ဝေါ်သမုတ်ကြပြီး ဝက်ပါဂူကြီးကို အစွဲပြုလို့ ဝက်ပါတောင်လို့လည်း ခေါ်ကြတယ်ကွယ့်''

ဟုနီမောင်၏ ဘိုးအေက စိတ်ရှည်လက်ရှည် ရှင်းပြသည်ကို နီမောင်တို့ ငယ်စဉ်ကတည်းက ကြိမ်ဖန်များစွာ ကြားခဲ့ရလေသည်။

ယင်းသို့ ရာဇဝင်နှင့်ချီပြီး သတင်းကြီးသည့် ဝက်ပါတောင်သို့ နီမောင်တို့ သုံးလေးကြိမ်ခန့် ရောက်ဖူးသော်လည်း ဝက်ပါဂူထဲသို့မူ လုံးဝမဝင်ရဲခဲ့ပါ။

ယခုတော့ သန္ဓေသားဒေသခံ နီမောင်တို့ပင် ဝင်ရောက်စပ်စုရန် မစဉ်းစားရဲသော မင်းပုန်းတောင်ကြီးမှ ဝက်ပါဂူကြီးထဲသို့



ဝင်ရောက်မည့် နူတ်ခမ်းမွေးစစနှင့် လူစိမ်းညှော်သည်ကြီးကို တွေ့ရရာ နီမောင်တို့ လွန်စွာစိတ်ဝင်စားသွားပြီး...

ထိုလူကြီး ဝက်ပါဂူထဲ တကယ်ဝင်မဝင်နှင့် ဝင်သွားခဲ့ပါကလည်း ပြန်ထွက်လာနိုင် မနိုင်ကို လေ့လာစူးစမ်း အကဲခတ် စပ်စုရန် မင်းပုန်းတောင်ကြီးဆီ ချီတက်လို့ လာခဲ့ချေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဝက်ပါဂူသို့ဝင်ရောက်ခြင်း

မြင်းတစ်စီးဖြင့် ခရီးနှင်လာသော မျက်နှာစိမ်းလူကြီးသည် တောလမ်းခရီးကြမ်းအတိုင်း သူ၏မြင်းကို နှင်လာခဲ့ရာမှ လျှိုမြောင်ချောက်ကမ်းပါး ထူထပ်လျက် မြင်းဖြင့်ခရီးနှင်ရန် လွန်စွာခက်ခဲသော နေရာအရောက်ဝယ် မြင်းပေါ်မှဆင်းပြီး မြင်းဇက်ကြိုးကိုဆွဲကာ ကျောက်ကြို ကျောက်ကြား တောင်ကြို တောင်ကြားများမှ ခရီးဆက်ခဲ့လေ၏။

သူ၏ မြင်းကျောပေါ်ဝယ် အဝတ်အိတ်ကြီးနှစ်အိတ်ကို မြင်း၏ ဘေးတစ်ဖက်တစ်ချက်ဆီဝယ် ချိတ်ဆွဲထားရာ အဝတ်အိတ်ကြီးတစ်လုံး၏ အတွင်းမှ ထိုးထိုးထောင်ထောင်ထွက်နေသော ပေါက်တူး၊ ပေါက်ချွန်းတို့၏ လက်ကိုင်ရိုးကဲ့သို့သော သစ်သားချောင်းကို



တွေ့ရလေ၏။

ရွှေကွမ်းနှင့် နီမောင်တို့မှာ ခရီးလမ်းကျွမ်းပြီးသား၊ သန္ဒေဒေသသားတို့ပီပီ တစ်နေ့တာလုံး ခရီးနှင်လာပြီးနောက် ညနေစောင်းလုလုဝယ် ရှေ့မှသွားနှင့်သော မြင်းစီးသမား မျက်နှာစိမ်းလူကြီးကို မှီလာရာ ထိုလူကြီး သူတို့ကို မြင်တွေ့မသွားစေရန်နှင့် သူတို့နောက်မှ လိုက်ပါလာမှန်း မရိပ်မိစေရန် ခြေသံလုံလုံထားပြီး တစ်ခေါ်သာသာ အကွာမှ ပုန်းလျှိုးကွယ်လျှိုးဖြင့် လိုက်ပါလာတော့၏။

သို့ဖြင့် နေလုံးကွယ်ပျောက်လုလုဝယ် ထီးဝါးဒီးတောင် (ခေါ်) သီးသီးကဖွယ်တောင်၏ ခြေရင်းသို့ရောက်ရှိကြရာ မြင်းစီးသမားလူကြီးသည် မြင်းပေါ်မှဆင်းပြီး တောင်ခြေရှိ ရေကန်ကြီးအနီးဝယ် မြင်းကိုလွှန့်ထားလိုက်ကာ မြင်းပေါ်မှ အိတ်ကြီးနှစ်လုံးကိုချပြီး သူ့အနားတွင်ထားလျက် သူကိုယ်တိုင်လည်း ကန်နံဘေးရှိ မြက်သင်းပေါ် ခြေပစ်လက်ပစ် ထိုင်ချကာ အပမ်းဖြေနေတော့၏။

နီမောင်တို့လည်း ထိုလူကြီး၏ အရိပ်အခြည်ကို စောင့်ကြည့်ကာ ယမနေပင်ကြီး၏ ပင်စည်ကိုမှီရင်း အနားယူနေလိုက်ကြလေ၏။

မျက်နှာစိမ်းလူကြီးသည် ထိုသို့အနားယူနေရာမှ ကြည့်လင်

www.burmeseclassic.com

www.burmeseclassic.com



စိမ်းမြသော ကန်ရေပြင်ထဲဝယ် လူးလာခေါက်တုန့် ကူးခတ်လျက်ရှိသည့် ရောမငါးကြီးများကို တွေ့ရှိသွားရာ ကန်စပ်သို့တိုးပြီး အေးအေးလူလူ ကူးခပ်လျက်ရှိသည့် ငါးကြီးများအား စိတ်ဝင်စားစွာ စူးစိုက်ကြည့်နေလေ၏။

ယင်းငါးကြီးများက ဤဒေသနေ ဒေသသားတို့က ထီးဝါးဒီးတောင်ထိပ်ရှိ မဲရစ်ကျိုက်ထီးရိုးကလေးစေတီကို အကြောင်းပြု၍ ဘုရားငါးများဟုသတ်မှတ်ကာ ဖမ်းဆီးသူမရှိရာ ဘေးရန်ကင်းကင်းဖြင့် ကြီးချင်တိုင်းကြီးမားနေကြသော လူ့ခန္ဓာကိုယ်လောက်ရှိသည့် ငါးသလိန်ငါးကြီးများပင် ဖြစ်လေ၏။

မျက်နှာစိမ်းလူကြီးသည် သူ၏အိတ်ကြီးတစ်လုံးအတွင်းမှ ပေါင်မုန့်တို့ကို ထုတ်ယူပြီး ကန်ရေပြင်ပေါ်ပစ်ချကာ ငါးစာကျွေးလိုက်ရာ ငါးကြီးများမှာ သူ့ထက်ငါလုယက်ပြီး ပေါင်မုန့်အပိုင်းအစကို ပါးစပ်ကြီးများ ဖြဲဟလျက် ထိုးဟတ်စားသောက်လျက်ရှိရာ ရေပြင်မှာ တဝုန်းဝုန်းဖြင့် ပွက်လောရိုက်သွားလေတော့၏။

မျက်နှာစိမ်းလူကြီးသည် ငါးသလိန်ငါးကြီးများ သူကျွေးသော ပေါင်မုန့်ကို လုယက်စားသောက်နေကြသည်အား သဘောကျစွာ အတန်ကြာအောင် ကြည့်နေပြီးမှ...



သူကိုယ်တိုင်လည်း အသင့်ပါလာသည့် ငါးသေတ္တာနှင့် အသားဗူးဖေါက်လျက် ပေါင်မုန့်နှင့်တို့ကာ အားပါးတရ စားသောက်လျက်ရှိလေ၏။

ထိုအခါ ယမနေပင်ကြီး၏နောက်ကွယ်မှ နီမောင်နှင့် ရွှေကွမ်းတို့လည်း သူတို့၌ပါလာသော ဝါးကျည်တောက်များအတွင်းမှ ကောက်ညှင်းကို ဆတ်သားခြောက်ကြော်ဖြင့် လွေးရလေ၏။

မျက်နှာစိမ်းလူကြီးသည် ပေါင်မုန့်ကို တဝစားပြီးနောက် ပါလာသော ရေဗူး၏အဆို့ကို ဖွင့်ကာမော့သောက်လိုက်ရာ...

နီမောင်တို့လည်း ကောက်ညှင်းကျည်တောက်ကို တဝစားပြီးနောက် ပါလာသည့် ဗူးသီးခြောက်ရေဗူးထဲမှ ရေကို မော့သောက်လိုက်ကြလေ၏။

မျက်နှာစိမ်းလူကြီးသည် ညစာစားသောက်ပြီးနောက် သူ၏အိတ်ကြီးထဲမှ ဒန်းဟေးလ်ဆေးတံကိုထုတ်ကာ ဆေးဗူးကိုပါဖွင့်လျက် ဆေးတစ်ဆုံထည့်သိပ်ပြီး မီးခြစ်ခြစ်ကာ မီးညှိလိုက်လေ၏။

ထို့နောက်သူသည် အနီးရှိ ကဗ္ဗလာပင်ကြီးကို ကျောမှီကာ ဆေးတံကို စိတ်အေးလက်အေးဖွာနေလေ၏။

သို့ဖြင့် နေ့အလင်း လုံးဝကွယ်ပျောက်လျက် ညဥ့်အမှောင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည့်အခါ လူကြီးသည် ဆေးတံသောက်ခြင်းကို ရပ်တန့်လိုက်ပြီး အနီးအနားရှိ ထင်းခြောက်တို့ကို ကောက်ယူကာ မီးမွှေးလျက် မီးဖိုလိုက်လေ၏။

ထို့နောက်မှာတော့ ထိုလူကြီးသည် သူ၏နှစ်လုံးပြူးသေနတ်ကို ရင်ဝယ်ပိုက်ကာ မြက်ခင်းပြင်ပေါ် ပက်လက်လှန်လျက် သူ၏အိတ်ကြီးတစ်လုံးကို ခေါင်းအုံးကာ အသာမှိန်းနေရာမှ တောနက်ကြီးအတွင်းမှ တစ်ခါတစ်ရံ ပေါ်ထွက်လာပြီဖြစ်သော မျောက်မောင်းမအော်သံ၊ ညဉ့်ငှက်အော်သံ၊ မြွေတွန်သံ၊ ချေတောက်သံ၊ သစ်တောက်ငှက်ခေါက်သံတို့ကို နာခံရင်း ခဏအကြာဝယ် အိပ်ပျော်သွားလေတော့၏။

နီမောင်နှင့် ရွှေကွမ်းတို့သည်လည်း ယမနေပင်၏ ခွဆုံပေါ်သို့တက်ပြီး ကွမ်းကိုယ်စီဝှေ့လျက်မှ ယမနေကိုင်းတို့ကိုမှီကာ အသာမှိန်းနေကြရလေတော့၏။



သို့ဖြင့် နံနက်မိုးသောက်အလင်းရောက်သည်ရှိသော် မျက်နှာစိမ်းလူကြီးသည် အိပ်စက်နေရာမှ နိုးထလာပြီး ကန်ရေဖြင့်ပင် မျက်နှာသစ်လိုက်ကာ ကိုယ်လက်သန့်စင်လိုက်လေ၏။

ထို့နောက်သူသည် သူ၏အိတ်ကြီးတစ်လုံးအတွင်းမှ ပေါင်မုန့်နှင့် အသားဗူးတို့ကို ထုတ်လိုက်ပြီး နံနက်အဆာပြေ စားသောက်လိုက်ကာ ကန်ထဲမှ ငါးကြီးများကိုပါ ကျွေးလိုက်ပြန်လေ၏။

ယင်းနောက် သူ၏အိတ်ကြီးနှစ်လုံးကို မြင်းကျောပေါ်သို့ တင်လိုက်ကာ မြင်းပေါ်ခုန်တက်လျက် တောင်ခြေရှိ သူညက လှည့်လာ ... လှည့်လာပြီး ဝင်မအိပ်စက်ခဲ့သော ကျောက်ဂူကြီးနှင့် ငါးလိန်ငါးကြီးများရှိရာ ရေကန်ကြီးကို တစ်ချက်ငဲ့ကြည့်လိုက်ပြီးမှ မြင်း၏

www.burmeseclassic.com

www.burmeseclassic.com



တင်ပါးကို ဖနောင့်ဖြင့်တို့ကာ မြောက်စူးစူးအရပ်ရှိ မင်းပုန်းတောင်ကြီးရှိရာသို့ ခရီးဆက်လက် နှင်သွားလေတော့၏။

ရွှေကွမ်းနှင့် နီမောင်တို့လည်း ထိုအခါမှ ယမနေပင်ပေါ်မှ ကပျာကသီဆင်းကြကာ တစ်ညလုံး အောင့်ထားရသော အပေါ့အလေး ဝဋ္ဋဒုက္ခတို့ကို မြယာခြုံတောထဲ တိုးလျက်ဖြေရှင်းလိုက်ကြပြီး ကန်ရေနှင့် မျက်နှာသစ်ကိုယ်လက်သန့်စင်ခြင်းအမှုကို တက်သုတ်ရိုက်လုပ်ကြရလေ၏။

ထို့နောက်သူတို့သည် မျက်နှာစိမ်းလူကြီး ဦးတည်သွားရာ မင်းပုန်းတောကြီးရှိရာသို့ ခြေသံလုံလုံဖြင့် ခရီးဆက်ခဲ့ပါလေတော့၏။

မျက်နှာစိမ်းလူကြီးသည် လျှိုမြောင်၊ ချောက်ကမ်းပါးတို့ကို ခဲရာခဲဆစ် ကျော်ဖြတ်ခဲ့ပြီးနောက် နေမွန်းတည့်ချိန်လောက်ဝယ် လွှန်စွာမြင့်မားလှသော မင်းပုန်းကျောက်တောင်ကြီး၏အခြေသို့ ဆိုက်ရောက်လာတော့၏။

သူသည် တောင်ခြေရှိ ဝက်ပါဂူအဝကို အတန်ကြာ စူးစူးရဲရဲကြည့်ကာ လေ့လာနေရာမှ မြင်းပေါ်မှဆင်းလိုက်ပြီး မြင်းဇက်ကြိုးကို ဂူအဝရှေ့တည့်တည့်ရှိ တောင်သလဲပင်၏ ပင်စည်ဝယ် သေချာစွာ ချည်လိုက်လေ၏။



ထို့နောက် သူသည် မြင်း၏ကျောပေါ်မှ အိတ်ကြီးနှစ်လုံးကို မြေပြင်ပေါ်သို့ အသာချလိုက်လျက် အိတ်ကြီးတစ်လုံးအတွင်းမှ စတွန်းကင်းမီးအိမ်ကို ထုတ်ယူလိုက်လေ၏။ ထို့နောက် ယင်းအိတ်ကြီးအတွင်းမှပင် အလုံပိတ်ထားသော ပလပ်စတစ်ဆီဗူးကို ထုတ်ယူလိုက်ကာ မီးအိမ်ထဲ ဆီဖြည့်လိုက်ပြီးနောက် မီးခြစ်ခြစ်ကာ မီးအိမ်၏ မီးစာကို မီးညှိလိုက်လေ၏။

ထို့နောက် ထိုအိတ်ကြီးထဲ ဆီဗူးကိုပြန်ထည့်ကာ အိတ်၏ အဝကို စုစည်းလိုက်ပြီး လေထီးကြိုးတစ်ချောင်းနှင့် ချည်လိုက်လေ၏။ ယင်းနောက် ယင်းကြိုးနှင့်ပင် အခြားအိတ်ကြီး၏ ထိပ်ပိုင်းကိုပါ ချည်လိုက်ပြီးနောက် အိတ်နှစ်လုံးကို သူ၏ဘယ်ဘက် ပုခုံးပေါ်သို့ ခွတင်လိုက်ရာ အတော်အတန် လေးဟန်ရှိသော အိတ်ကြီးနှစ်လုံးမှာ သူ၏ကျောနောက်တွင် တစ်လုံး၊ သူ၏ရင်ဘတ်ရှေ့တွင်တစ်လုံး တွဲလောင်းကျလျက်ရှိတော့၏။

ယင်းနောက်ထိုလူကြီးသည် သူ၏နှစ်လုံးပြူး ပြောင်းရှည်သေနတ်ကို ခါးချိုးကာ စစ်ဆေးလိုက်ပြီး ညာလက်၌ အသင့်ကိုင်စွဲလိုက်လျက် ဘယ်လက်ဖြင့် စတွန်းကင်းမီးအိမ်ကိုဆွဲယူကာ ဝက်ပါဂူအဝဆီသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားရာ သူ၏လှုပ်ရှားမှု

www.burmeseclassic.com



များကို ရင်းပြားပင်များနောက်ကွယ်မှ ချောင်းမြောင်းကြည့်ရှုလျက်ရှိသော နီမောင်နှင့် ရွှေကွမ်းတို့နှစ်ဦးသားမှာ အသက်ရှုရန်ပင် မေ့လျက်ရှိကြလေ၏။

မျက်နှာစိမ်းလူကြီးသည် ဂူအဝသို့ရောက်သောအခါ ခြေလှမ်းကို ရပ်တန့်လိုက်ပြီး ညာဖက်လက်မှ သေနတ်ကြီးကို ဂူအဝနံရံ၌ အသာထောင်လိုက်ကာ သူ၏လက်ကို ပင်နီတိုက်ပုံကြီး၏ အတွင်းအိတ်ထဲသို့ အသာထိုးသွင်းလိုက်လေ၏။

လက်ကို ပြန်ထုတ်လိုက်သောအခါ လက်ထဲဝယ် ပေရွက် တစ်ရွက်ပါလာလေ၏။ သူသည် ပေရွက်ကို သေသေချာချာ အတန် ကြာင့်ကြည့်နေပြီးနောက် ပေရွက်ကို အင်္ကျီအတွင်းအိတ်ထဲသို့ ပြန်ထည့်လိုက်ကာ နှစ်လုံးပြူးသေနတ်ကို ကောက်ကိုင်လိုက်လျက် ဂူကြီးထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် ဝင်ရောက်ပျောက်ကွယ်သွားပါ တော့၏။

''ဟာ...တကယ်ဝင်သွားပြီကွ''

နီမောင်နှင့် ရွှေကွမ်းတို့မှာ အံ့အားသင့်သောမျက်နှာများ ဖြင့် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြပြီး ဂူအဝဆီသို့ ပြန်ကြည့်လိုက် ကြပြန်ကာ ဂူအတွင်းမှ အသံဗလံတို့ကို နားစွင့်နေလိုက်ကြလေ၏။



သို့သော် ဂူအဝဝယ် မည်သည့်အရိပ်အယောင်မျှ မမြင်ရ သလို ဂူအတွင်းမှလည်း မည်သည့်အသံမျှ မကြားရယုံမက မျက်နှာ စိမ်းလူကြီး စွဲကိုင်ထားသော စတွန်းကင်းမီးအိမ်မှ မီးအလင်းပျပျ ပင် ဂူဝနံရံများကို ရောင်ပြန်ရိုက်ခတ် မကျန်ရစ်ခဲ့ပါတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



## ညကြီးသန်းခေါင်လာခေါ်သူ

နီမောင်နှင့် ရွှေကွမ်းတို့သည် ဗိုက်ဆာလာပြီဖြစ်သဖြင့် သူတို့၏ စားနပ်ရိက္ခာဖြစ်သော ကောက်ညှင်းကျည်တောက်ကို ခွာစားကာ ဗူးသီးခြောက်ရေဗူးထဲမှ ရေကိုမော့သောက်လိုက်ကြပြီးနောက် ကွမ်းတစ်ယာစီဝါးရင်း ကြိမ်ခါးပင်တို့ အကွယ်နောက်မှ ပျဉ်းမပင်ကို မှီကာ သူတို့နှင့် ဝါးနှစ်ရိုက်သာသာအကွာရှိ ဝက်ပါဂူကြီး၏ ဂူဝကို အကဲခပ်စောင့်ကြည့်လျက် ရှိလေ၏။

သူတို့စောင့်ကြည့်နေခဲ့သည်မှာ ညနေရီနေခြည်ကွယ်လုချိန် ရောက်သည့်တိုင် ဝက်ပါဂူအဝမှ ပြန်ထွက်လာမည့် လူရိပ်လူယောင် ပင် မမြင်ရချေ။

ဂူရှေ့ရှိ တောင်သလဲပင်၌ လှန်ထားခြင်းခံရသော ဖေါင်းဝပ်



ရောင်မြင်းကြီးမှာ ခြေလှုပ်လှုပ်၊ လည်ဆံမွှေးတခါခါဖြင့် တောင်သလဲ ပင် ခြေရင်းရှိ မြက်ပင်နုနုတို့ကို စားလိုက် အနီးရှိသစ်ရွက်တို့ကို ဆွဲစားလိုက်ဖြင့် အမြီးကို တရမ်းရမ်းလှုပ်ရင်း သူ၏သခင်ကို စောင့် စားလျက်ရှိချေ၏။

နီမောင်က ကွမ်းယာအသစ်တယာကို ပါးစောင်အတွင်း သွင်းလိုက်ပြီးနောက်. . .

"ရွှေကွမ်းရေ မင်းလူကြီးတော့ ဝက်ပါထဲမှာ ချာလပတ် လည်နေပြီ ထင်တယ်ကွ"

ဟုပြောလိုက်ရာ ရွှေကွမ်းက ပုခုံးတွန့်ပြလိုက်ပြီး. . .

"ဒီလိုပဲဖြစ်ရမယ်လေ မင်းကြည့်နေ အဲဒီလူကြီး ဘယ်တော့ မှ ဂူထဲက ပြန်မထွက်လာစေရဘူး"

ဟုမဲ့ကာရွဲ့ကာ ပြောလိုက်လေ၏။

"ဘာပဲဖြစ်ဖြစ် ရွှေကွမ်းရေ ငါတို့ကတော့ အဲဒီလူကြီးကို နှစ်ရက်သုံးရက် လောက်တော့ စောင့်ကြည့်ရမှာပဲကွ"

"အေးပါ. . . စောင့်ရမှာပေါ့ ဒါပေမယ့် ငါတို့ သုံးလေးရက် လောက်စောင့်ကြည့်လို့မှ အဲဒီလူကြီးဂူထဲက ပြန်ထွက်မလာတော့ဘူး ဆိုရင်တော့ သူ့ဘဝဆုံးပြီလို့ သတ်မှတ်ပြီး သူ့ရဲ့မြင်းကြီးကို ငါတို့ယူ

www.burmeseclassic.com

www.burmeseclassic.com



သွားရမယ်ကွ''

''ပြီးတော့ ရွှေကျင်၊ မဒေါက်ဘက်မှာဖြစ်ဖြစ်၊ ဖာပွန်ဘက်မှာဖြစ်ဖြစ် သွားရောင်းစားပစ်ရမယ်။ ဟီး . . . ဟီး အချောင်ပွချေသေးရဲ့''

ဟုပြောကာ ရွှေကွမ်းမှာ တဟီးဟီးရယ်ရင်း ဖေါင်းဝတ်ရောင်မြင်းကြီးကို သဘောကျစွာ ငေးကြည့်နေတော့၏။

သို့ဖြင့် တစ်မိုးချုပ်ခဲ့ပြန်ရာ ရွှေကွမ်းနှင့် နီမောင်တို့မှာ ညဥ့်ဖက်၌ အစာရှာထွက်လေ့ရှိသော တောကောင်တို့၏ ရန်မှလွတ်စေရန် ပျဉ်းမပင်ကြီးပေါ်သို့ တက်ကြပြီး ကိုင်းခွဆုံကောင်းကောင်းတစ်နေရာကိုရွေးချယ်ကာ ယနေ့ညအဖို့ အိပ်စက်ရန် ပြင်ဆင်ကြလေတော့၏။

သူတို့သည် ဂူထဲမှ မျက်နှာစိမ်းလူကြီး အချိန်မရွေး ပြန်ထွက်လာနိုင်သောကြောင့် ဂူရှေ့ဝယ်မီးဖိုကာ မစောင့်အိပ်ရဲသဖြင့် ယင်းသို့ အပင်ပေါ်တက်အိပ်စက်ရခြင်း ဖြစ်လေ၏။

သူတို့သည် ခရီးပမ်းလာသဖြင့် လွန်စွာအိပ်မောကျသွားသည့်အခါ သတိလက်လွတ်ဖြစ်ပြီး အပင်ပေါ်မှ ပြုတ်မကျစေရန် သူတို့၏ လက်တစ်ဖက်ကို အသင့်ပါလာသော လျှော်ကြိုးဖြင့် သစ်ကိုင်းတစ်ခုဝယ် ခိုင်ခိုင်ချည်ကာ သတိနှင့်အိပ်စက်ကြလေတော့၏။



ယင်းသို့ဖြင့် ညဥ့်သည် ပို၍ပို၍ နက်ရှိုင်းလာရာ တကယ့်တောကြီးမျက်မည်းနေရာဖြစ်သဖြင့် ညဥ့်ငှက်အော်သံ၊ ချေတောက်သံ၊ မျောက်မောင်းမအော်သံတို့ကို တောနက်ကြီး၏နေရာအနှံ့မှ ကြားနေရသည့်အပြင် ကျားဟိန်းသံကိုလည်း ခပ်သဲ့သဲ့ ကြားရရာ ကျောချမ်းစရာ ဖြစ်လျက်ရှိလေ၏။

ညဥ့်သည် နက်သည်ထက်နက်ရှိုင်း အေးစိမ့်လာရာ ရွှေကွမ်းနှင့် နီမောင်တို့မှာ စောင်ကြမ်းကိုယ်စီဖြင့် ကွေးနေကြသော်လည်း အအေးဒဏ်က ပြင်းထန်လှသဖြင့်လည်းကောင်း မှက်၊ ခြင်တို့က တရစပ်ကိုက်ခဲနေသဖြင့်လည်းကောင်း၊ အိပ်ကောင်းခြင်း မအိပ်ရဖြစ်မနေရော . . . ညဥ့်နာရီပြန်နှစ်ချက်ခန့် အရောက်ဝယ် မှေးခနဲ အိပ်မောကျသွားကြလေတော့၏။

ရွှေကွမ်းမှာ မည်မျှအိပ်မောကျသွားသည်မသိ။ မြင်းဟီသံ စူးစူးဝါးဝါး ကြားလိုက်မှ ဖျတ်ခနဲလန့်နိုးလာရာ သူတို့တက်ရောက်လျက်ရှိသော ပျဉ်းမပင်နှင့် ဝါးတစ်ရိုက်အကွာရှိ တောင်သလဲပင်ဝယ် ကြိုးချည်လှန်ထားခြင်းခံရသော ဖေါင်းဝတ်ရောင်မြင်းကြီးမှာ ခွာတရုပ်ရုပ် ကိုယ်တလှုပ်လှုပ်ဖြင့် ဂဏှာမငြိမ်ဖြစ်ကာ ဟီးဟီတည်းဟီလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိကြောင်း သတိပြုမိလေ၏။

''ဒီမြင်းအလန့်တကြားနဲ့ ဘာဖြစ်တာလဲ... တောကောင် တစ်ကောင်ကောင်များ ရောက်လာလို့လား''

ဟုတွေးပူကာ ဝက်ပါဂူအဝနှင့် အနီးဝန်းကျင်သို့ လရောင် ဖြင့် စူးစမ်းလေ့လာကြည့်ရှုလိုက်ရာ...

တောင်ခြေဝန်းကျင်ဝယ် သစ်ရွက်ပျပင် မလှုပ်ဘဲ လေငြိမ် ကာ တိတ်ဆိတ်နေသည်ကို သတိထားမိပြီး ပရစ်အော်သံ၊ ချေ တောက်သံ၊ သစ်တောက်ငှက်ခေါက်သံမှအပ မည်သည့်တောတွင်း တိရစ္ဆာန်တို့၏ အော်သံမျှမကြားရဘဲ ဝန်းကျင်သည် ထူးထူးခြားခြား ကြီး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်ကို သတိပြုမိလေ၏။

ထိုသို့သော ထူးထူးခြားခြား ငြိမ်သက်နေသည်ကို သတိ ထားမိပြီး စိတ်ဝယ်မသိုးမသန့်ဖြစ်နေစဉ် ထူးဆန်းသော မြင်ကွင်း တစ်ခုကို မြင်လိုက်ရသဖြင့် ရွှေကွမ်းမှာ လွန်စွာအံ့ဩသွားရလေ တော့၏။

ယင်းမြင်ကွင်းသည်ကား ဝက်ပါဂူအဝမှ မျက်နှာစိမ်းလူကြီး သည် မီးတုတ်ကို မြှောက်ကိုင်ရင်း တစ်လှမ်းချင်း ထွက်လာနိုင်သည် ကို လွန်စွာအံ့အားသင့်လျက် ကြက်သေသေသကာ ငေးကြောင် ကြည့်



နေရာမှ အိပ်မောကျနေသော နီမောင့်ကိုနှိုးပြီးပြရန် သတိဝင်လာရာ နီမောင်၏ ကိုယ်အားခြေထောက်တစ်ဖက်ဖြင့် အသာကန်ကာ...

''နီမောင်...နီမောင် ထ...ထစမ်း''

ဟုခပ်တိုးတိုး ကြိတ်နှိုးနေတော့၏။

ရွာမှမုဆိုးကြီး ဖထီးစောကလူနှင့် အမဲပစ်မကြာခဏ လိုက် ဖူးသဖြင့် မုဆိုးတစ်ပိုင်းဖြစ်နေသော နီမောင်မှာ နှစ်ခါပင် မနှိုးရဘဲ မျက်ခနဲနိုးလာတော့၏။

''ဟော့ကောင် နီမောင်။ ဟို...ဟိုမှာ ကြည့်စမ်း။ ဝက်ပါ ဂူကြီးထဲက ဟို...ဟိုလူကြီးပြန်ထွက်လာပြီကွ...တွေ့လား''

ဟုလေသံခပ်အုပ်အုပ်ဖြင့် ရွှေကွမ်းက ပြောလိုက်ရာ နီမောင် မှာ သူ၏အိပ်မှုံစုံမွှားမျက်လုံးကိုပွတ်ပြီး ဝက်ပါဂူအဝဆီသို့ လှမ်း ကြည့်လျက် ငေးငေးငူငူကြီး ဖြစ်လျက်ရှိလေ၏။

ထိုစဉ် မျက်နှာစိမ်းလူကြီးသည် ထိန်ထိန်ငြီးတောက်လောင် လျက်ရှိသော မီးတုတ်ကြီးကို ကိုင်မြှောက်လျက် မီးရောင်တထိန်ထိန် နှင့်အတူ သူတို့ရှိရာ ပျဉ်းမပင်ကြီးဆီ ဦးတည်လျှောက်လာနေသည် ကို မမျှော်လင့်ဘဲ တွေ့ရလေတော့၏။

မျက်နှာစိမ်းလူကြီးသည် မီးတုတ်ကိုမြှောက်ကိုင်လျက်

www.burmeseclassic.com

www.burmeseclassic.com



ပျဉ်းမပင်ကြီးရှိရာသို့ ဦးတည်လာစဉ် တောင်သလဲပင်အနီးမှ ဖြတ်လာရရာ သူ၏ဖေါင်းဝတ်ရောင်မြင်းကြီးမှာ ဂဏှာမငြိမ်ဖြစ်လျက် ချည်နှောင်ထားသော ကြိုးကို အတင်းဆောင့်ရုန်းကာ ဝရုန်းသုန်းကားဖြစ်နေလေတော့၏။

ထိုစဉ် မျက်နှာစိမ်းလူကြီးမှာ ပျဉ်းမပင်ကြီး၏ အောက်တည့်တည့်သို့ ရောက်ရှိလာပြီး အပင်ပေါ်သို့ မော့ကြည့်ကာ. . .

''ဟေ့ ရွာသားနှစ်ယောက် ကျုပ်ကိုအထင်သေးပြီး စောင့်ကြည့်နေတယ်ပေါ့ ဟုတ်လား။ ကျုပ်ဝင်္ကပါဂူကြီးထဲက ဘာမှမဖြစ်ဘဲ ပြန်ထွက်လာပြီဗျ''

''မင်းတို့လည်း ဂူကြီးထဲလေ့လာချင်ရင် အခုလိုက်ခဲ့ သစ်ပင်ပေါ်ကဆင်းခဲ့ပါ''

''ဝင်္ကပါဂူကြီးထဲမှာ ကျောက်သံပတ္တမြားတွေ အများကြီးတွေ့ခဲ့တယ်။ ကျုပ်နဲ့အတူလာယူလှည့် ... လာ. . .လာ. . .ဆင်းခဲ့''

ဟုမီးတုတ်ကို မြှောက်ကာ မြှောက်ကာ အသံဝါဝါကြီးဖြင့် အော်ခေါ်နေရာ ရွှေကွမ်းမှာ များစွာသဘောကျသွားပြီး. . .

''ဟာ နီမောင်ရေ ဂူထဲမှာရွှေငွေကျောက်သံပတ္တမြားတွေ ရှိတယ်တဲ့။ ငါတို့တော့ပွပြီ။ လာ. . .အောက်ဆင်းပြီး ဒီဦးကြီးနဲ့



အတူ ဂူထဲလိုက်ဝင်ကြည့်ရအောင်''

ဟုအားရဝမ်းသာပြောကာ ဘယ်လက်မှကြိုးကို ဖြုတ်ပြီး သစ်ပင်ထက်မှ ဆင်းမည်ပြုစဉ် နီမောင်က ရွှေကွမ်း၏လက်ကို ဖမ်းဆွဲလိုက်ပြီး. . .

''ဟေ့ကောင် ရွှေကွမ်း မဆင်းနဲ့ မင်းသေသွားလိမ့်မယ်။ သူ့ဘာသာ ဘာပြောပြော မဆင်းနဲ့''

ဟု ကပျာကသီ ကြိတ်ကာပြောလိုက်ပြီးနောက် သူ၏အကျႌအိပ်ကပ်ထဲမှ နတ်သမီးမီးခြစ်ကို ထုတ်ယူလိုက်ကာ မီးခြစ်ဆံ တစ်ဆံကို ရှဲခနဲခြစ်လိုက်ပြီး အကျႌအိတ်ကပ်ထဲမှပင် ဆေးပေါ်လိပ်တိုကို နှိုက်ထုတ်လိုက်လျက် ဆေးလိပ်မီးညှိလိုက်လေ၏။

နီမောင်က ဟန့်တားထားသဖြင့် နားမလည်နိုင်အောင်ဖြစ်ကာ ရွှေကွမ်းမှာ သစ်ပင်အောက်ပဲ ဆင်းရမလို သည်အတိုင်းအပင်ထက်မှာ နှုတ်ပိတ်ကာသာ နေရမလိုဖြစ်နေစဉ် မျက်နှာစိမ်းလူကြီးမှာလည်း သစ်ပင်အောက်မှ တွင်တွင်ခေါ်လျက်ရှိချေ၏။

''ဟေ့ . . . နီမောင်နဲ့ရွှေကွမ်း ဆင်းခဲ့ပါကွ. . .ငါ့ဒါ ဂူကြီးထဲ ဘယ်လိုဝင်ရထွက်ရမလဲဆိုတာ ငါကနေခဲကေ ကောင်းကောင်းသိနေပြီကွ။ ဘာမှမပူနဲ့ မင်းတို့လမ်းမပျောက်စေရဘူး။ ငါနဲ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့၊ ဂူထဲက ကျောက်သံပတ္တမြားတွေကိုလည်း မင်းတို့ကို ဝေမှ ခွဲပေးပါ့မယ်ကွ. . .လာပါ. . .ဆင်းခဲ့ကြပါ. . .ဆင်းခဲ့လေ''

ဟုစေတနာအပြည့် အသံဖြင့် ခေါ်လျက်ရှိရာ ရွှေကွမ်းမှာ အောက်သို့ဆင်းရန် ပြင်ပြန်၏။

နီမောင်ကလည်း ဆေးလိပ်ဖွာလျက်မှ ရွှေကွမ်း၏ လက်ကို ဖမ်းဆွဲကာ. . .

''ဟော့ကောင်. . .မင်းဘာနားလည်လို့လဲ သစ်ပင်အောက် လုံးဝမဆင်းနဲ့ သေသွားလိမ့်မယ်။ နှုတ်ကိုလည်း ပိတ်ထားဘာမှ ပြန်မပြောနဲ့ သူ့ဘာသာ ဘာပြောပြော''

ဟု ခပ်တိုးတိုး ကြိတ်တားပြန်ရာ ကြာတော့ အောက်မှ ခေါ်နေသူမှာ စိတ်မရှည်နိုင်အောင်ဖြစ်လာပြီး. . .

''ဟော့ကောင်တွေ စေတနာနဲ့ ခေါ်တာကို ဆင်းမလာကြ သေးဘူးလား။ အေး မင်းတို့ဆင်းမလာရင်တော့ ငါတက်ခေါ်ရသေး တာပေါ့''

ဟုဒေါသသံဖြင့်ပြောကာ မီးတုတ်ကို မြေဝယ်စိုက်ထောင် လိုက်ပြီးနောက် ပျဉ်းမပင်ကြီးကို စတင်ဖက်တက်တော့ရာ နီမောင် က တရဲရဲ အဆက်မပြတ် ဖွာထားသော ဆေးပေါ့လိပ်၏ခေါင်းကို



တဆတ်ဆတ်ခါပြီး ခွေချတော့ သည့်တွင်ဆေးလိပ်မီးပွားတို့မှာ မျက်နှာစိမ်းလူကြီး၏ ကိုယ်ပေါ်သို့ တဖွားဖွားကျကုန်တော့၏။

ထိုအခါ မျက်နှာစိမ်းလူကြီးမှာ သစ်ပင်ပေါ်တွယ်တက်နေရာ မှ ကပျာကသီ ပြန်ဆင်းပြီးလျှင် သစ်ပင်အောက်ဝယ် ခါးထောက် ရပ်ကာ အပင်ပေါ်သို့ ဒေါသတကြီး မော့ကြည့်လိုက်ပြီး. . .

''တောက်. . .တော်မဟော်ဆိုးတဲ့ကောင်တွေ နောက်ညမှ တွေ့မယ်''

ဟုကြိမ်းဝါးကာ မီးတုတ်ကို မြေမှဆွဲနှုတ်ယူလိုက်ပြီးနောက် တောနက်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။ ထိုအခါမှ နီမောင်မှာလည်း သက်ပြင်းချကာ ဆေးလိပ်မီးကို ပျဉ်းမပင်၏ ပင်စည်ဝယ် ထိုးချေငြိမ်းသတ်လိုက်လေ၏။

''နီ. . .နီမောင် ဟိုလူကြီးစိတ်ဆိုးပြီး ထွက်သွားပြီကွ''

ဟု ရွှေကွမ်းက အသံတုန်တုန်ဖြင့် ပြောလိုက်ရာ နီမောင်က သူ့ကိုစူးစူးဝါးဝါး ကြည့်လိုက်ပြီးနောက်. . .

''ကဲ. . .စကားများမနေနဲ့ ဟော့ကောင် မင်းစောင်မင်းပြန် ခြုံပြီး လက်ကိုကြိုးပြန်ချည် ပါးစပ်ကိုပိတ်အိပ်တော့''

ဟုခပ်ငေါက်ငေါက်ပြောကာ သူကိုယ်တိုင်လည်း သူ့စောင်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကို ပြန်ခြကာ ကွေးလိုက်လေ၏။

ရွှေကွမ်းမှာမူ စောင်ခြုံရင်း ပြန်ကွေးလိုက်ရသော်လည်း သူ၏စိတ်ထဲဝယ် နီမောင့်ကို မကျေမနပ်ဖြစ်လျက် ရုတ်တရက် အိပ်မပျော်နိုင်အောင်ရှိတော့သည်။

"တောက်...ဒီကောင် ဘာကြောင်တာလဲ မသိဘူး။ ဟိုက အကောင်းလာခေါ်တာကို လိုက်သွားတော့ ဘာဖြစ်မှာမို့လဲ အခွင့်အရေးဆိုတာ တစ်သက်မှာမှ တစ်ခါရတတ်တာတဲ့ ရွာကသူကြီးဦးလန်ဖ ပြောဖူးတယ်"

"ငါတို့သာ ဟိုလူကြီးခေါ်တဲ့အတိုင်း ဂူကြီးထဲလိုက်သွားရင် ရတနာရွှေငွေတွေရပြီး တစ်ဦးတည်းနဲ့ ချမ်းသာမှာ ခုတော့ တောက်"

ဟုစိတ်ထဲမှ မကျေမချမ်း ရေရွတ်ရင်း တနှံ့နှံ့ခံစားနေရလျက်မှ အတန်ကြာသည့်အခါ အိပ်မော်ပြန်ကျသွားပါတော့သတည်း။



နားထဲဝယ် တကျီကျီ တကျာကျာ အော်မြည်နေကြသော အိပ်မှုန်ထနိုးစ ကျေးငှက်ငယ်လေးတို့၏ အသံစာစာကို ကြားရမှ ရွှေကွမ်းဖျတ်ခနဲ လန့်နိုးလာတော့၏။

"အင်း...မိုးတောင်လင်းနေပါပေါ့လား"

သူသည် စပ်ဖျဉ်းဖျဉ်းဖြစ်နေသော မျက်ခွံတို့ကို လက်ခုံဖြင့် ပွတ်သပ်လိုက်ရင်းမှ နီမောင့်ကိုကြည့်လိုက်ရာ နီမောင်မှာ ဘယ်အချိန်ကတည်းက နိုးနေသည်မသိ။ ကွမ်းတစ်ယာကိုဝါးရင်း သူ့ကို ငုံ့စူးစူးကြည့်လျက်ရှိလေ၏။ သူက နီမောင့်ကို စိတ်ထဲဝယ်ခွင့်ဖြင့် ခပ်တည်တည် ပြန်ကြည့်လိုက်ပြီး...

"ဟော့ကောင် နီမောင် ညက ဟိုလူကြီးလာခေါ်တာကို

www.burmeseclassic.com

www.burmeseclassic.com



ငါလိုက်သွားမယ့်ဟာ မင်းကဘာဖြစ်လို့ တားရတာလဲ။ အဲဒီ ဝက်ပါ ဂူထဲက ဒရှေးဟောင်းရတနာတွေကို မင်းမယူချင်နေ ငါတော့ယူချင် တယ်ကွ။ ခုတော့ ငါ့မှာမင်းကြောင့် ချမ်းသာရမယ့် အခွင့်အရေ ဆုံးရှုံးသွားရပြီ''

ဟု မကျေမနပ် ပြောလိုက်ရာ နီမောင်က သူ့ကို ဂရုဏာ မျက်လုံးများဖြင့် စိုက်ကြည့်ရင်း ပြုံးလိုက်ကာ...

''ရွှေကွမ်း မင်းကလောဘတက်ပြီး ညကလာခေါ်တဲ့ နောက်လိုက်မလို့ ဟုတ်လား။ အဲဒီလို လိုက်သွားလို့ကတော့ မင်း လောက်ဆို မသာပေါ်နေပြီ''

ဟုပြောလိုက်ရာ ရွှေကွမ်းမှာ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားပြီ

''ဘာကွ ဘာဖြစ်လို့ ငါကမသာပေါ်ရမှာလဲ''

ဟု ဘုဆတ်ဆတ် ပြန်မေးလိုက်လေ၏။

''ဘာဖြစ်ရမှာလဲကွ ညကငါတို့ကို လာခေါ်တာ လူ မဟုတ်ဘဲ''

''ဘာ...လူ...လူမဟုတ်ဘူးဟုတ်လား။ လူမဟုတ်ရ ဘာလဲကွ''

''အဲဒါ နာနာဘာဝကွ မင်းသိရဲ့လား။ သူခေါ်ရာနော



မင်းလိုက်သွားရင် မင်းမသာပေါ်သွားမှာပေါ့''

''ဘာ...နာနာဘာဝဟုတ်လား''

''အေး...အဲဒါတောခြောက်တယ်လို့ ခေါ်တယ်။ ဒီလို နက်ရှိုင်းလှတဲ့ တောနက်ကြီးတွေထဲမှာ တောရဲ့လှည့်စားခြင်းတွေကို တုံ့မခမ်းကြုံရလေ့ရှိတယ်လို့ ဖထီးစောကလူက ပြောဖူးတယ်။ တော ခြောက်တာခံရရင် တောရဲ့လှည့်စားခြင်း ကြုံရရင် ဘယ်လိုတည်တည် ငြိမ်ငြိမ်နဲ့ ကျော်ဖြတ်ရသလဲဆိုတာကို ဖထီးစောကလူက ငါ့ကိုပြော ဖူးတယ်ကွ''

ဟုပ၁စ်လုံးချင်းပြောပြရာ ရွှေကွမ်းမှာ မျက်လုံးအပြူးသား ဖြစ်သွားရာမှ...

''ဟာ...ဟုတ်လား...ဒါ...ဒါဆို...ညကငါကံသီပေ လို့ပေါ့''

ဟုအသံတုန်တုန်ဖြင့် ပြောကာ ကျောချမ်းသွားလျက်မှ..

''ဒါထက်...ဟိုလူကြီးညကလာတော့ မင်းက တောခြောက် တာမှန်း ဘယ်လိုလုပ်သိတာလဲ''

ဟုမေးခွန်းထုတ်လိုက်ရာ နီမောင်က ပြုံးလိုက်ပြီး...

''ဒီလိုကွ ငါတို့ရဲ့ မျက်နှာစိမ်းလူကြီး ဂူထဲအဝင်မှာ ကိုင်စွဲ

www.burmeseclassic.com

www.burmeseclassic.com



သွားတာက ဖန်မီးအိမ်ကွ။ ညကဂူထဲကထွက်လာတော့ မီးတုတ်ကြီးကိုင်လို့၊ ပြီးတော့ ငါတို့ပုန်းခိုနေတဲ့ နေရာကို သူကအလိုလို သိနေတယ်လေ''

''အဲဒီထက် ပိုထူးခြားတာက မျက်နှာစိမ်းလူကြီးရဲ့ ဖေါင်းဝတ်ရောင်မြင်းကြီးဟာ သူ့သခင်အစစ်အမှန်သို့ရင် ဂူထဲက ထွက်အလာမှာ ဝမ်းပန်းတသာ ကြိုမှာကွ။ ခုတော့ သူ့အနားကပ်လာတာနဲ့ ထိတ်လန့်တကြားနဲ့ အတင်းရုန်းတော့တာပဲ မဟုတ်လား။ မြင်းက သူ့သခင်မဟုတ်မှန်းသိပြီး ရုန်းကြွပေါက်ကွဲတော့တာပဲ။ ဒါကို ကြည့်ရင် အဲဒီလူဟာ ဘာလဲဆိုတာ တွေးမိနိုင်တာပါပဲကွ''

ဟုသေချာ ရှင်းပြလိုက်ရာ ရွှေကွမ်းမှာ ပါးစပ်ကြီးဖြဲလျက်

''တော်ပါသေးရဲ့ . . . တော်ပါသေးရဲ့''

ဟု ရေရွတ်ရင်း နောင်တကြီးစွာရကာ ရင်တုန်ပန်းတုန် ဖြစ်လျက်ရှိပါတော့သတည်း။



ဝက်ပါဂူမှ ထွက်လာသူ

(၂)

နံနက်ဦးနေခြည်ကား အုပ်အုပ်ဆိုင်းဆိုင်းရှိနေသော တောနက်ကြီးအတွင်း သစ်ရွက်သစ်ခက်၊ သစ်ကိုင်းများ အကြိုအကြားမှ ထိုးဖေါက်ဖြာကျလာပြီဖြစ်ပါ၏။

ယင်းအချိန်မှာပင် ဝက်ပါဂူကြီး၏ဂူဝမှ မျက်နှာစိမ်းလူကြီးမှာ နှစ်လုံးပြူးသေနတ်ကြီးကို စွဲကိုင်၍ တစ်လှမ်းချင်းထွက်လာရာ သည့်တစ်ခါမှတော့ နီမောင်ပါ ရွှေကွမ်းနှင့်အတူ မျက်လုံးကြီးပြူး ကြက်သေသေလျက် ပျဉ်းမပင်ခွဆုံထက်မှ မယုံနိုင်စွာ ငေးငိုင်ကြည့် နေမိလေတော့၏။

''ဟစ် . . . ဟစ် . . . ဟစ်''

တောသလဲပင်၌ လှန်ထားခြင်းခံရသော ဖေါင်းဝတ်ရောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်းကြီးမှာ သူ၏သခင်အား တွေ့လိုက်ရာ ဝမ်းပန်းတသာ ဟစ်ကြွေးလျက် ပတပ်ပင်ရပ်လိုက်ချေသေး၏။ မြင်းကြီးမှာ လည့်ဆံမွေးတခါခါ၊ ခြေလက်တို့ကို တလှုပ်လှုပ် တမြှောက်မြှောက်ဖြင့် အမြီးရှည်ကြီးကိုရမ်းရင်း လွန်စွာတက်ကြွ ရွှင်လန်းသော အမူအရာကို ပြလျက်ရှိချေပြီ။

နီမောင်နှင့် ရွှေကွမ်းတို့မှာ အသံမျှမထွက်ရဲဘဲ သစ်ကိုင်းသစ်ရွက်များကြားမှ ချောင်းမြောင်းကြည့်နေစဉ်မှာပင် မျက်နှာစိမ်းလူကြီးသည် သူ့မြင်းကြီးကို ကျောသပ်လိုက်ကာ ပါးစပ်မှလည်း တကျွတ်ကျွတ်ဖြင့် စုတ်သပ်ချော့မြူလိုက်ပြီးနောက် မြင်းဇက်ကြိုးကို တောင်သလဲပင်ငယ် ချည်နှောင်ထားရာမှ ဖြည်လိုက်လေ၏။

ထို့နောက် မြင်းကြီး၏ ကျောပေါ်သို့ လွှားခနဲတက်လိုက်ပြီးလျှင် ဝက်ပါဂူကြီးအား သဘောကျဟန် မျက်နှာထားဖြင့် အတန်ကြာ ကြည့်နေပြီးနောက် မြင်းကြီးကို တောတွင်းလမ်းအတိုင်း အသားကျစီးကာ ထွက်ခွာသွားပါတော့၏။

"ကဲ...နီမောင်ရေ ဒီတစ်ခါတော့ ဟိုနေ့ညကလို တောခြောက်တာ မဟုတ်ပါဘူးနော်။ မျက်နှာစိမ်းလူကြီးဟာ ဝက်ပါဂူကြီးထဲကနေ တကယ့်ကို အောင်မြင်စွာ ပြန်ထွက်လာနိုင်တာပဲကွ"



ဟု ရွှေကွမ်းက ပြောလိုက်ရာ နီမောင်မှာ ခေါင်းကိုညိတ်ရင်း...

"အေးကွ...အဲဒီလူကြီးဟာ အတော်ထူးခြားတဲ့ လူကြီးပဲ။ မင်းသတိထားမိလား။ အဲဒီလူကြီး ဂူထဲဝင်သွားတုန်းက အိတ်ကြီးနှစ်လုံးပါသွားပြီး အခုပြန်ထွက်လာတော့ အိတ်နှစ်လုံးရော သူ့ရဲ့ဖန်မီးအိမ်ပါ မပါလာတော့ဘူးကွ"

"ပြီးတော့ သူဟာ ဂူကြီးထဲဝင်ခါနီးတုန်းက ပေရွက်တစ်ရွက်ကို ထုတ်ကြည့်ခဲ့တယ်။ အဲဒီပေရွက်ဟာ ဝက်ပါဂူကြီးထဲက လျှို့ဝှက်ကွေ့ကြီး (၉)ကွေ့ကို ရေးမှတ်ထားတဲ့ ပေရွက်ပဲဖြစ်ရမယ်ကွ။ ဒါကြောင့် အဲဒီလူကြီး ဒီဝက်ပါဂူထဲ ဝင်နိုင်ထွက်နိုင်ခဲ့တာပဲဖြစ်မယ်"

"မနူဟာမင်းရဲ့ သမီးတော် လက်ထက်က သူ့ရဲ့ရံမွေတော်တွေ၊ စစ်သည်တွေ ဒီဂူကြီးထဲ ဝင်နိုင်ထွက်နိုင်ခဲ့တာဟာလည်း အဲဒီကွေ့ကြီး (၉)ကွေ့ရဲ့ လျှို့ဝှက်ချက်ကို သိလို့ဖြစ်မယ်ကွ"

ဟု နီမောင်က တွေးတွေးဆဆ ပြောလိုက်ပြီးနောက်...

"ကဲ...ရွှေကွမ်း ငါတို့ရဲ့ စပ်စုခြင်းအလုပ်လည်း ပြီးတော့ပြီမို့ ရွာကိုပဲပြန်ကြစို့ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ဟုလှောဆော်ကာ ပျဉ်းမပင်ကြီး၏အပေါ်မှ ဦးစွာဆင်းသွားလေတော့၏။ ရွှေကွမ်းလည်း နီမောင်၏နောက်မှ လိုက်ဆင်းပြီးနောက် မြေပြင်သို့အရောက်ဝယ် ဝက်ပါဂူကြီး၏ ဂူဝသို့မချင့်မရဲဖြင့် လှည့်ကြည့်လှည့်ကြည့်လုပ်ကာ...

"တောက်...အဲဒီလူကြီးရဲ့ လက်ထဲက ပေရွက်ကိုရရင် ငါတို့လည်း ဒီဝက်ပါဂူကြီးထဲ ဝင်နိုင်မှာပဲကွ"

"အဲဒီဂူကြီးထဲမှာ ဘာတွေရှိသလဲဆိုတာ ငါသိချင်လိုက်တာကွာ။ ပြီးတော့ အဲဒီလူကြီးဟာ အိတ်ကြီးနှစ်အိတ်ထဲမှာ ဘာတွေထည့်လာပြီး ဂူကြီးထဲမှာ ဘာကြောင့် ထားခဲ့သလဲဆိုတာ သိချင်လိုက်တာ"

ဟု စပ်စုခြင်းဇိဇ မပျောက်နိုင်သောလေသံဖြင့် ပွစိပွစိ ပြောလျက်ရှိရာ နီမောင်က စိတ်မရှည်ဟန်ဖြင့် ရွှေကွမ်း၏ လက်တစ်ဖက်ကို ဆောင့်ဆွဲခေါ်ပြီးလျှင်...

"လာစမ်းပါကွာ ဟောဒီဝက်ပါဂူကြီးထဲ မင်းတကယ်ဝင်ချင်ရင် အဲဒီဂူကြီးရဲ့ဆီက ပေရွက်ကို လိုက်သာလုပေရော့"

ဟုပြောလိုက်လေလျှင် စပ်သာစုဟတ်ပြီး လွန်စွာကြောက်တတ်သော ကြောက်သွေးအပြည့်ရှိသည့် ရွှေကွမ်းမှာ သူ၏ပုခုံးနှစ်ဖက်ကို တွန့်လိုက်ရင်း...



"အလိုလေး အဲဒီမျက်နှာထား တည်တည်နဲ့ လူကြီးရဲ့ လက်ထဲက ပေရွက်ကို လုမယ့်အစား ကျားအမြီးသာ ခြေကန်ဆွဲလိုက်ချင်တော့တယ်။ သူ့ရဲ့နှစ်လုံးပြူးသေနတ်ကြီးတော့ ကြောက်ပါရဲ့ကွာ"

ဟု မျက်လုံးအပြူးသားဖြင့် ပြောလိုက်ရာ နီမောင်မှာ လွန်စွာ သဘောကျသွားလျက် တဟားဟားရယ်လိုက်ပြီးလျှင် ဖိုးစပ်စု သူငယ်ချင်းနှစ်ယောက်မှာ သူတို့၏ ပျားဖွတ်ရန် ပစ္စည်းကိရိယာတို့ကို ယူဆောင်လျက် ရွာဖက်သို့ ဦးတည်ကာ တောလမ်းအတိုင်း လျှောက်လှမ်းသွားကြပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## မာယာရှင်မ

ဖော်ပြခဲ့ပြီးဖြစ်သော အဖြစ်အပျက်များ မဖြစ်ပေါ်မီ လွန်ခဲ့သော (၃)နှစ်ခန့်က ဖြစ်ခဲ့လေ၏။

တောင်မြို့ (ခေါ်) အမရပူရရှိ 'နန်းထိပ်တင်' ပိုးအချိတ်ထည်ရက်ကန်းရုံကြီး၏ အတွင်းရှိ လွန်းပျံရက်ကန်းစင် ငါးဆယ်ကျော်အနက်မှ တစ်ခုသော ရက်ကန်းစင်ဝယ် လွန်း(၇၀)ကျ ပိုးချိတ်လုံချည်တစ်ထည်ကို မိန်းမပျိုလေးနှစ်ဦးသည် ကြိုးစားရက်လုပ်လျက်ရှိလေ၏။

ထိုသို့ ရက်လုပ်လျက်ရှိသော မိန်းမပျိုလေး နှစ်ဦးအနက် တစ်ဦးမှာ အသားညိုစိမ့်စိမ့်ဖြင့် အရပ်ခပ်ပြတ်ပြတ်ရှိကာ ရုပ်ရည်မှာ ရွက်ကြမ်းရေကျိုဖြစ်ပြီး မျက်နှာဝယ် ရွှေဘိုသနပ်ခါးပါးကွက်ကြား



လိမ်းထားကာ ဆံပင်ကို ခပ်တန်တန်လေး ထုံးထားသည့် ပီဘိအညာသူ အပျိုမညိုပြုံညက်လေး ဖြစ်သော်လည်း အခြားလုံမတစ်ဦးမှာမူ အသားအရည် လွန်စွာလှပလျက် ဖြူဂင်းသော အသားဝယ် သွေးကြောစိမ်းစိမ်းလေးများ ဖြာယှက်နေသည်ကိုပင်မြင်ရပြီး ဆံပင်ကလည်း ပီတုန်းရောင်နက်နက်မဟုတ်ဘဲ အညိုဖျက်သန်းကာ ရွှေအိုရောင်ခပ်လုလုဟုဆိုရပေမည်။

သူမ၏ မျက်နှာကျမှာလည်း လွန်စွာလှပပြီး အပြာနုခံ မျက်ဝန်းဝယ် မျက်ဆံညိုညိုလေးများက ကြည်လဲ့စွာရှိနေလျက် မျက်တောင်ကော့ကြီးများဖြင့် မျက်ဝန်းအိမ်ကလည်း ကျယ်လေ၏။

မျက်ခုံးမွေးက ရေးရေးကွေးကွေးရှိကာ နှာတံမှာ ထင်ပေါ်လျက် ခပ်စင်းစင်းရှိသည့်တွင် နှုတ်ခမ်းပါးပါးလေး တစ်စုံကလည်း ဆေးမကူဘဲ ပန်းနုရောင်သွေးခပ်ထွေးထွေးရှိလေသည်မို့ သူမ၏အလှမှာ စာရေးဆရာကြီး ရွှေဥဒေါင်း တင်စားသကဲ့သို့ အလန်းတကြား အလှပိုင်ရှင်မလေးပင် ဖြစ်ချေ၏။

သူမ၏အရပ်မှာလည်း မြန်မာအမျိုးသမီးများတွင် ရှားရှားပါးပါး တွေ့ရသည့် မြင့်မြင့်မားမား အရပ်အမောင်းမျိုးဖြစ်ပြီး အရင်းနှင့်တုတ်ခိုင်ပြည့်ဝလျက် အဖျားသို့ သွယ်လျှောင်းကျသွားသော ရှည်

www.burmeseclassic.com

www.burmeseclassic.com



လျှားလှပသည့် ပေါင်တံတို့ရှိရာ မိုမောက်သောရင်နှစ်မွှာ၊ ကားစွင့်သော တင်သားအလှတို့နှင့် ပဏာတင့်လှသော သူမ၏ခန္ဓာအလှက မယ်ဘွဲ့အရေးကောင်းသော ရှေးစာဆိုတို့ပင် တင်စားရန် စကားလုံး အလင်္ကာရှာရခက်ပြီး လက်မှိုင်ချမှိုင်တွေ ငေးငိုင်သွားနိုင်လောက်ပေ၏။

သူမသည် ရုပ်အဆင်းရူပါအရ ဘုံကြီးပြတ်ကျသည့် မိုးနတ်သူဇာလေးလား၊ ဇောတိကာသူဌေးသို့ နတ်များဆောင်ယူအပ်နှဆက်သွင်းရသော မြောက်ယွန်းသူ 'တူလကာရီ'လေလား ထင်မှတ်မှားလောက်သော်လည်း ဘဝပေးကံခေ၍လားမသိ၊ သူဆင်းရဲမလေး ဘဝဖြင့် အနီရက်ကန်းရုံဝယ် ရက်ကန်းသမလေးအဖြစ် လုပ်ကိုင်အသက်မွေးနေရရှာလေ၏။

ထိုဖြူဝင်းလှသည့် လုံမပျိုလေးသည် သူမရက်လုပ်လျက်ရှိသည့် ပိုးအချိတ်ထည်၌ ချည်အကျော်အလွှား မပါစေရန် ဂရုစိုက်လျက် လွန်းငယ်လေးပေါင်း တစ်ရာကျော်ကို တစ်ခုစီကိုင်ကာ တစ်လွန်းနှင့်တစ်လွန်း အချိတ်အဆက်မိအောင် ရက်ခတ်နေရာမှ ချည်အပြတ်ဝယ် ရက်ကန်းခတ်ခြင်းကို ခေတ္တရပ်လိုက်ရာ သူမနှင့် တွဲဖက်အဖော် ညီမျှချောမလေးက ချည်ဆက်နေစဉ် နဖူး၌စို့လာသော



ချွေးသီးလေးတို့ကို ခါး၌ချိတ်ထားသည့် ပုဝါနုနုလေးအားဖြုတ်ကာ တို့သုတ်လိုက်လျက်မှ...

''မတင်ပုရေ ခင်တင့်တို့ ဒီပုဆိုးကိုရက်လာတာ နှစ်လကျော်ခဲ့ပြီနော်၊ တစ်နေ့တစ်နေ့ လက်ရော၊ ခြေရော၊ မျက်စေ့ရော မနားရတဲ့ ဒီရက်ကန်းစင်ထဲက ဘယ်တော့များမှ ဝဋ်ကျွတ်ပြီး လွတ်မြောက်မလဲ မသိပါဘူးဟယ်''

ဟုနှုတ်ခမ်းလှလှလေးကို မဲ့ကာ ခပ်တိုးတိုးညည်းလိုက်ရာ ချည်ဆက်နေရင်းမှ မတင်ပုကပြုံးလိုက်ပြီး...

''ခင်ခင်တင့်ရယ် ဒီရက်ကန်းသမဝဋ်က လွတ်ချင်ရင် အလွယ်လေးရယ်၊ ရက်ကန်းရုံပိုင်ရှင် သူဌေးကြီးကို ယူလိုက်ပေါ့ ခစ်...ခစ်...ခစ်''

ဟုရယ်သွမ်းသွေးလိုက်ရာ ခင်ခင်တင့်က လှပသော မျက်စောင်းလေးထိုးလိုက်ကာ...

''ကောင်မ ဒီကဖြင့် အကောင်းပြောတဲ့ဟာကို''

ဟုမချိုမချဉ် မျက်နှာပေးဖြင့် ပြောလိုက်ရာ၌ မတင်ပုက ရယ်ကျဲကျဲလေးလုပ်ရင်း...

''ပုကလည်း အကောင်းပြောတာပါဟယ်...ခင်ခင်တင့်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်နဲ့ဆို ရက်ကန်းရုံပိုင်ရှင်ကတော်တင် မကဘူး...တိုင်းမင်းကြီးကတော်တောင် ဖြစ်နိုင်သေး''

ဟုဆက်လက်နောက်ပြောင်နေရာ ခင်ခင်တင့်မှာ သူမ၏အလုအား ချီးမြှောက်နေမှုကို ဆက်လက်မှုမနေနိုင်တော့တဲ့ အမြှောက်ကြိုက်သူပီပီ တဟင်းဟင်းဖြင့် ရယ်လိုက်ရင်း...

''ဟင်းဟင်း...စိတ်ကူးယဉ်တိုင်းသာ ဖြစ်ရရင် မတင်ပုရယ် ခင်တင့်တို့က ဘုရင်ခံကတော်တောင် ဖြစ်ချင်သေး...မတတ်သာလို့သာ''

ဟု ရင်ထဲမှာရှိသည့် ဆန္ဒအတိုင်း ခပ်ဘွင်းဘွင်းပြောကာ တညှင်းညှင်းဖြင့် ရယ်သွမ်းသွေးလိုက်ရာမှ ခလုတ်ကြိုးကိုဆွဲကာ လွန်းကိုကိုင်ကာဖြင့် ရက်ကန်းကို ဆက်လက်ခတ်လျက်ရှိပါလေတော့၏။



သူမတို့နှစ်ဦး ရက်လုပ်လျက်ရှိသော လွန်း (၇၀)ကျ ပိုးချိတ်လုံချည်မှာ လုံချည်တစ်ထည်ရဖို့အရေး နှစ်ယောက်သား သုံးလကြာအောင် ရက်လုပ်ရမည်ဖြစ်လေ၏။

လွန်း (၅၀)ကျတစ်ထည်ရဖို့ တစ်လခွဲရက်ရကာ လွန်း (၁၀၀)ကျဆိုလျှင် လူနှစ်ယောက် သုံးလခွဲမျှကြာအောင် ရက်လုပ်ရလေ့ရှိလေ၏။

တကယ်တော့ 'နန်းထိပ်တင်' ပိုးအချိတ်ထည် ရက်ကန်းရုံဝယ် ပိုးအချိတ်ထည် သက်သက်များကိုသာ ရက်လုပ်ပြီး ရက်ကန်းရုံပိုင်ရှင် ဦးဂန္ဓမာမှာ ကုန်းဘောင်မင်းဆက်ခေတ်ကတည်းက ပိုးအချိတ်ထည် လုပ်ငန်းလုပ်ကိုင်လာခဲ့သော ပိုးကုန်သည်မျိုးရိုးမှ ဆင်း

www.burmeseclassic.com

www.burmeseclassic.com



သက်လာသူဖြစ်လေ၏။

ဦးဂန္ဓာမာ၏ အဘိုးဆိုလျှင် ရက်ကန်းဝန်အဖြစ် သီပေါဘုရင်လက်ထက်က တာဝန်ထမ်းဆောင်ခဲ့ရကာ ရွှေနန်းတော်မှ မှာကြားသမျှ ပိုးအချိတ်ထည်တို့ကို တာဝန်ယူရက်လုပ်တင်သွင်းရသူဟုဆို၏။

တကယ်တော့ လွန်းရာကျ ပိုးအချိတ်ထည်လုပ်ငန်းမှာ မြန်မာတို့၏ ခံညားထည်ဝါလှသော ဂုဏ်ယူစရာ အနုပညာတစ်ရပ်လည်း ဖြစ်လေ၏။

အချိတ်ထည်ရက်လုပ်သည့် အတတ်ပညာကို မြန်မာတို့ ပုဂံခေတ်ကတည်းက စတင်တတ်မြောက်ခဲ့သည်ဟုဆိုသည်။ ပုဂံ အပယ်ရတနာလိုဏ်ဂူဘုရားအတွင်းရှိ မဟာယာဉ်ဂိုဏ်း ပန်းချီဆေးရေးအုတ်ချပ်များတွင် တာရာဒေဝီနတ်သမီး၏ပုံဝယ် အချိတ်ထမီ ဝတ်ဆင်ထားသည်ကို တွေ့ရချေ၏။

မြန်မာတို့၏ ပိုးအချိတ်ထည် အဆင်ဒီဇိုင်းများကို လှပသော အမည်အမျိုးမျိုးပေးခဲ့ရာ အင်းဝစာဆိုရှင် ရှင်မဟာရဋ္ဌသာရ၏ ပုရေနိသင်ချိုရတုတွင် 'ခင်းနှီးကွယ်လျက်၊ ပြောက်မျိုးခြယ်၍ ဆင်စွယ်ဝန်းယှက်၊ မွေးမယ်ရက်သည်'ဟု ရေးဖွဲ့ထားသည်ကို တွေ့ရာ အင်းဝခေတ်ဝယ် 'ဆင်စွယ်ဝန်းယှက်' အဆင်ဒီဇိုင်းကို စတင် တီထွင်



ရက်လုပ်ခဲ့ကြောင်း သိရပေ၏။

ညောင်ရမ်းခေတ်တွင် ဝန်ကြီးပဒေသရာဇာက သူဇာပျို့၌ 'ရွှေချည်ချယ်ဘက်၊ လက်ချိတ်ရက်သည်' ဟုရေးဖွဲ့ထားရာ ယင်းခေတ်တွင်လည်း အချိတ်ပိုးထည်တို့ ခေတ်စားခဲ့ကြောင်း သိသာပေ၏။

လွန်းရာကျ အချိတ်ကည့်များကိုမူ အင်းဝခေတ်နှောင်းပိုင်း ဘုရင့်သားတော်၊ သမီးတော်များ၊ ရံရွေတော်များ၏ အချိတ်ပုဆိုး၊ အချိတ်ထမီ လွန်းရာကျများ ဝတ်ဆင်ထားပုံတို့ကို ပုဂံဥပါလိသိမ်အတွင်း ရေးခြယ်ထားသည့် နံရံဆေးရေးပန်းချီကားတို့၌ တွေ့ရရာ ယင်းခေတ်ကာလဝယ် စတင်ရက်လုပ်ဝတ်ဆင်သည်ဟု ဆိုနိုင်ပါ၏။

မြန်မာတို့အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ကောင်းလှသော ယင်းအချိတ်ထည်တို့ကို ပိုးချည်ဖြင့် ရက်လုပ်ရ၏။ ပိုးချည်သည် ပိုးကောင်ကလေးများ၏ ချောပြောင်နူးညံ့ဖြူဖွေးသည့် အမျှင်လေးများမှရရှိသောချည်ဖြစ်လေ၏။

တရုတ်ပုံပြင်တစ်ခု၏ အဆိုအရ ဘီစီ(၂၇၀၀)ခုနှစ်က မိဖုရား ဆီလန်ရှီသည် ဥယျာဉ်တော်အတွင်း လက်ဖက်ရည် သုံးဆောင်နေစဉ် ပိုးကလေးတစ်ကောင်၏ ပါးစပ်မှ ထောက်ပသောအမျှင်များ ထွက်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို အမှတ်မထင် တွေ့မြင်ရာမှ ယင်းပိုးကလေးကို မွေးမြူထားရာ ယင်းပိုးလေးမှထွက်လာသော အမျှင်များဖြင့် အထည်ရက်လုပ်ကြည့်ရာ ပိုးချည်ထည်ကို စတင်ရရှိလာသည်ဟုဆို၏။ ထို့ကြောင့်လည်း ပိုးချည်အစ တရုတ်ကဟု ဆိုရိုးရှိလေ၏။

ပိုးချည်ကို မရက်လုပ်မီ ပိုးချည်ချခြင်း၊ ရက်ဖေါက်ယောက်ခြင်း၊ ချားပုတ်ခြင်း၊ နှုတ်ကောက်ခြင်း၊ ပိုးချည်ပြုတ်ခြင်း၊ ပိုးချည်ခါခြင်း၊ ပိုးချည်လျှော်ခြင်း၊ ပိုးချည်လှန်းခြင်း၊ ပိုးချည်ဆေးဆိုးခြင်းစသည့် လုပ်ငန်းအဆင့်ဆင့်ကို ပြုလုပ်ရလေ၏။

ရှေးအခါက ပိုးချည်ကို ဆေးဆိုးရာတွင် မည်းမှောင်နက်ပြောင်သည့် အရောင်ရချင်လျှင် မဲပင်မှအရွက်များနှင့်သော် လည်းကောင်း၊ စွန်လက်သည်းသီးနှင့်သော်လည်းကောင်း ပြုတ်၍ဆိုးရလေ၏။

အနီရောင်ရချင်လျှင်မူ သိတင်းသီးနှင့်ပြုတ်၍ဆိုးရလေ၏။

အဝါရောင်ရချင်လျှင် နနွင်းနှင့်ပြုတ်၍ဆိုးရကာ စပ်ရောင်များရလိုလျှင် ဆေးများကိုခပ်ပြီး ပြုတ်ဆိုးရလေ၏။

ဆေးဆိုးပြီးသော ပိုးချည်မျှင်လေးများကို တုတ်လာအောင်ကျစ်ပေးရပြီး ယင်းပိုးချည်တို့ကို ချားဖြင့် ယောက်လုံး၊ တည်င်းလုံး



တို့ပြုင့် ရစ်သွင်းကာ အတိုင်ပိုးချည်ရအောင် ချားကြီးဖြင့် ချားပုတ်လျက် ရက်ကန်းရှယ်ရလေ၏။

ထို့နောက် ပိုးချည်ငါးပင်ခန့်ပူး၍ လွန်းကြီးနှင့် ဗလာအနံအကျဉ်းလက်တစ်ပါးစာရအောင် ရက်ခတ်၏။

ပိုးချည် တစ်ဘယ်ရှစ်ပင်ခန့် ပူးထားသော ယောက်လုံးမှ ရက်ဖေါက်ငယ်လေးများနှင့် ရက်ဖေါက်ယောက်၍ လွန်းငယ်လေးများတွင် တပ်ဆင်ရက်လုပ်ရန် အဆင့်ဆင့်ဆောင်ရွက်ရလေ၏။

ပိုးအချိတ်ထည်သည် ချည်အကျော်အလွှားမပါဘဲ ဗလာသားအတွင်း၌ လွန်းငယ်လေးပေါင်း တစ်ရာကျော်နှင့် ကွဲမိအောင် ချိတ်ယူရက်ခတ်ရသဖြင့် အချိန်ကြာ၊ လုပင်ပန်းကာ စရိတ်ကြီးလှပေ၏။

ယင်းကြောင့်လည်း လွန်း (၁၀၀)ပိုးချိတ်လုံချည်အထည်တို့မှာ တန်ဘိုးကြီးလှကာ လူကုံထံ ကြေးရက်တတ်တို့သာ ပွဲနေပွဲထိုင်ဝတ်ဆင်လေ့ရှိကြပေ၏။

ထင်ရှားသည့် ပိုးအချိတ်ထည် ဒီဇိုင်းအမည်များမှာ [illegible] ဖဲလှိုင်းသွန်း၊ နှစ်စင်းလိမ်၊ ဆောင်တော်ဦး၊ နှစ်စင်းခါးစည်း၊ [illegible]စင်းလိမ်၊ ငါးစင်းကြိုး၊ ငါးစင်းဂမုန်း၊ ခြောက်စင်းလိမ်၊ [illegible] ပန်းပွင့်များရွက်

www.burmeseclassic.com

www.burmeseclassic.com



ဆက်၊ ထိပ်ခေါင်တင်၊ တစ်ပါးထိပ်တင်၊ ဟသ်ာဂမုန်း၊ ဂမုန်းပန်းဆက်၊ စံပယ်နွဲ့၊ သဇင်ခွေ၊ ငါးစင်းမြင့်မိုရ်၊ မြင့်မိုရ်ကြီးကြိုး၊ ကြိုးကြီးချိတ် စသည်တို့ဖြစ်ကြလေ၏။

တကယ်တော့ ပိုးအချိတ်ထည်တို့မှာ ထီးသုံးနန်းသုံး၊ တော်ဝင်သုံးများဖြစ်ပြီး ရှင်ဘုရင့်ပုဆိုး၊ ပိုးချည်းဆိုသကဲ့သို့ ရှေးဘုရင်၊ မိဖုရား၊ ရံရွေတော်များမှာ အဖိုးထိုက်တန်လှသော ပိုးအချိတ်ထည်တို့ကိုသာ အဓိကထား ဝတ်ဆင်လေ့ရှိခဲ့ကြပါ၏။

ယင်းသို့လျှင် တန်ဖိုးကြီးမားစွာသော ပိုးအချိတ်ထည်တို့ကို ရက်ကန်းရုံကြီးထောင်ကာ ရက်လုပ်လျက် ရန်ကုန်နှင့် အနယ်နယ်အရပ်ရပ်သို့ ပိုးအချိတ်ထည်များ တင်ပို့နေသည့် ရက်ကန်းရုံပိုင်ရှင် ဦးဂန္ဓမာမှာ မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝလာခဲ့သော ပိုးကုန်သည်မျိုးရိုးလူပျိုကြီးဖြစ်လေ၏။

တကယ်တော့ ဦးဂန္ဓမာမှာ ချမ်းသာကြွယ်ဝသူဖြစ်သော်လည်း စိတ်သဘောထားကောင်းပြီး လွန်စွာရိုးသူ ဖြစ်လေ၏။ ဦးဂန္ဓာမာမှာ ငယ်စဉ်ကပင် မိဘမျိုးရိုးပိုင် ပိုးရက်ကန်းလုပ်ငန်းကို ဦးစီးလုပ်လာရသဖြင့် လောကဓါတ်ပညာကိုမူ အခြေခံအဆင့်လောက်သာ သင်ယူဖူးပြီး၊ သူ့အထူးဝါသနာပါသော ရှေးဟောင်းသမိုင်း၊ ရာဇဝင်ဆိုင်ရာစာပေကို တခုတ်တရလေ့လာသူ၊ ပန်းချီပညာကို လေ့လာဆည်းပူးနေသူဖြစ်၏။



သူသည် စီးပွားရေးလုပ်ငန်းနှင့် သူ့ဝါသနာပါရာ ပန်းချီဆွဲခြင်း၊ ရှေးဟောင်းပစ္စည်းများ ရှာဖွေစုဆောင်းခြင်း၊ ရှေးဟောင်းစာပေ များ လေ့လာခြင်းတို့၌သာ ဘဝကို ပျော်ရွှင်စွာမြှုပ်နှံထားရာ အာဝါဟ၊ ဝိဝါဟတည်းဟူသော အိမ်ရာတည်ထောင်၊ မျိုးဆက်သစ် ပေါ်ဆောင်ရန်ကိစ္စကို အလေးအနက် မထားခဲ့ရာ အသက်သုံးဆယ့်ငါးကျော်သည်အထိ အဖော်မမှီး တစ်ကိုယ်တည်း လူပျိုကြီးဖြစ်လျက်ရှိလေ၏။

အနှီလူပျိုသိုး သူဌေးကြီးအား အလုပ်ရှင်ဖြစ်သော အစဉ်ခညားလေးစားစွာ ဆက်ဆံရှိသေခဲ့သူ ခင်ခင်တင့်မှာ မတင်ပု၏ အစဖော် အလျှော်ကောင်းမှုကြောင့် ခပ်ရေးရေး စိတ်ဝင်စားလာကာ ရက်ကန်းရုံပိုင်ရှင် သူဌေးကြီးကာတော်ဟူသော ရာထူးကြီးကို ရက်ကန်းအလုပ်သမလေးသာဖြစ်သော ခင်ခင်တင့်က မျှော်မှန်းသဘောကျစပြုလာလေတော့၏။

"အင်း . . . သူက ငါ့ထက်ဆယ်နှစ်ကျော် ကြီးပေမယ့် သူကမှ တကယ့်လူပျိုသိုး၊ အသောက်အစားကင်းသူ လူရိုးကြီး၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုသာရရင် ငါအခုလို တဲစုတ်မှာလည်း နေရမှာမဟုတ်ဘူး။ ပဲပြုတ်...ပဲပုတ်...ကန်စွန်းရွက်တို့နဲ့ပဲ နေ့တိုင်းကျွေးနေရတဲ့ဘဝက လည်း လွတ်မှာပဲ''

''သူများတွေလို ပဒုမ္မာရှန်သား အကျီပါးပါးရောင်ပုံ လုလု လေးတွေကိုတောင် မဝတ်နိုင်ဘဲ ဖျင်ကြမ်းနဲ့သာ ခန္ဓာကိုယ်ကိုလွှမ်း ရလို့ ငါ့ရဲ့အလှဟာ အရွက်ဖုံးခံရတဲ့ ရွက်ပုန်းသီးလို ငုတ်ငုတ်လျှိုးလျှိုး ညှိုးညှိုးငယ်ငယ် ဖြစ်နေရတဲ့ဘဝကလည်း လွတ်မှာပဲ''

ဟုတွေးမိလာရာမှ သူမသည် ရမ္မက်ကြီးသူပီပီ ချမ်းသာ ချင်သော စိတ်များတဖွားဖွားပေါ်လာပြီး သူဌေးဦးဂန္ဓာမာအား မည်သို့ ချဉ်းကပ်ကာ သူမကို လက်ထပ်လာသည့်အထိ မည်သို့မြူဆွယ်ရလျှင် ကောင်းမည်နည်းဟု ညဏ်နီညဏ်နက်များ ထုတ်လျက်ရှိတော့၏။

သို့ဖြင့် တစ်နေ့သ၌ ဦးဂန္ဓာမာသည် ရက်ကန်းရုံကြီး နောက် ဘက်ရှိ သူ၏တိုက်ခံနှစ်ထပ်အိမ်ကြီးထဲမှ ထွက်လာပြီးလျှင် မန္တလေး သို့ ကိစ္စတစ်ခုဖြင့်သွားရန် သူ၏ဒေါက်ကပ်ခြင်းရထား ရပ်ထားရာ ခြံဝဆီသို့ ရက်ကန်းရုံကိုပတ်ပြီးလာစဉ် ရက်ကန်းရုံ၏ ပြတင်းပေါက် တစ်ခုဘေးမှ အဖြတ်ဝယ် ပြတင်းအနီးရှိ ရက်ကန်းစင်၌ ရက်ကန်း ခတ်နေသော ကလေးမလေးတစ်ဦးသည်



''အမေ့ မူးလိုက်တာ''

ဟုအော်လိုက်ပြီး လဲကျသွားသည်ကို သတိပြုမိလိုက်သဖို့.

''ဟယ်...ခင်ခင်တင့်... ခင်ခင်တင့် ဘယ်လိုဖြစ်တာလဲ''

''လာကြပါဦးရှင်...ခင်ခင်တင့် ဘာဖြစ်သွားတာလဲ မသိဘူး''

ဟုပျာပျာသလဲ အော်ဟစ်လိုက်ကြသည့် ရက်ကန်းသမ အချို့၏ ရူးရူးဝါးဝါး အသံလေးများကြောင့် ဦးဂန္ဓာမှာ စိုးရိမ်စွာဖြင့် သူ၏ရက်ကန်းရုံထဲသို့ အနီးဆုံးတံခါးပေါက်မှ ပြေးဝင်လာခဲ့ပြီး...

''ဘာဖြစ်လို့လဲ...ဘာဖြစ်တာလဲ''

ဟုအလောတကြီး မေးလိုက်ရာ လဲကျကာ သတိမေ့မျော နေပုံရသော ခင်ခင်တင့်ကို ပွေ့ထားရာမှ မတင်ပုက သူတို့၏ ရက်ကန်းရုံပိုင်ရှင် သူဌေးအား မော့ကြည့်လိုက်ကာ...

''သူ...သူဌေး...ခင်ခင်တင့် ရက်ကန်းခတ်ရင်း မူးပြီး လဲကျသွားလို့''

ဟုစိုးရိမ်တကြီး ပြောလိုက်ရာ ခင်ခင်တင့်ကို ဝိုင်းပြီး ယပ်ခတ်ပေးသူပေး ခြေမချီးသူချီးဖြင့် ပြုစုနေသည့် အ[illegible]မိန်းမပျို တို့ကလည်း...

www.burmeseclassic.com

www.burmeseclassic.com



''ခင်ခင်တင့်က ဒါမျိုးတစ်ခါမှ မဖြစ်ဖူးပါဘူး အားနည်းပြီး မူးလဲသွားတာလား'မသိဘူး''

''နှလုံးလေရိုက်သွားတာ ဖြစ်မယ်ဟ''

''သူ့ကြည့်တော့ ဒေါင်ဒေါင်မြည်နေသလိုပဲနော်။ သွေးအားနည်းလို့ပဲဖြစ်မယ်''

''သွေးတိုးတာလဲ ဖြစ်နိုင်တာပဲ။ ဒါမျိုးက ဦးနှောက်သွေးကြောပြတ်တတ်တယ်ဆိုလား''

ဟူ၍ တစ်ယောက်တစ်ပေါက် ပြောဆိုပြီး ဝိုင်းအုံသည်ထက် ဝိုင်းအုံလာကြရာ...

''ကဲ...ကဲ...သိပ်ပြီး ဝိုင်းမအုံနဲ့လေ လေပိတ်ပြီး ပိုဆိုးသွားလိမ့်မယ်''

ဟု ဦးဂန္ဓမာက ပြောလိုက်ရပြီး...

''သူ့ကို ကျုပ်ရဲ့အိမ်ဆီခေါ်သွားကြ ဒီမှာလုံစရာ ပြုစရာနေရာရှိတာမဟုတ်ဘူး။ ပြီးမှ ဆရာဝန်ခေါ်ကြ''

ဟု လမ်းညွှန်မှုပေးလိုက်ရာ တုတ်တုတ်ခိုင်ခိုင်ဝဝ မိန်းမကြီးနှစ်ယောက်က ခင်ခင်တင့်အား ပွေ့ချီမယူကြပြီးလျှင် ရက်ကန်းရုံနောက်မှ ဦးဂန္ဓမာ၏ တိုက်ခံနှစ်ထပ်အိမ်ကြီးဆီသို့ သယ်သွားကာ



အိမ်ကြီး၏ ရှေ့ပိုင်း ဧည့်ခန်းဆောင်ထဲမှ ဆိုဖာခုံရှည်ပေါ်ဝယ် ခင်ခင်တင့်ကို အသာချလိုက်ပြီး တစ်ယောက်က ခင်ခင်တင့်အား ယပ်ခတ်ပေးလျက်ရှိသလို ကျန်တစ်ယောက်က ပန်ချာပီဆရာဝန် ဒူးမားအားပြေးခေါ်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဖြစ်ပျက်ပြီး နှစ်ရက်အကြာဝယ် ရက်ကန်းရုံ မဖွင့်မီ နံနက်စောစောအခါ၌ ဖျင်ကြမ်းအင်္ကျီ ဗလာထဘီတို့ကို ချပ်ချပ်ရပ်ရပ် ကျော့ကျော့ရှင်းရှင်း ဝတ်စားထားသော ခင်ခင်တင့်သည် နံ့သာဖူး ငှက်ပျောသီးနှစ်ဖီးနှင့် ထိုးမုန့်တစ်ထုပ်ကို ဗန်းတစ်ခုပေါ်တင်ပြီး ဦးဂန္ဓမာ၏ အိမ်ကြီးဆီသို့ ရောက်ရှိလာကာ ဦးဂန္ဓမာအား ငှက်ပျောဖီး၊ မုန့်ထုပ်တို့ဖြင့် ကန်တော့လေ၏။

ဤသို့ဖြင့် ရက်ကန်းရုံပိုင်ရှင် သူဌေးကြီး ဦးဂန္ဓမာမှာ သူ့ရက်ကန်းရုံရှိ အလုပ်သမ တစ်ရာကျော်ထဲမှ ခင်ခင်တင့်ဟူသော ရက်ကန်းသမ အချောအလှလေးကို မှတ်မှတ်ထင်ထင် ဖြစ်သွားကာ ရင်းနှီးသွားသလို ခင်ခင်တင့်မှာလည်း သူမမူးမေ့လဲသွားစဉ်က ဂရု



စိုက်ဖေါ်ရခဲ့သော ဆရာဝန်ပင့်ကာ ကုသပေးခဲ့သော ကျေးဇူးရှိ၍ ဟုဆိုသော အကြောင်းပြချက်ဖြင့် ဦးဂန္ဓမာထံသို့ ရဲရဲတင်းတင်း ဝင်ထွက်ကာ သစ်သီးလေးအစ၊ မုန့်ထုပ်လေးအစလာပို့ရင်း ဦးဂန္ဓမာနှင့် ရင်းနှီးမှုကို အရယူလိုက်လေ၏။

ဦးဂန္ဓမာမှာ ရက်ကန်းရုံ ထောင်ထားသော်လည်း မိန်းမပျိုလေးများနှင့် ရင်းရင်းနှီးနှီး နေလေ့ရှိသူမဟုတ်ရာ ယခုလို မျှော်လင့်ဘဲ ခင်ခင်တင့်ဟူသော ပြစ်မျိုးမဲ့မထင် လှပလွန်းသည့် အပျိုစင်မလေး၏ တရင်းတနှီး ရဲတင်းစွာ ဆက်ဆံလာမှုကို ကြုံတွေ့ရရာ သူ၏နှလုံးသားသည် မလှုပ်ရှားစဖူး လှုပ်ရှားလာတော့၏။

ကြာတော့ ဦးဂန္ဓမာမှာ သူ့ထံခင်ခင်တင့်ရောက်လာလျှင် ပျော်သည်။ ခင်ခင်တင့် မလာပါက မျှော်သည်။ တစ်ရက်မှနှစ်ရက် မလာပါက ရက်ကန်းရုံထဲသို့ သူကိုယ်တိုင်ဝင်လာပြီး ရက်ကန်းခတ်နေသော ခင်ခင်တင့်အား စကားမရှိစကားရှာကာ အားပေးစကားလာပြောသည်။

သည့်လိုဖြင့် သူတို့နှစ်ဦး၏ ရင်းနှီးမှုက ပိုသည့်ထက်ပိုလာလေ၏။ ဤသို့သော အခြေအနေမျိုးကို ရောက်အောင်လည်း ခင်ခင်တင့်မှာ မူးမေ့လဲကျဟန်ဆောင်ခဲ့ခြင်း မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်တင့်အား ရက်ကန်းရုံပိုင်ရှင် သူဌေးက အရေးပေး မှန်းသိတော့ လုပ်ဖော်ကိုင်ဖက် ရက်ကန်းသမများက ခင်ခင်တင့်ကို သူဌေးနှင့်ရည်ငံနေသယောင်စသည်။ ခင်ခင်တင့်၏ ရက်ကန်းစင်ကို သူဌေးဦးဂန္ဓမာလာသည့်အခါ မထိတထိ မကြားတကြား နောက် ပြောင်ကြ၏။

နောက်ခြောက်လခန့်အကြာဝယ် ဦးဂန္ဓမာက ခင်ခင်တင့် အား လက်ထပ်ယူလိုက်တော့၏။

ထိုအချိန်မှစ၍ ခင်ခင်တင့် စိတ်ကူးယဉ် အိပ်မက်မက် ခဲ့သော ရက်ကန်းရုံပိုင်ရှင် သူဌေးကတော်ဘဝသို့ ရောက်သွားရကာ ပင်ပင်ပန်းပန်း ခါးချိမတတ် ရက်ကန်းခတ်ရသော ရက်ကန်းသမဘဝမှ ဝဋ်ကျွတ်သွားပါလေတော့၏။

ခင်ခင်တင့်မှာ သူဌေးကတော်ဘဝ ရောက်သွားသည့်တွင် သွေးနားထင်ရောက်သွားပြီး ငယ်စဉ်ကတည်းက ဆင်းဆင်းရဲရဲ နေခဲ့ရသော ပတ်ဝန်းကျင်အဟောင်းဖြစ်သည့် အမရပူရတွင်မနေ လိုတော့သဖြင့် မန္တလေးမြို့ပေါ်ဝယ် အိမ်သီးခြားဝယ်ပြီးနေထိုင်ရန် ပူဆာရာ ဦးဂန္ဓမာကလည်း ဇနီးမယားချော ပူပူနွေးနွေးလေး ခင်ခင် တင့်အလိုကျ မန္တလေးမြို့ မျက်ပါးရပ်ဝယ် ခြံဝင်းကျယ်နှင့် တိုက်ခံ



နှစ်ထပ်အိမ်ကြီးတစ်လုံးကို ဝယ်ပေးလိုက်လေ၏။

ဦးဂန္ဓမာမှာ နေအိမ်သစ်ရှိရာ မန္တလေးနှင့် ရက်ကန်းရုံရှိရာ အမရပူရသို့ နေ့စဉ် ကူးချည်သန်းချည် ပြုလုပ်နေရပြီဖြစ်၍ ဒေါက်ကပ် ကိုမစီးတော့ဘဲ အော်စတင် ကားနက်လေး ဝယ်စီးလိုက်ရလေ တော့၏။

ခင်ခင်တင့်မှာ ရက်ကန်းရုံပိုင်ရှင် သူဌေးကတော်ဖြစ်သွား ကတည်းက အမရပူရရှိ သူမ၏ကျေးဇူးရှင် အဒေါ်ဖြစ်သူထံသို့ရော သူမအလုပ်လုပ်ခဲ့ရာ ရက်ကန်းရုံသို့ပါ လုံးဝခြေဦးလှည့်သွားရောက် ခြင်းမရှိတော့ဘဲ မန္တလေးမှ လူကုံထံအသိုင်းအဝိုင်းကြားမှာပင် တဖြည်းဖြည်း ဝင်ဆန့်ရင်း အပျော်မွေ့ကြီးပျော်မွေ့နေလေတော့၏။ ယင်းအချိန်ဝယ် သူမ၏နားထဲ၌ ရက်ကန်းစင်မှ လက်ခတ်သံသည် နားကလောဖွယ် ဖြစ်သွားချေပြီတည်း။

စာကယ်တော့ ခင်ခင်တင့်မှာ မိဘမဲ့တစ်ဦးဖြစ်၏။ ခင်ခင် တင့်၏မိခင် မမြနှစ်မှာ အညာမြို့လေးတစ်မြို့မှ မိန်းမပျိုလေးတစ်ဦး ဖြစ်ပြီး . . . သူတို့မြို့ရှိ ဘိုတဲဝယ်လာရောက် တည်းခိုလေ့ရှိသော မျက်နှာဖြူသစ်တောအရာရှိတစ်ဦး၏ ခြေတော်တင်ခြင်းခံရကာ ခင်ခင် တင့်အား ကိုယ်ဝန်ရှိစဉ်မှာပင် ယင်းမျက်နှာဖြူအရာရှိမှ ဘုံဘေဘားမား

www.burmeseclassic.com

www.burmeseclassic.com



သစ်ကုမ္ပဏီ၏ တာဝန်ပေးချက်အရ အိန္ဒိယပြည်ရှိ သစ်တောများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသဖြင့် မမြနှစ်မှာ ကိုယ်ဝန်လွယ်ကာ မျက်နှာငယ်ပြီး ကျန်ရစ်ခဲ့ရလေတော့၏။

သို့ဖြင့် မမြနှစ်မှာ ခင်ခင်တင့်အား ဆင်းရဲချို့ငဲ့စွာ မွေးဖွားပြီးနောက် ဆွေမျိုးအသိုင်းအဝိုင်းကလည်း နယ်ချဲ့မျက်နှာဖြူနှင့်မှ ငြိစွန်းရပါမည်လားဟု စိတ်ဆိုးကာ ဝိုင်းပယ်ထားကြသဖြင့် ထိုအညာမြို့လေးကို စွန့်ခွာခဲ့ကာ မန္တလေးအမရပူရရှိ သူမ၏ညီမဝမ်းကွဲ မထားစိန်ထံ လာရောက်ခိုလှုံရာမှ ခင်ခင်တင့် ငါးနှစ်သမီးအရောက်ဝယ် မီးယပ်ရောဂါဖြင့် ကွယ်လွန်သွားရလေ၏။

ခင်ခင်တင့်မှာ အဒေါ်ဝမ်းကွဲ၏ စောင့်ရှောက်မှုဖြင့် ကြီးပြင်းခဲ့ရပြီး ဆင်းရဲချို့တဲ့စွာဘဝကို ဖြတ်သန်းခဲ့ရသော်လည်း ကပြားသွေးပါသူပီပီ သူမ၏ရုပ်အဆင်း၊ ခန္ဓာကိုယ်ဖွံ့စည်းမှုတို့က အခြားမြန်မာမလေးများနှင့်မတူဘဲ တမူထူးခြားပေါ်လွင်ကာ စိတ်ဆန္ဒကလည်း ရမ္မက်ကြီးပြီး ချမ်းသာကြွယ်ဝ ဘဝအောင်မြင်လိုစိတ် ပြင်းထန်ခဲ့သူဖြစ်လေ၏။

ယခုတော့သူမမျှော်လင့်ခဲ့သည့်အတိုင်း ဆင်းရဲချို့ငဲ့သော ဘဝမှ လွတ်မြောက်ကာ ကားပိုင်၊ တိုက်ပိုင်၊ လုပ်ငန်းရှင်သူဌေး



ကတော်ကြီး ဖြစ်ခဲ့ရချေပြီ။

ဘဝဝယ် မစံစားဖူးခဲ့သော စည်းစိမ်တို့ကို စံစားရကာ အရာရာပြည့်စုံကုံလုံနေသော ချမ်းသာကြွယ်ဝသည့် အနေအထားသို့ ရောက်လာပြန်တော့လည်း လူ့အလိုနတ်မလိုက်နိုင်ဆိုသကဲ့သို့ သူမ၏ရင်ဝယ် တစ်စုံတစ်ခုကို လိုအပ်နေသေးသလို ဟာတာတာဖြင့် ဘာလိုလိုကြီး ခံစားလာရပြန်လေသော့၏။

ထိုလိုအပ်သောအရာကို သူမက အချစ်ဟုတင်စားပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## သိုက်သမားနှင့်ကြာဖေကရီ

''ဟုတ်တယ်...ငါ့ဘဝမှာ အချစ်ဆိုတာလိုအပ်နေပြီ''

''သူဌေးဖြစ်ပေမယ့် ခပ်တုံးတုံး...ခပ်အအ...ကိုကြီးဂန္ဓမာနဲ့ ပေါင်းသင်းနေရတာ ငြီးငွေ့စရာ ကောင်းလိုက်တာ''

''သူကငါ့ကို ရွှေဘုံရွှေနန်းပေါ်တင်ပြီး စိန်စီမြရံထားနိုင်ပေမယ့် ရင်ခုန်မှုမပေးစွမ်းနိုင်ဘူး''

''သူကစီးပွားကို များများရှာမယ်။ ပြီးတော့ ခုနှစ်ဆွေး၊ ရှစ်ဆွေး၊ ကမ္ဘာဆွေးနေတဲ့ ရှေးဟောင်းပစ္စည်းတွေရယ် ပေပရပိုက်ကျမ်းစာအုပ်ကြီးတွေရယ် အဲဒါတွေကြားမှာပဲ တစ်နေ့တစ်နေ့ ခေါင်းမြှုပ်ထားဖို့တတ်တာ''

''ငါ့မှာ ဒင်္ဂါးပုံပေါ်ထိုင်၊ ဆီဦးထောပတ်စားနေရပေမယ့်



ကော်ပတ်ရုပ်တစ်ရုပ်လို ခံစားမှုမဲ့တဲ့ ဘဝမျိုးနဲ့ အရိုးထုတ်ရတော့မယ်ထင်ပါရဲ့''

''ဘဝမှာ စား၊ ဝတ်၊ နေရေးပြည့်စုံဖို့ လိုအပ်သလို အချစ်နဲ့ပြည့်စုံဖို့လည်း လိုအပ်တယ်လေ''

ခင်ခင်တင့်မှာ သွေးသားဆူဖြိုးသော အရွယ်မို့ အချစ်ဆိုသောရသကို ရှာဖွေခံစားလိုစိတ် တဖွားဖွားဖြစ်ပေါ်ကာ ရင်ထဲမှာဟာတာတာခံစားရလျက်ရှိလေသည်။

သည်တော့လည်း ဇနီးမယား ငယ်ငယ်ချောချောလေး၏ စိတ်သဘာဝကို မစူးစမ်းမိဘဲ ရှေးဟောင်းရာဇဝင်သမိုင်းဖြစ်ရပ်များကိုသာ တူးဖော်စူးစမ်းနေမိသည့် ခင်ပွန်းသည် ကျေးဖူးရှင်ကြီး ဦးဂန္ဓမာ၏ကွယ်ရာဝယ် ခင်ခင်တင့်မှာ ရင်ခုန်မှုကို ရှာဖွေလိုသည့် ဖေါက်ပြားလော်မာသောစိတ်ကို မွေးမြူလာတော့၏။

ယင်းသို့သော ကာလမှာပင် ခင်ခင်တင့်တို့၏ အိမ်သို့ ဦးဂန္ဓမာ၏ မိတ်ဆွေ လူရွယ်တစ်ဦး အဝင်အထွက်ရှိလာရာ ထိုသူ၏ ရုပ်ရည်ကိုက်ဆိုက်တို့မှာ ဘိုင်စကုပ်မင်းသားများနှယ် ဟန်ကျ၊ ပန်ကျရှိရသည့်အထဲ ပင်ကိုယ်ကပင် မြူးပွေ့သော ဝါသနာအိုးရှိလှမို့ ထိုမောင်မောင်ဇင်ဆိုသောလူနှင့် ခင်ခင်တင့်တို့မှာ ကြောင်ခံတွင်းပျက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဇရက်တောင်ပံကျိုးနှယ် ဖြစ်နေတော့၏။

ခင်ခင်တင့်နှင့် မောင်မောင်ဇင်တို့ အခါခါတွေ့ဆုံခွင့်ရကာ ရင်းနှီးလာရသည်မှာလည်း မောင်မောင်ဇင်နှင့် ဦးဂန္ဓမာတို့၏ လုပ်ငန်းသဘာဝချင်း ဆက်စပ်နေမှုကြောင့်ဖြစ်လေ၏။

မောင်မောင်ဇင်မှာ ဗြိတိသျှနယ်ချဲ့ မျက်နှာဖြူတို့ ပိုင်သည့် စတီးဘရားသားကုမ္ပဏီ၏ ဝါးချည်လုပ်ငန်းဝယ် ဝယ်ယူဖြန့်ဖြူးရေးဆိုင်ရာ မန်နေဂျာတစ်ဦးဖြစ်ရာ ရက်ကန်းလုပ်ငန်းအတွက် ဦးဂန္ဓမာ လိုအပ်သော ဝါးချည်တို့ကို မောင်မောင်ဇင်မှတဆင့် ဝယ်ယူနေရသဖြင့် လုပ်ငန်းသဘောအရ လူမှုဆက်ဆံရေးပါ နွယ်လာရသည့်အတွက် ဦးဂန္ဓမာ၏အိမ်သို့ မောင်မောင်ဇင် တစ်ယောက်ဝင်ထွက်သွားလာမှုရှိလေရာ ခင်ခင်တင့်နှင့် မောင်မောင်ဇင်မှာ လွယ်လင့်တကူ ရင်းနှီးလာရလေတော့၏။

တိုင်းရင်းသား ရက်ကန်းလုပ်ငန်းရှင်ဖြစ်သော ဦးဂန္ဓမာမှာ သူ၏ရက်ကန်းရုံ၌ မရှိမဖြစ်လိုအပ်သည့် ကုန်ကြမ်းဖြစ်သော ဝါးချည်တို့ကို ရရှိရန်မှာ တိုင်းတစ်ပါးသား နယ်ချဲ့မျက်နှာဖြူကုမ္ပဏီဖြစ်သော စတီးဘရားသား ကုမ္ပဏီကို အားထားမှီခိုနေရသဖြင့် စတီးဘရားသား၏ ကိုယ်စားလှယ် မန်နေဂျာ မောင်မောင်ဇင်နှင့် ပလဲနံပသင့်



အောင်ဆက်ဆံရမည်သာဖြစ်၏။

ထိုခေတ်ကာလက မြန်မာနိုင်ငံကို စစ်ရေး၊ စီးပွားရေးဖြင့် အနိုင်ယူနယ်ချဲ့အုပ်စိုးနေသော ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာပြည်တွင်းမှ စီးပွားရေးလုပ်ငန်းကြီးဟူသမျှကို လက်ဝါးကြီးအုပ်ကာ စိတ်တိုင်းကျခြယ်လှယ်နေခဲ့ကြလေ၏။

ယင်းသို့မြန်မာ့စီးပွားရေးကို လက်ဝါးကြီးအုပ် လွှမ်းမိုးခြယ်လှယ်ကြသော ဗြိတိသျှနယ်ချဲ့ကုမ္ပဏီများထဲဝယ် စတီးဘရားသားကုမ္ပဏီမှာ အတွင်ကျယ်ဆုံး ကုမ္ပဏီကြီး ဖြစ်ချေ၏။

စတီးဘရားသား ကုမ္ပဏီကြီးကို စတင်တည်ထောင်ခဲ့သူတို့မှာ ဗြိတိသျှနိုင်ငံသား ဝီလျံစထရင်းစတီးနှင့် ဂျိမ်းအလီတန်စတီးတို့ဖြစ်ကာ ကုမ္ပဏီဌာနချုပ်မှာ လန်ဒန်မြို့တွင်ရှိပြီး (၁၈၇၀) ပြည့်နှစ်တွင် ကုမ္ပဏီကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၏။

ရန်ကုန်မြို့တွင်မူ ဝီလျံစတီးကုမ္ပဏီအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

စတီးဘရားသားကုမ္ပဏီသည် လုပ်ငန်းမျိုးစုံကို ပင့်ကူအိမ်ယှက်သလို လက်လှမ်းမိုသမျှ ခြေကုပ်ယူနယ်ပယ်ချဲ့ထွက်လာခဲ့ကိုင်ရာ (၁၈၉၇) ခုနှစ်တွင် သစ်လုပ်ငန်းကို အခြားကုမ္ပဏီများနှင့် အပြိုင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်ခဲ့ပြီး (၁၉၀၇)ခုနှစ်တွင် အထက်မြန်မာပြည်၌ ရေနံတူးဖော်ခြင်းလုပ်ငန်းကို စတင်လုပ်ကိုင်လာခဲ့သည်။

(၁၉၀၇) ခုနှစ်ဝန်းကျင်မှာပင် အကြီးစားဆန်စက်ကြီးများကို တည်ထောင်ပြီး အိန္ဒိယသားများပိုင် ဆန်စက်များအပေါ် အနိုင်ယူကာ ဆန်လုပ်ငန်းမှာလည်း လက်ဝါးကြီးအုပ် လုပ်ကိုင်လာရာ ပြည်ပဆန်ထုတ်ကုန်၏ (၅၀)ရာခိုင်နှုန်းကို စတီးဘရားသားက ထုတ်လုပ်ဖြန့်ချိလာနိုင်ခဲ့လေ၏။

ဗြိတိသျှနယ်ချဲ့ စီးပွားရေးသမားများပိုင် စတီးဘရားသားကုမ္ပဏီသည် မြန်မာ့စီးပွားရေးကို ထုံးလိုခြေ၊ ရေလိုနှောက်လာနိုင်ခဲ့ပြီဖြစ်ရာ ဝါချည်လုပ်ငန်းကိုပါ ခြေလှမ်းတိုးချဲ့လုပ်ကိုင်လာခဲ့၏။

ဝါချည်တို့အများဆုံးနှင့် အဓိကထွက်ရာဒေသဖြစ်သော မြန်မာနိုင်ငံ အလယ်ပိုင်း မြင်းခြံ၊ မိတ္ထီလာ၊ သရက်၊ စစ်ကိုင်း၊ မြင်းမူတို့ဝယ် ဝါစက်ကြီးများ တည်ထောင်ကာ ဝါချည်လုပ်ငန်းကို လက်ဝါးကြီးအုပ်လုပ်ကိုင်လာခဲ့ရာ မြန်မာအမျိုးသားများပိုင်သည့် ချည်စက်တို့မှာ စတီးဘရားသား၏ နှောင့်ယှက်ခြေထိုးမှုကြောင့် အရှုံးပေါ်ပြီး နောက်ဆုံးဝယ် မိမိတို့၏ ချည်စက်များကို စတီးဘရားသား ကုမ္ပဏီ၏လက်သို့ ထိုးအပ်လိုက်ရလေတော့၏။



စတီးဘရားသား ကုမ္ပဏီသည် မြန်မာလူမျိုး ဝါပွဲစားတို့ကို ခန့်ထားကာ ဝါခင်းများမှ ထွက်ရှိသည့် ဝါအားလုံးကို ချုပ်ကိုင်ဝယ်ယူပြီး သူတို့၏ ဝါချည်စက်ရုံတို့၌ ဝါကြိတ်ကာ ဝါဖတ်ခြင်း၊ ဝါမှ ချည်ခင်ပြုလုပ်ခြင်း၊ ချည်ဆေးဆိုးခြင်းတို့ ပြုလုပ်လေ၏။

ယင်းချည်တို့ကို ရက်ကန်းလုပ်ငန်းရှင်များသို့ ဖြန့်ဖြူး ရောင်းချရာတွင် တိုင်းရင်းသား အရောင်းမန်နေဂျာများအား တာဝန်ပေးအပ်လေ့ရှိရာ မောင်မောင်ဇင်မှာ အမရပူရရှိ ရက်ကန်းရုံများသို့ ချည်ဖြန့်ဖြူးရောင်းချရသော တာဝန်ခံမန်နေဂျာဖြစ်ချေ၏။

ယင်းကြောင့် ရက်ကန်းရုံပိုင်ရှင်ဖြစ်သော ဦးဂန္ဓမာမှာ မောင်မောင်ဇင်နှင့် ပလဲနံပသင့်အောင် ပေါင်းနေရခြင်းဖြစ်လေသည်။

ဆိုခဲ့သည့်အတိုင်း လုပ်ငန်းသဘာဝအရ ဦးဂန္ဓမာ၏ နေအိမ်သို့ မောင်မောင်ဇင် လာရောက်လည်ပတ်ကာ လုပ်ငန်းကိစ္စများဆွေးနွေးညှိနှိုင်းရင်း ခင်ခင်တင့်နှင့် ရင်းနှီးသည်ထက် ရင်းနှီးလာခဲ့လေ၏။

ထိုအခါ မြူသမာ မောင်မောင်ဇင်မှာ ကြာသမား ခင်ခင်တင့်၏ ရင်တွင်းသဘောဆန္ဒကို ကြိုတင်ရိပ်မိသိသလို ပုံပြင်ထဲမှ နဂါးနက်ရှိုင်းရှိုင်းကြီး ရိပ်စားမိသည်ဖြစ်ရကာ အခွင့်အခါသင့်ပါက စားနေကျ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပါးကြီးက အတောင်ပံကျိုးဟန်ဆောင်၍ မြေပေါ်ပြုတ်ကျလာမည့် ဇရက်မလေးကို အပိုင်ငုံခဲစားသောက်ရန် မြေခွေးချောင်းချောင်းနေတော့၏။



ဦးဂန္ဓမာမှာ ရပ်ရေးရွာရေး၊ လူမှုရေးကိစ္စများနှင့် ပတ်သက်လျှင် တိုက်ခံနှစ်ထပ်အိမ်ကြီး၏ အိမ်အောက်ထပ်ရှိ ဧည့်ခန်းကြီးဝယ် ဧည့်သည်တို့အား လက်ခံစကားပြောလေ့ရှိပြီး လုပ်ငန်းကိစ္စများနှင့် ပတ်သက်လျှင်မူ အိမ်အပေါ်ထပ် လသာဆောင်ရှိ သီးသန့်ဧည့်ခန်းဆောင်ဝယ် မောင်မောင်ဇင်အား လက်ခံစကားပြောလေ့ရှိရာ ဆိုဖါဆက်တီခုံများပေါ်၌ ထိုင်ရင်း ဦးဂန္ဓမာနှင့် မောင်မောင်ဇင်တို့လုပ်ငန်းကိစ္စဆွေးနွေးတိုင်း ခင်ခင်တင့်သည် အနီးသို့ ရမယ်ရှာလာကာ . .

''ကိုမောင်မောင်ဇင် အအေးသောက်ပါဦးရှင်''

''ကိတ်မုန့်လည်းစားနော် ခင်တင့်ကိုယ်တိုင် ဈေးချိုက ဒိမနက်ပဲ ဝယ်လာတာ။ ဆိုင်ရှင်ကပြောတော့ ရန်ကုန်မြို့မှာရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဗီယာနာမုန့်တိုက်ကြီးက ဝယ်လာတာတဲ့ရှင့်"

ဟုကြာမူပါပါဖြင့် လောကွတ်စကားချိုချိုနွဲ့နွဲ့လေး ပြောလေ့ရှိရာ မောင်မောင်ဇင်မှာ ခင်ခင်တင့်က ဤကဲ့သို့ ဂရုတစိုက် ဆက်ဆံခြင်းအပေါ် သဘောခွေကာ ✱ရဏာပီတိ ဂွမ်းဆီထိသလို အကျေနပ်ကြီး ကျေနပ်နေလေ၏။

မောင်မောင်ဇင်ကလည်း ဂျွန်ပလေးယား မုတ်ဆိတ်စီးကရက်ကိုခဲလိုက် ခင်ခင်တင့် ယူလာပေးသော လိမ္မော်ရည်အေးအေးကို သောက်လိုက်ဖြင့် စာရင်းဇယားများကိစ္စကို ဦးဂန္ဓမာနှင့် ပြောဆိုနေရာမှ တစ်ချက်တစ်ချက်ဝယ် အလှဘုရင်မလေး ခင်ခင်တင့်အား ညို့မျက်ဝန်းများဖြင့် စိုက်စိုက်ကြည့်ကာ ခင်ခင်တင့်၏ အလှဗေဒကို စေ့ငုံခံစားလျက်ရှိပါ၏။

မောင်မောင်ဇင် ထိုသို့စိုက်ကြည့်လိုက်တိုင်း ခင်ခင်တင့်မှာ ရွှေရင်လေးဖိုဖိုသွားလျက်မှ မောင်မောင်ဇင်ကို သူမ၏ရွှန်းလဲ့သော မျက်ဝန်းညိုညိုကြီးများဖြင့် ရဲရဲဝံ့ဝံ့တုန့်ပြန်ကြည့်ကာ မောင်မောင်ဇင်၏ ကြည့်ငေးမှုအရှိန်လွန်သွားပါက ကြည့်တတ်ရန်ကော တဆိတ်လွန်ပြီနော်ဟူသောသဘောဖြင့် လုပသော မျက်စောင်းလေးခဲကာ ကြာမူပိုလျက်ရှိရာ သူတို့နှစ်ဦး၏ ဖေါက်ပြားလော်မာသော စိတ်နှင့်



စက္ကူအားဖြင့် ကာမေသုမိစ္ဆာစာရက်ကို ခိုးကြောင်ခိုးဝှက် ကျူးလွန်နေခြင်းအား သူတို့ရှေ့ဝယ် ငုတ်တုတ်ကြီး ထိုင်နေသည့် လူရိုးလူအေးကြီး ဦးဂန္ဓမာမှာ စိုးစဉ်းမျှပင် ရိပ်စားမိခြင်းမရှိချေ။

တစ်ခါတစ်ရံ လုပ်ငန်းကိစ္စဖြင့် မောင်မောင်ဇင်က ခင်ခင်တင့်တို့အိမ်သို့ သူ၏ဖို့ဒ်ကားလေးဖြင့် လှည့်ဝင်လာသည့်အခါ အိမ်ဝယ် ဦးဂန္ဓမာရှိမနေဘဲ အမရုံပူရရှိ ရက်ကန်းရုံသို့ ရောက်နေပါက ဦးဂန္ဓမာ၏ ပြန်အလာကို အိမ်အောက်ထပ်ရှိ ညှော့ခန်းထဲဝယ် ထိုင်စောင့်နေချိန်၌ ခင်ခင်တင့်ကသာ တစ်ဦးတည်း လွတ်လွတ်လပ်လပ် ညှော့ခံရလေ့ရှိ၏။

ဤတွင် ခင်ခင်တင့်၏ ထူးခြားသော ဝါသနာတစ်ခုကို ပြောရန်ရှိလာ၏။ ယင်းမှာ ခင်ခင်တင့်သည် ကပြားမလေးပီပီ အင်္ဂလိပ်လူမျိုး၊ ဥရောပသားတို့ထံမှ ဆင်းသက်လာသော ကစားနည်းဖြစ်သည့် အင်္ဂလိပ်စစ်တုရင် (Chess) ကိုထိုးရန် ဝါသနာထူးထူးခြားခြားပါဝင်ခြင်းပင်ဖြစ်ပါ၏။

မိန်းမတိုင်း၌ သူတို့သီးခြားစိက်ဝင်စားသော အကြောင်းအရာဘာသာရပ်တစ်ခုခုသည် ရှိမြဲဖြစ်၏။ အချို့အမျိုးသမီးများက အားကစား၌ ဝါသနာပါလေ့ရှိ၏။ အချို့က အနုပညာရပ်ရာ၌ ဝါသနာ

www.burmeseclassic.com

www.burmeseclassic.com



ပါလေ့ရှိ၏။ အချို့မှာ ဗေဒင်လက္ခဏာ၊ နက်၊ အကြားအမြင် စသည်တို့၌ မျက်စေ့မှိတ်ယုံကြည်ကာ ဝါသနာပါလေ့ရှိ၏။

သူကိုဝါသနာပါသော လောကမှ အကြောင်းခြင်းတရားများကို ပြောလာပါက သူတို့ကို တိုက်ရိုက်မပြောသည့်တိုင် နားစွင့်ကြလေ့ရှိ၏။

ဥပမာအားဖြင့် အနုပညာရေးရာတို့၌ ဝါသနာပါသူဖြစ်ပါက သူမအား အနုပညာလောက၌ အောင်မြင်ကျော်ကြားနေသူ ဘိုင်စကုပ်မင်းသား၊ မင်းသမီး၊ အဆိုတော်၊ ဇာတ်မင်းသားစသူတို့နှင့် မိမိရင်းနှီးကြောင်း၊ ခင်မင်ကြောင်း သူတို့၏အိမ်သို့ပင် အခါးမရှိ ဘားမရှိ ဝင်ထွက်နိုင်ကြောင်း ယုံလောက်အောင်ပြောပါက အလွယ်တကူ ယုံကြည်ပြီး ထိုသို့ပြောလာသူကို အထင်ကြီးကာ ရင်းရင်းနှီးနှီး စကားအဖွဲ့ကျပြောရန် ဝန်လေးလေ့မရှိပေ။

မိန်းမတို့၏ ဤသဘောအညှာကို သိသူသူစိမ်းယောကျ်ားလေးသည် သူမတို့တာကို စိတ်ဝင်စားသနည်းဟု လေ့လာကာ သူမတို့ စိတ်ဝင်စားသော အကြောင်းအရာ ဘာသာရပ်ကို သွေးတိုးစမ်းပြောလျက် စပါးရောဖွဲရော လုပ်ကြည့်ပါက အလွယ်တကူ ရောနှော၍ ရလေ့ရှိ၏။



ယင်းသို့သောသဘောကို သိသည့် မောင်မောင်ဇင်မှာ အိမ်ကို လာလည်သည့် ဘိုကပြားမ မင်းကတော်တစ်ဦးနှင့် ခင်ခင်တင့် စစ်တုရင်ထိုးနေသည်ကို တစ်ခါက တွေ့ဖူးထားသဖြင့် လူလည်းလူစုံ မောင်မောင်ဇင်မှာ ဦးဂန္ဓမာအား စောင့်ရင်း စစ်တုရင်ထိုး၍ တစ်ချက်သာဆွယ်လိုက်ရသည်နှင့် ခင်ခင်တင့်မှာ စစ်တုရင်ခုံအား ချက်ချင်းယူချလာတော့၏။

ယင်းသို့ စစ်တုရင်ထိုးသည့်အခါ မိန်းမတို့၏ အတ္တသဘောကို နောကျေနောသိနေသော မောင်မောင်ဇင်က ကစားတိုင်း မသိမသာ လျော့ကာ ခင်ခင်တင့်ကို အနိုင်ပေးလေ့ရှိ၏။

ခင်ခင်တင့်မှာလည်း ရင်ဆိုင်ယှဉ်ပြိုင်ထိုးတိုင်း ပွတ်ကာသီကာ အနိုင်ရမြဲဖြစ်သဖြင့် သဘောအကျကြီးကျကာ မောင်မောင်ဇင်လာတိုင်း စစ်တုရင်ခုံကြီးကို ထုတ်ထုတ်လာတော့၏။

ဦးဂန္ဓမာမှာ ရက်ကန်းရုံမှ ပြန်လာသည့်အခါ မောင်မောင်ဇင်နှင့် ခင်ခင်တင့်တို့ နှစ်ဦးတည်း စစ်တုရင်ကစားနေသည်ကို တွေ့ရလေ့ရှိသော်လည်း လူမြင်ကွင်းဧည့်ခန်းအလယ်၌ အိမ်ပေါ်သမင်းချက် ကောင်မလေးနှစ်ဦး၏ ရှေ့တွင်ကစားခြင်းသာဖြစ်သဖြင့် တစ်စုံတစ်ရာမသင်္ကာစရာ၊ သဝန်တိုစရာမရှိဟု ယူဆသည့်အပြင် သူ၏

www.burmeseclassic.com

www.burmeseclassic.com



စီးပွားဖက်မိတ်ဆွေအား ဇနီးဖြစ်သူမှ မပျင်းမရိအောင် ထိန်းထားနိုင်ပေသည်ဟု လူရိုးတွေးတွေးကာ သဘောကျ၍ပျက်ပင်ရှိပေသေး၏။

သို့ဖြင့် ဟစ်နေ့သောညနေ၀ယ် သူတို့နှစ်ဦးမှာ ဦးဂန္ဓမာအား စောင့်ရင်း စစ်တုရင်ကစားနေရာမှ အိမ်ဖေါ်မလေးများ အလစ်၌ မောင်မောင်ဇင်မှာ သက်ပြင်းကြီးကို အခါခါချနေရာ...

''ကိုမောင်မောင်ဇင်... ခင်တင့်ကချည်း နိုင်နေလို့ ပျင်းနေပြီလားရှင် သက်ပြင်းတချချနဲ့''

ဟုပြောလိုက်ရာ မောင်မောင်ဇင်က ခင်ခင်တင့်၏ မျက်နှာအား တွေတွေကြီးကြည့်လိုက်ကာ...

''ပျင်းလို့သက်ပြင်းချတာ မဟုတ်ပါဘူး ခင်ခင်တင့်ရယ်။ ရင်ထဲမှာ မျိုသိပ်ထားရတဲ့ ဒုက္ခကြီးတစ်ခုကြောင့်ပါ''

ဟုညောင်နာနာအသံဖြင့် ပြောလိုက်လေလျှင် ခင်ခင်တင့်မှာ မျက်လုံးလေးပြူးဝိုင်းသွားလျက် ကစားနေသည့်ကို ရပ်လိုက်ပြီး...

''ဟင်... ကိုမောင်မောင်ဇင်မှာ ဘာအခက်အခဲ ပြဿနာရှိလို့လဲဟင်... ခင်တင့်တို့ ကူညီနိုင်ရင် ကူညီမယ်လေ ပြောပါဦး''

ဟု တကယ့်စေတနာစကားဖြင့် ပျာပျာသလဲ မေးလိုက်



လေ၏။

ထိုအခါ မောင်မောင်ဇင်မှာ ဘိုင်စကုပ်မင်းသား ရှုံးလောက်သော အမူအရာဖြင့် ခေါင်းကိုလေးလေးပင်ပင် ရမ်းလိုက်ရင်း လေပူကြီးမှုတ်ထုတ်လိုက်ကာ...

''အဲဒီဒုက္ခကြီးကို သိကြားမင်းလည်း မကယ်နိုင်ဘူး။ မဏိမေခလာနတ်သမီးလည်း မကယ်နိုင်ဘူး။ ဦးဂန္ဓမာလည်း မကယ်နိုင်ဘူး။ ဒီကမ္ဘာလောကကြီးတစ်ခုလုံးမှာ ခင်ခင်တင့်တစ်ယောက်ပဲ ကယ်နိုင်မှာပါကွယ်''

ဟုအသားလိုသဖြင့် အရိုးတောင်းတော့မည့် မြေခွေးကောက်ကျစ်၏အသံဖြင့် ခပ်ညွှဲညွှဲပြောလိုက်ရာ ခင်ခင်တင့်မှာ မျက်ခုံးလေးအတွန့်ချိုးလိုက်ပြီး...

''ဘာရယ်... ခင်တင့်ပဲ ကယ်နိုင်မှာဟုတ်လား... ဘယ်လိုဒုက္ခမျိုးမို့လဲရှင်ရယ်''

ဟုစိတ်ဇောစွာမေးလိုက်လေလျှင် လူပါးလူနပ် မောင်မောင်ဇင်မှာ အိမ်စေကောင်မလေးများ အနီးတွင်ရှိမရှိ မျက်လုံးလေးဝေ့ကာ အကဲခပ်လိုက်ပြီးမှ မျက်နှာကိုရှေ့သို့ကိုင်းပြီး...

''ဦးဘညွန့်ရဲ့ ချစ်ဒုက္ခလေ... ချစ်ဒုက္ခပါ

www.burmeseclassic.com

www.burmeseclassic.com



ဟုခပ်တိုးတိုးပြောကာ လူနာအမဲခြောက်တောင်းစဉ် ကြည့်သော မျက်လုံးမျိုး၊ ဇူဇကာပုဏ္ဏား အလှူခံသည့်အခါ တောင်းပန်တိုးလျှိုးစွာ အသနားခံကြည့်သည့် မျက်လုံးမျိုးဖြင့် ခင်ခင်တင့်၏ မျက်နှာငွေလရွှန်းပပအား ချစ်သူတောင်းစားရုပ်အခံဖြင့် မော့ကြည့်လျက်မှ...

"အဲဒီချစ်ဒုက္ခဟာ ခင်ခင်တင့်ဆိုတဲ့ အလှကေရီမလေးရဲ့ အချစ်ကိုလိုချင်တပ်မက် စွဲလန်းမိတဲ့ ချစ်ဒုက္ခပါပဲကွယ်။ ဒါကြောင့် အဲဒီ ချစ်ဒုက္ခရဲ့ နှိပ်စက်မှုက ကိုဇင်လွတ်မြောက် သက်သာရာရဖို့က ခင်ခင်တင့်ကူညီဆယ်မမှ ဖြစ်မှာပါကွယ်"

ဟုယောကျ်ားတန်မဲ့ ပတ်ချွဲနပ်ချွဲ ပြောလိုက်ရာ ပပထူမှ ထမည့်မင်းကုသရုပ်အခံဖြင့် အပျော့စွဲစွဲကာ ချစ်စကားပြောလာသော မောင်မောင်ဇင်အား ရွှေရင်ဖိုသွားရှာသည့် ခင်ခင်တင့်က ရွှန်းလဲ့ရီဝေသော မျက်ဝန်းညိုညိုကြီးများဖြင့် မျက်တောင်လေးစင်းကာ စိုက်ကြည့်လိုက်ပြီး...

"ဟွန်း...တတ်လည်းတတ်နိုင်တဲ့လူ ဒီကဖြင့် ဘာများလဲလို့"

ဟုပြုံးမူမူလေးဆိုရင်း မျက်စောင်းလှလှလေးကို အမူပိုစွာ



ခဲလိုက်ရာ စကားလုံးဖြင့် သွေးတိုးစမ်းကြည့်ရာဝယ် အဆင်ချောမှန်း ရိပ်စားမိသွားသည့် ကြာကူရှိ မောင်မောင်ဇင်မှာ ဘေးဘီသို့ကြည့်ပြီးမှ ခင်ခင်တင့်၏ လက်ဖမိုးလေးတစ်ဖက်ကို သူ့လက်ဖဝါးကြီးဖြင့် ဖျတ်ခနဲအုပ်ကိုင်ဖျစ်ညှစ်လိုက်ကာ...

"အဲဒီ ဘာများလဲက သိပ်အရေးကြီးပါတယ် ခင်ခင်တင့်ရယ် တင့်လေးရဲ့အချစ်ကိုမရင် ဂြိုဟ်သေသွားမလားမသိဘူး။ စွဲလန်းမှုက ပြင်းထန်လွန်းလို့ပါကွယ်။ ကိုဇင်ဖြင့်လေ မြင်ဖူး၊ တွေ့ဖူး၊ ကြုံဖူးသမျှ မိန်းမချောမိန်းမလှတွေထဲမှာ ခင်ခင်တင့်နဲ့တွေ့မှ ခုလို အရည်ပျော်ကျမိရတာပါကွယ်"

ဟုချစ်တိုက်စစ်ဖိဆင်ကာ ခင်ခင်တင့်သဘောခွေသွားမည့် စကားလုံး မိမိတို့ကို ခပ်ထိထိလေး ပစ်သွင်းလိုက်ရာ ခင်ခင်တင့်မှာ ရှက်ပြုံးလိုလို အမူပိုစွာပြုံးရင်း ခေါင်းလေးငုံ့လိုက်ကာ...

"ကွယ်...သူသိပ်ကဲ တော်ကြာ မီးခိုချောင်ထဲက ခင်စီတို့ ထွက်လာမှ နှစ်ပါးသွားတောင် မကလိုက်ရဘဲ အော်ပရာနဲ့တင် ဇာတ်သိမ်းသွားရမယ်နော်"

ဟု အံလေးကိုဟန်ပါပါကြိတ်ကာ ပြုံးခနဲနဲ့ဖြင့် မာန်လိုက်ရာ ခင်ကလျာ၏ အညှာလွယ်မှုကို ရိပ်စားပိုင်ပိုင်သိနိုင်သွားပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော မောင်မောင်ဇင်မှာ ရင်ထဲဝယ် ဖိုးကြိုင်းတုတ်ဖြစ်သွားသော်လည်း ခွေးသေကောင်လင်းတဆွဲသလို ရတုန်းရသခိုက် အရအမိဆွဲလိုက်မယ်ဟဲ့ဟူ၍ ချစ်တိုက်စစ်ကို မြှင့်လိုက်ပြန်ကာ...

''တင့်လေးရယ် ဒီလိုတော့ ကြမ္မာရဲ့ရက်စက်မှုမခံရပါစေနဲ့ တင့်လေးနဲ့ နှစ်ပါးသွားလေး ကပါရစေ။ ဖြစ်နိုင်ရင် အခုမကြာ ကပါရစေ''

ဟုကျုံးသွင်းစကားကို အလျဉ်စလို ပြောလိုက်လေလျှင် ခင်ခင်တင့်မှာ ဆက်လက်အမူပိုပါက အချစ်တွေနှမျောလှချည်ဟု တွေးမိကာ ရင်ကဖိုဖို ရမ္မက်သွေးတကြွကြွဖြင့် ...

''ကဲ...ကွယ်...ကိုပိုကြီး ဒီလောက်နှစ်ပါးခွင် ဝင်ချင်ရင်ဖြင့် ဒီညကိုးနာရီလောက် နောက်ဖေးသံလိုက်လှေခါးက တက်လာပြီး တင့်ရဲ့အခန်းထဲဝင်ခဲ့ဟုတ်လား။ ချက်ပြုတ်ထားမယ်။ ဒီနေ့ည ကိုကြီး ညစာစားပွဲသွားစရာရှိတယ်''

ဟုခပ်တိုးတိုးလေးပြောလိုက်ရာ မောင်မောင်ဇင်မှာ မိမိသည် ကြိုတ္တိုယမှော်အောင်နေသဖြင့် ဤရွှေဤမျှ ချောမောလှပသော သူ့ဌေးကတော်လေးကို တစ်ခွန်းပြောယုံဖြင့် ရခြင်းဖြစ်သည်ဟု ကိုယ့်ကိုကိုယ်အထင်ကြီး စိတ်ဝင်သွားကာ ပြုံးဖြီးဖြီးမျက်နှာကြီးဖြင့်



ခေါင်းတညိတ်ညိတ်ရှိလေရာမှ ရမ္မက်ခိုးထောင်းထောင်းထနေသော မျက်လုံးများဖြင့် ခင်ခင်တင့်၏ လွန်စွာဖွံ့ထွားလှပသော ရေဆေးငါး ကိုယ်လုံးအိအိစက်စက်ကို အငမ်းမရ ကြည့်နေစဉ်...

''တီ...တီ''

ဟူသော ဟွန်းသံနှင့်အတူ ဦးဂန္ဓာမာ၏ ဘေဘီအော်စတင် ကားလေးမှာ ခြံထဲသို့ ညနေတိုင်း ဝင်ရိုးဝင်စဉ် ဝင်လာပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဝက်ဘ္ဘနလုံးသား

လူခြေတိတ်စ အကာလည့်ဝယ် မောင်မောင်ဇင်မှာ သူ၏ဖို့ဒ်ကားလေးအား သူငှားရမ်းနေထိုင်ရာ နာရီစင်နှင့် မျက်စောင်းထိုးရှိတိုက်ခန်းရှေ့မှ မျက်ပါးရပ်သို့ ခပ်မှန်မှန် မောင်းနှင်လာပြီးလျှင် စန္ဒရီကုလား၏ သံချောင်းခေါက်သံကို ကိုးချက်ကြားရချိန်ဝယ် သူ၏ကားနက်လေးမှာ ခင်ခင်တင့်တို့လမ်း၏ နောက်ကျောကပ်လျက်လမ်းထဲသို့ စက်သံညက်ညက်ဖြင့် မောင်းဝင်လာရာမှ လမ်းဘေးတစ်နေရာဝယ် ထိုးရပ်လိုက်ပြီး မောင်မောင်ဇင်မှာ ကားထဲမှ ကုပ်ချောင်းချောင်းထွက်လာကာ လူမနေသော ချုံနွယ်ပိတ်ပေါင်းတို့ထူထပ်နေသည့် ခြံကြီးတစ်ခြံအား ဖြတ်သန်းလာခဲ့ပြီးနောက်နောက်ဖေးလမ်းကြားအတိုင်း ခင်ခင်တင့်တို့၏ ခြံနောက်သို့ ခပ်သုတ်



သုတ်လျှောက်လာရာမှ ပုဏ္ဏရိတ်စည်းရိုးကိုဖြဲလျက် ခြံထဲသို့ဝင်လာပြီးလျှင် နောက်ဖေးအရေးပေါ် သံလိုက်လှေကားမှနေ၍ တိုက်ခံအိမ်ကြီး၏ အိမ်ပေါ်ထပ်သို့ ခြေသံမကြားရအောင် တက်လာလေ၏။

ခင်ခင်တင့်မှာ လရောင်ကိုအားပြုလျက် သူ့ခြံထဲဝင်လာသည်ကို အိမ်ပေါ်ထပ်မှ စောင့်ကြည့်နေသလားမသိ။ သူကြောင်လိုက်သံလှေကားထိပ်သို့ရောက်သည်နှင့် အိမ်ပေါ်ထပ် နောက်ဖေးတံခါးရွက်သည် တဖြည်းဖြည်း ပွင့်လာပြီးလျှင် တံခါးဝ၌ ကျော့ရှင်းစွာရပ်နေသော ခင်ခင်တင့်ကို တွေ့ရလေ၏။

ခင်ခင်တင့်က မောင်မောင်ဇင်၏လက်ကို ရဲတင်းစွာ ဆွဲကိုင်ပြီးလျှင်...

''လာ''

ဟုခေါ်ကာ စကြံနံလမ်းလေးအတိုင်း အိမ်ထဲဝင်သွားရာမှ တံခါးဖွင့်ထားသော မီးရောင်ဖြာနေသည့် အခန်းတစ်ခုထဲသို့ ခေါ်သွားရာ လွန်စွာကျယ်ကာ သန့်ပြန့်ခမ်းနားလှသော အိပ်ခန်းကြီးတစ်ခုထဲသို့ မောင်မောင်ဇင် ရောက်ရှိသွားတော့၏။

ထိုအခါမှ ခင်ခင်တင့်သည် အိပ်ခန်းတံခါးရွက်ကို ပွေ့ပိုက်ပြီး တံခါးရွက်ကို ကျောမှီကာ မောင်မောင်ဇင်ကို ညို့မျှားပန်းတို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြုံးမူမူလေးကြည့်လိုက်ရာ . . .

မောင်မောင်ဇင်မှာ အိပ်ခန်းမျက်နှာကျက်မှ လျှပ်စစ်မီးရောင်အောက်ဝယ် လှချင်တိုင်းလှနေသော ခင်ခင်တင့်ကို စူးစူးရဲရဲကြည့်ရင်း ရဗ်တခုန်ခုန်ရမွှက်သွေး တကြွကြွဖြစ်သွားရလေတော့၏။

ခင်ခင်တင့်မှာ ဆံပင်ရှည်ကြီးကို ဖားလျားချထားလျက် အနက်ရောင် အောက်ခံဘော်လီအင်္ကျီပေါ်မှ ပဒုမ္မာသား အပြာနုရောင် အင်္ကျီပါးပါးလေးကို ဝတ်ထားပြီး ဖွံ့ထွားလှသော ခန္ဓာကိုယ်အောက်ပိုင်းဝယ် စုရတီလုံချည်အပြာရောင်လေးကို ခပ်တင်းတင်းလေး ဝတ်ထားရာ သူမ၏အလှမှာ ဥစ္စာစောင့်မလေးလား၊ နတ်မိမယ်လေးလား ထင်ရလျက် 'မ'နှင့်ပတ်သက်၍ အပွဲပွဲနွှဲလာသော မောင်မောင်ဇင်ပင် ခင်ခင်တင့်၏ အလှကွန်ယက်ဝယ် သတိလက်လွတ်မတတ် မျောပါသွားရလေတော့၏။

ထို့နောက်မှ သူသည် တစ်ကိုယ်လုံး သွေးတွေပူလာပြီး

''တင် . . . တင့်လေးရယ် လှလိုက်တာ ချစ် . . . ချစ်လိုက်တာ''

ဟုရေငတ်ဝမ်းကျသံဖြင့် အငမ်းမရပြောပြီး ခင်ခင်တင့်၏ ကိုယ်လုံးအိအိလေးကို သိမ်းကျုံးဖက်လိုက်စဉ် . . .

''တီ . . . တီ''



ဟူသောကားဟွန်းသံကြားလိုက်ရကာ ခြံထဲသို့ ကားတစ်စင်း မောင်းဝင်လာသံကိုပါ ဆက်လက်ကြားလိုက်ရသဖြင့် ခင်ခင်တင့်အား ဖက်ထားသောလက်များကို ဆတ်ခနဲပြန်ရုပ်လိုက်ကာ ခန္ဓာကိုယ်တစ်ခုလုံး တုန်ရင်သွားပြီး . . .

''ဟင် . . . ဦး . . . ဦးဂန္ဓာမာ ပြန်လာပြီနဲ့တူတယ်''

ဟု ထိတ်လန့်တျောက်ချားစွာ ပြောလိုက်သော်လည်း ခင်ခင်တင့်မှာမူ ပြုံးမြဲပြုံးရင်း . . .

''လာတော့ ဘာဖြစ်လဲ မောင်ရဲ့ သူ့ဘာသာလာပါစေပေါ့။ အိမ်ပေါ်ကောင်မလေးတွေကို မြို့ထဲမှာ အငြိမ့်သွားကြည့်ဖို့ လွှတ်ထားပေမယ့် အိမ်ရှေ့သံဘာဂျာတံခါးကိုတော့ ချိတ်ယုံချိတ်ပြီး ဖွင့်ထားပါတယ်။ သူ့ဘာသာအိမ်ထဲဝင်လာလိမ့်မယ် ဘာမှမပူနဲ့''

ဟုအေးအေးဆေးဆေး လေသံဖြင့် ပြောလိုက်ရာ ခင်ခင်တင့်၏ အပူအပင်မဲ့သော အေးစက်စက်အမူအရာကို ကြည့်ပြီး မောင်မောင်ဇင်မှာ နားမလည်နိုင်အောင်ဖြစ်သွားစဉ် အောက်ထပ်မှ သံဘာဂျာတံခါးဖွင့်သံ၊ ပြန်ပိတ်သံ၊ အိမ်ထဲသို့ လူတစ်ဦးဝင်လာသံ လှေကားမှတက်လာသံတို့ကို ကြားရရာမှ . . .

''တင့်တင့်ရေ . . . တင့်တင့်''

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးဂန္ဓာမာ၏ အော်ခေါ်သံကြီးကိုပဲ ကြားလိုက်ရာ မောင်မောင်ဖင်းလည်း ခြေများလက်များတို့ အေးစက်သွားပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ အကြီးအကျယ် ထွေးမှုက်သျောက်ချားသွားစဉ် ခင်ခင်တင့်က မောင်မောင်ဖင်၏လက်ကို အိပ်ခန်း၏နံရံတစ်ဖက်ဆီသို့ ဆွဲခေါ်သွားပြီး နံရံကပ်မတ်တပ်ရပ်ဗီရို၏ တံခါးရွက်ကို ဆွဲဖွင့်လိုက်ကာ..

''ဘာမှမပူပါနဲ့ မောင်ရဲ့ ဒီအထဲသာဝင်နေလိုက်''

ဟု အေးအေးလူလူ အမူအရာဖြင့် ညွှန်ပြလိုက်ရာ မောင်မောင်ဖင်မှာ မတ်တတ်ဗီရိုထဲသို့ လျှင်မြန်စွာဝင်ပြီး ဗီရိုအတွင်းနံရံကို ကျောကပ်ရပ်လိုက်ရလေ၏။

ထိုအခါမှ ခင်ခင်တင့်က ဗီရိုတံခါးရွက်ကို ပြန်ပိတ်ရှိုက်ကာ အပြင်မှသော့ခတ်လိုက်လေတော့၏။

ထိုစဉ် အိပ်ခန်းဝမှ တံခါးရွက်ပွင့်သွားပြီး တံခါးဝဝယ် ဦးဂန္ဓမာ ပေါ်လာတော့သည်။

''တင့်တင့် အောက်ထပ်မှာလဲ ခင်စီတို့ မညိုတို့ မတွေ့ပါလား။ ဘယ်သွားကြသလဲ''

ဟု ဦးဂန္ဓမာက မေးလိုက်ရာ ခင်ခင်တင့်က ပြုံးလျက်မှ



ဦးဂန္ဓမာ၏ ကုတ်အင်္ကျီကြီးအား ကူချွတ်ပေးရင်း...

''စိန်ပန်းရပ်မှာ အငြိမ့်ကောင်းတယ်ဆိုလို့ တစ်ခါတစ်လေ ကြည့်ပါရစေဆိုပြီး ခင်တင့်လွှတ်လိုက်တယ်ကိုကြီးရဲ့''

''ဒါထက် ကိုကြီးရဲ့ ရန်ကုန်က ချည်သည်တွေကို ညစာကောင်းကောင်း ကျွေးလိုက်နိုင်ရဲ့လား လုပ်ငန်းကိစ္စရော အဆင်ပြေရဲ့လား''

ဟုခပ်အေးအေးမေးလိုက်ပြီး ကုတ်အင်္ကျီကို နံရံမှချိတ်တစ်ခုဝယ်သွားချိတ်လိုက်၏။ ဦးဂန္ဓမာမှာ ခုတင်ပေါ်ဝယ် လှဲအိပ်လိုက်ရင်း

''သူတို့က တရုတ်တွေဆိုတော့ မြို့ထဲက 'နဂါးနှစ်ကောင်' ဟိုတယ်မှာပဲ ညစာကျွေးလိုက်တယ် တင့်တင့်ရေ သူတို့ကို ကြိုးကြီးချိတ်အဆင်နဲ့ မြင့်မိုရ်ကြီးကြိုးအဆင်တွေ တအားမှာကြတယ်''

ဟုပြောလိုက်ရာ ခင်ခင်တင့်က ဦးဂန္ဓမာ၏ နံဘေးဝယ် ခုတင်စောင်း၌ တင်ပလ္လင်ထိုင်လိုက်ရင်း...

''ရန်ကုန်က အထည်ကုန်သည်တွေကိုတော့ ဂရုပြုပြီး ဆက်ဆံပါကိုကြီးရယ်။ အခုဟာက နိုင်ငံခြားကုန်သည်တွေက ခင်ခင်တင့်တို့ရဲ့ ပိုးထည်တွေထက် တန်ဖိုးပိုနည်းတဲ့ ဖဲထည်တွေကို လိုမ့်သွင်းနေတော့ ပိုးထည်ဈေးကွက်ကလည်း ယိုင်နေတယ်မဟုတ်လား''

www.burmeseclassic.com

www.burmeseclassic.com



ဟု တကယ့်အိမ်ရှင်မကောင်း၊ ဇနီးကောင်းတို့၏ လင်ကို အကြံပေးသည့် လေသံမျိုးဖြင့် တည်တည်ငြိမ်ငြိမ် ပြောလိုက်ပြီး နောက်...

"ဩော်...ဒါထက် ကိုကြီးကိုပြောရဦးမယ်"

ဟု ဦးဂန္ဓမာဘက်သို့ မျက်နှာလှည့်ကာ အရေးတကြီး လေသံဖြင့် ပြောလိုက်ရာ ဦးဂန္ဓမာက မျက်ခုံးထူထူကြီးများကို ပင့်ပြီး

"ဘာများတုန်း တင့်တင့်ရဲ့"

ဟုမေးလိုက်ရာ ခင်ခင်တင့်က သူမ၏လှပသော မျက်နှာလေးကို အလိုမကျသလို ညှိုးပုတ်ပုတ်လေး လုပ်လိုက်ရင်း...

"ဘာရမှာတုန်း ကိုကြီးရဲ့... ကိုကြီးရဲ့ ပါတနာမိတ်ဆွေကြီး မောင်မောင်ဇင်ရဲ့ အကြောင်းပေါ့"

ဟုလေသံခပ်တင်းတင်းဖြင့် ပြောလိုက်ရာ ဦးဂန္ဓမာမှာ အံ့အားသင့်သလိုဖြစ်သွားရာမှ ခေါက်ခနဲ ထထိုင်လိုက်ပြီးလျှင်...

"မောင်မောင်ဇင်ရဲ့ အကြောင်းဟုတ်လား...မောင်မောင်ဇင်က ဘာဖြစ်လို့လဲ"

ဟုကသောကမျော မေးလိုက်သလို ခင်ခင်တင့်၏ စကားကို ဗီရိုထဲမှ ကားလိုက်ရသော မောင်မောင်ဇင်မှာလည်း ခင်ခင်တင့်ကို နားမလည်နိုင်သလို လန့်ဖျတ်သွားရချေ၏။

"အဲဒီ မောင်မောင်ဇင်ဟာ လူကောင်းမဟုတ်ဘူး ကိုကြီးရဲ့ သိလား။ အင်မတန် ယုတ်မာတဲ့လူ ညနေတုန်းက ခင်တင့်ကို ချစ်လှ ချည်ရဲ့ဆိုပြီး အတင်းချစ်ရေးဆိုတယ်လေ"

ဟုပြောလိုက်ရာ ဦးဂန္ဓမာမှာ ထိုင်နေရာမှ ဝုန်းခနဲခုန်ထ လိုက်သလို ဗီရိုထဲမှ မောင်မောင်ဇင်မှာလည်း ဦးခေါင်းကို မိုးကြိုး ပစ်ချခံလိုက်ရသလို အကြီးအကျယ် လန့်ဖျတ်သွားပြီး...

"ဟာ...ဒီဟာမတော့ ငါ့ကိုအယုံသွင်း ဗီရိုထဲထည့် သော့ ခတ်ပိတ်ပြီးမှ ဒုက္ခလှလှပေးပြီထင်တယ်...တောက်...ဒီတစ်ခါ တော့ ငါ့မှာ မြွေပါးပုလင်းထိပါပြီကွာ...ငါ...ငါဘယ်လိုလုပ်ရပါ့ မလဲ"

ဟုယောက်ယက်ခတ်စွာတွေးရင်း ချောက်ချားတုန်လှုပ်လွန်း သဖြင့် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားလေတော့၏။

ထိုအချိန်၌ ဦးဂန္ဓမာမှာ ခုတင်ခေါင်းရင်းအနီးရှိ ဗီရိုပုလေး ၏ အံဆွဲကိုဆွဲဖွင့်လိုက်ကာ လိုင်စင်ဖြင့် ကိုင်ဆောင်သော ခြောက် လုံးပြူးသေနတ်ကို ဆွဲထုတ်ယူလိုက်ပြီးလျှင်...

"ဟင်...အဲဒီကောင်က ဒီလိုပဲ ယုတ်မာသလား...ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူ့ကိုလူကြီးလူကောင်းထင်ပြီး ဆက်ဆံနေတာ။ တင့်တင့်ကိုဒီလိုပြောသတဲ့လား...တွေ့မယ်...တွေ့မယ်...တောက်...ဂန္ဓမာရဲ့ အကြောင်းပြရဦးမယ်။ ဂန္ဓမာဆိုတဲ့ကောင်က လူဖြောင့်စိတ်တိုနော်။ တင့်တင့်ကို ဒီလိုကြာကူရီရိုက်လို့ကတော့ သင်းကိုပုလိပ်လက်မအပ်ဘူး။ ကိုကြီးကိုယ်တိုင် ဟောဒီသေနတ်နဲ့ နေရာတင်ပဲ ပစ်သတ်လိုက်မယ်''

ဟု ရှူးရှူးရှားရှားဖြစ်ကာ ဒေါသတကြီး ပြောလိုက်ရာ ဗီရိုထဲ၌ ချောင်ပိတ်မိနေသော ကြာကူရီ မောင်မောင်ဇင်မှာ ဇောချွေးများပျံလာပြီး ဒူးများဆတ်ဆတ်တုန်လာတော့၏။

ခင်ခင်တင့်က လုပသော မျက်နှာလေးကို ပြုံးလိုက်ရင်း

''အို...ကိုကြီးကလည်း ဒီလောက်လည်း ဒေါသမကြီးပါနဲ့လေ။ သူ ကြာကူရီရိုက်ဖို့ ကြိုးစားတော့ရော ခင်တင့်ပါမှ ဖြစ်မှာပါ ကိုကြီးရဲ့''

ဟုပြောလိုက်သော်လည်း ဦးဂန္ဓမာမှာ မုန်ယိုသောဆင်ကြီးနှယ် ဒေါသမပြေနိုင်ဘဲ သေနတ်တရမ်းရမ်းဖြင့် ဗီရိုကြီးရှေ့မှ ခေါက်တုန့်ခေါက်ပြန် လျှောက်လျက်ရှိရာ ဗီရိုထဲမှ မောင်မောင်ဇင်မှာ သူ ဤဗီရိုထဲ၌ရှိနေကြောင်း ခင်ခင်တင့် ဘယ်အချိန်မှာ ပြောလိုက်မည်လဲ



ထိုအခါ ဦးဂန္ဓမာက ဗီရိုတံခါးကို ဆွဲဖွင့်ကာ ခြောက်လုံးပြူးဖြင့် ဒေါသတကြီး ဘယ်တော့ပစ်လိုက်မလဲဟု တွေးကာ နေရာတွင်ပင် အသက်ပျောက်မတတ် အချောက်ချားကြီး ချောက်ချားနေလေတော့၏။

''ဒီမှာ ကိုကြီးရဲ့ အဲဒီလူကိုတွေ့ရင် ခြောက်လုံးပြူးနဲ့လည်း မပစ်ပါနဲ့။ အဲဒီလူလို တန်ဖိုးမဲ့တဲ့လူနဲ့ ကိုကြီးလို လူ့အဖိုးတန်ကြီးကို ခင်တင့်မလဲနိုင်ဘူးသိလား''

''သူ့ကိုသတ်ပြီး ကိုကြီးကြိုးစင်တက်ရရင် ခင်တင့်မှာသာ လင်သားဆုံးပြီး မုဆိုးမ ပဋ္ဌာမြေလူးဖြစ်ရမှာ''

''ခင်တင့်က ကိုကြီးလူရဲ့အကြောင်း ကိုကြီးသိယုံပဲ ရည်ရွယ်တာပါ။ သူတကယ်ပဲ လူယုတ်မာ ကြာကူရီဟုတ်မဟုတ် ကိုကြီးကိုယ်တိုင် မျက်မြင်ဒိဋ္ဌတွေ့သွားရင် ခင်တင့်ကျေနပ်ပါပြီ''

''အဲဒီလို သိသွားမှ ကိုကြီးက နောက်ကို သူဒီအိမ်မလာဖို့ မောင်းထုတ်လိုက်ပေါ့''

ဟုလေပြေလေးဖြင့် ချော့မော့ပြောလိုက်ပြီးလျှင်

''ကဲ...ပေးပါကိုကြီးရယ် ကိုကြီးရဲ့လက်ထဲက သေနတ်က ကိုကြီးအတွက် အန္တရာယ်များလွန်းပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



ဟုချော့ပြောကာ ဦးဂန္ဓမာ၏ လက်ထဲမှ သေနတ်ကို ယူလိုက်ရာ...

''ဒါဆို ကိုကြီးက ဘာလုပ်ရမှာလဲ''

ဟု ဦးဂန္ဓမာက မေးလိုက်လျှင်...

''ဒီလိုကိုကြီးရဲ့ သူကဒီည ကိုကြီးအိမ်ပြန်ရောက်ပြီး အိပ်မောကျသွားတဲ့အချိန် (၁၀)နာရီလောက်မှာ ခင်တင့်တို့ရဲ့ မြို့ရှေ့ပိုင်း စပယ်အိုးပုတ်ပန်းရုံနံဘေးက ကျောက်ခုံလေးမှာ စောင့်နေပါတဲ့။ သူလာခဲ့မယ်တဲ့ ခင်တင့်ကို ချိန်းထားတယ်လေ။ ခင်တင့်ကလည်း သူ့အကြောင်းလက်တွေ့ပြချင်လို့ စောင့်နေမယ်။ ဆက်ဆက်လာခဲ့လို့ ပြောလိုက်တာပေါ့။ တကယ်တုန်းတော့ ခင်တင့်က သူ့ဆီဘယ်သွားပါ့မလဲ''

''ဒီတော့ ကိုကြီးက သူ့ကိုလက်တွေ့စောင့်ဖမ်းဖို့ ဟောဒီ စုရတီလုံချည်လေးဝတ်''

''ဟောဒီ ခင်တင့်ဝတ်နေကျ သားမွေးအနွေးထည်ကိုဝတ်''

''ပြီးတော့ ဒီဆံပင်တုကြီးကို ခေါင်းမှာစွပ်ပြီး''

''၁၀ နာရီဝန်းကျင်လောက်မှာ အဲဒီကြာကူရီကောင် ရောက်လာပြီး ကိုကြီးကို ခင်တင့်အမှတ်နဲ့ လာဖက်တာတို့ စကားပြောတာ



တို့ လုပ်လိမ့်မယ်။ ဒါဆို ဒီလူမရိုးသားသလား၊ ရိုးသားသလား ကိုကြီးကိုယ်တိုင် သိသွားမှာပဲ''

''ကဲ...ကိုကြီး အဲဒီလိုစောင့်ပြီး အမိသွားဖမ်းချေ။ ခင်တင့်ကတော့ သူ့ကိုဒေါသဖြစ်ပြီး စိတ်တွေလှုပ်ရှားလွန်းလို့ ရင်တုန်ပြီး ခေါင်းမူးလာတာနဲ့ ဒီခုတင်ပေါ်မှာ ခဏလှဲပြီး နားပါရစေတော့ ကိုကြီးရယ်''

ဟုလေသံပျော့တော့တော့လေးဖြင့် ပြောလိုက်ရာ...

''အင်း...ခင်တင့် နေထိုင်သိပ်မကောင်းရင်လည်း လှဲနေလိုက်လေ။ ကိုကြီးကတော့ ခင်တင့်ကို ဒုက္ခပေးသွားတဲ့ အဲဒီကြာကူရီကောင်ကို လက်ရဖမ်းဖို့ ခင်တင့်ပြောတဲ့အတိုင်း ခင်တင့်အယောင်ဆောင်ပြီး သွားစောင့်နေလိုက်မယ်...တွေ့ကြသေးတာပေါ့''

ဟုအံကြိတ်ရင်းပြောကာ သူ၏တိုဘရက်ကိုးလုံချည်နေရာဝယ် စုရတီထမီ ရှားရောင်လေးကို ပြောင်းဝတ်လိုက်ပြီး သိုးမွေးအနွေးထည်ကို ရှပ်အင်္ကျီအပေါ်မှ ထပ်ဝတ်လိုက်ကာ ခင်ခင်တင့်ကမ်းပေးနေသော ဆံပင်တုကြီးကို ဦးခေါင်းဝယ်စွပ်လိုက်လေတော့၏။

ခင်ခင်တင့်က ဦးဂန္ဓမာ၏ အသွင်ပြောင်းတော့ပုံကို သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျစ္စာကြည့်ရင်း...

''ဟုတ်ပြီ...အဲဒီလို အသွင်အပြင်မျိုးနဲ့ ပန်းခြံထဲက ကျောက်ခုံမှာထိုင်နေလို့ကတော့ လရောင်နဲ့ဆို မောင်မောင်ဇင်က ကိုကြီးကို ခင်တင့်လို့ ထင်သွားမှာပဲ။ ကဲ...သွား...သွား...သူ နောက်ကျရင်လည်း ဆယ်နာရီခွဲကျော်တဲ့အထိ စောင့်နေသီလား ကိုကြီး''

ဟုသေသေချာချာ မှာနေရာ ဦးဂန္ဓမာမှာ ခေါင်းကြီးညိတ်လိုက်မြီး...

''စိတ်ချ...အဲဒီကောင်မလာမချင်းစောင့်မှာ''

ဟုပြောကာ အိပ်ခန်းထဲမှ ထွက်လျက် ကျွန်းလှေကားကြီး အတိုင်း အောက်ထပ်သို့ ဆင်းသွားပါတော့သတည်း။

ထိုအခါမှ ခင်ခင်တင့်မှာ အိပ်ခန်းတံခါးကို ပိတ်ကာ အတွင်းမှ ချက်ချလိုက်ပြီး ဗီရိုဆီသို့ လှမ်းလျှောက်သွားလျက် ဗီရိုသော့ကို လှည့်ကာ တံခါးရွက်ကို ဖွင့်လိုက်ပြီး...

''ကဲ...ဘူတားကြီးကို ရှင်းထုတ်လိုက်ပြီ မောင်''

ဟုပြုံးပြုံးလေး ပြောလိုက်ရာ ဗီရိုထဲမှ မောင်မောင်ဇင်မှာ လျှင်မြန်စွာ လှမ်းထွက်လိုက်လျက်...

''ပိုင်လိုက်တာ အချစ်ရယ်...မင်းလေးရဲ့လှည့်ကွက် ပိုင်



လိုက်တာ။ မောင်တောင် ဉာဏ်မမှီနိုင်အောင် ဖြစ်သွားကယ်''

ဟု ဝမ်းသာအားရပြောကာ ခင်ခင်တင့်၏ ကိုယ်လုံးလေးအား ခုတင်ဆီသို့ ဆွေ့ခနဲ ပွေ့ယူသွားပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် တစ်နာရီခန့်ကြာသောအချိန်တွင်မူ ခင်ခင်တင့်သည် ခုတင်ပေါ်မှ လျှောဆင်းလိုက်ပြီးလျှင် သူမ၏ ဆံပင်ရှည်ကြီးကို တစ်ပတ်လျှိုထုံးလိုက်ကာ တွန့်ကြေသွားသော အဝတ်အစားတို့ကို ဆွဲဆန့်လိုက်လေ၏။

ထို့နောက် အခန်းထောင့်မှောင်ရိပ်ဝယ် ထောင်ထားသည့် နှစ်တစ်လက်မ ဘုတ်တစ်ချောင်းကို သွားယူလိုက်ကာ . . .

"ကဲ . . . မောင် . . . ဖိမ်ယူမနေနဲ့ထတော့ . . . ဟောဒီတုတ်ကိုယူပြီး ခြေသံလုံလုံနဲ့ အိမ်အောက်ထပ်ကို ဆင်းသွားပြီးရင် ပန်းခြံထဲ အသာဝင်ပြီး စံပယ်အိုးပုတ်ပန်းရုံနံဘေးက ကျောက်ခုံမှာ ထိုင်နေမယ့် ဦးဂန္ဓာမာရဲ့ နောက်ကျောဘက် ကပ်သွားလိုက်"



"သူ့အနားရောက်တာနဲ့ . . . ဟင် . . . ဗိုင်းတာမ နင်ဟာ ငါ့ရဲ့ချစ်မိတ်ဆွေကြီး ဦးဂန္ဓမာရဲ့အပေါ်မှာ သစ္စာတကယ်ရှိမရှိ သိချင်လို့ နင့်ကိုချိန်းတာ။ နင်ဟာသစ္စာမဲ့သူမို့ ငါချိန်းတဲ့အတိုင်း လာစောင့်နေတာပေါ့ ဟုတ်လား . . . ကဲဟာ . . . ငါ့မိတ်ဆွေကြီး ဦးဂန္ဓမာအပေါ် သစ္စာမဲ့ဦးလို့ ပြောပြီး နောက်ကနေ နာနာသာရိုက်ပေတော့ အဲဒီအခါ သူထွက်ပြေးသွားလိမ့်မယ်။ သူထွက်ပြေးရင်တော့ နောက်က မလိုက်ဘဲ ခြံပြင်ကိုသာတစ်ခါတည်း ထွက်သွားပေတော့ သိလား"

ဟုသေချာမှာလျက် တုတ်ကို မောင်မောင်ဇင်၏ လက်ထဲထည့်ကာ အိပ်ခန်းအပြင်သို့ တွန်းလွှတ်လိုက်လေတော့၏။

မောင်မောင်ဇင်လည်း ခင်ခင်တင့် ညွှန်ကြားစေခိုင်းသည့်အတိုင်း နှစ်တစ်လက်မတုတ်ကိုယူကာ အိမ်ပေါ်ထပ်မှ ဆင်းလာခဲ့ပြီးလျှင် အိမ်ထဲမှ ပုန်းလျှိုးကွယ်လျှိုးထွက်လျက် ပန်းခြံထဲသို့ ပန်းရုံများကိုကွယ်ကာ ခြေသံဖွဖွဖြင့် ဝင်ခဲ့ပြီးနောက် လရောင်အောက်ဝယ် သူ့ကိုကျောခိုင်းထိုင်နေသော ဦးဂန္ဓမာ၏ နောက်နားဆီသို့ ချဉ်းကပ်သွားကာ . . .

"ဟင် . . . မြွေဟောက်လို လျှာနှစ်ခွနဲ့မိန်းမ . . . ကျုန်နှစ်ဖက်နင်းချင်တဲ့ မျောက်မထားမ . . . နင်ဟာ ငါ့ရဲ့မိတ်ဆွေကြီး ဦးဂန္ဓမာ

www.burmeseclassic.com

www.burmeseclassic.com



အပေါ် သစ္စာတကယ်ရှိ၊ မရှိသိချင်လို့ နင့်ရဲ့စိတ်ကိုစမ်းတဲ့အနေနဲ့ ဒီညချိန်းကြည့်တာဟဲ့ သိရဲ့လား''

''ခုတော့ နင်ဟာတကယ့်ကို သစ္စာမဲ့တဲ့ မိန်းမယုတ်ပဲ။ ကဲဟာ...ငါ့ရဲ့မိတ်ဆွေကြီးအပေါ် သစ္စာမဲ့ဦး...မဲ့ဦး''

ဟုပြောလျက် တုတ်ဖြင့် ဦးဂန္ဓမာအား နာနာကြီးဆော်တော့ရာ ,လေးငါးချက်ခန့် အတီးခံရသည့်အထိ ဦးဂန္ဓမာမှာ အသံလုံးဝ မထွက်ဘဲ ပေခံလျက်မှ ခေါင်းမှသွေးတစ်ချက် ဖြာအကျဝယ် ဆက်လက်မခံစားနိုင်မတော့ဘဲ နေရာမှထပြေးလေတော့၏။

ထိုအခါမှ မောင်မောင်ဇင်မှာ တုတ်ကိုပစ်ချပြီး ခြံတံခါးဝ ဆီပြေးသွားကာ ခြံတံခါးကို ကျော်တက်လျက် မှောင်ထဲသို့ ထွက်ပြေး ပျောက်ကွယ်သွားတော့၏။

နောက်ထပ်မိနစ်နှစ်ဆယ်ခန့်အကြာတွင်တော့ ဦးဂန္ဓမာသည် သူ၏ခေါင်းကိုပတ်တီး အဖွေးသားစည်းထားလျက်မှ ခင်ခင်တင့်လဲလျောင်းနေရာ အိပ်ခန်းထဲသို့ ဝင်လာပြီးလျှင် ဝမ်းမြောက် ဝမ်းသာအသံကြီးဖြင့် ...

''တင့်တင့်ရေ သူတော်ကောင်းကိုမှ မင်းပြစ်မှားမိပြီကွယ့် သိလား။ .မောင်မောင်ဇင်ဟာ တကယ်တော့ သူတော်ကောင်း



မိတ်ဆွေကောင်းကွယ့်။ ကျုပ်အတွက် သစ္စာအရှိဆုံး ကျုပ်ရဲ့ အကျိုးကို အကြည်ညိုဆုံးမိတ်ဆွေစစ်ကို ရပြီကွယ့်''

''တကယ်တော့ သူဟာ မင်းကိုကြာကူရှိရိုက်ချင်လို့မှ မဟုတ်ဘဲ။ မင်း ကျုပ်အပေါ်သစ္စာရှိမရှိ သိချင်လို့ ဒီညချိန်းရတာတဲ့လေ''

''အို...ဘာပြောကောင်းမလဲ...လင်အပေါ်သစ္စာမဲ့တဲ့ ကောင်မ...ငါ့ရဲ့မိတ်ဆွေကြီး ဦးဂန္ဓမာအပေါ် သစ္စာမဲ့ဦးကွာ မဲ့ဦးကွာ ဆိုပြီး ကျုပ်ကိုမင်းအမှတ်နဲ့ ဗွယ်ထည့်လိုက်တာ ဟောဒီခေါင်းကွဲ သွားရောကွယ့် ... ဟေး...ဟေး...ဟေး''

ဟုခေါင်းကွဲရသည့်ကိုပင် အိုင်ယာလန်ထီပေါက်သလို ဝမ်းသာအားရကြီး ပြောလိုက်ရာ ခင်ခင်တင့်မှာ စုတ်တသပ်သပ်လုပ်ရင်း

''အို...ကိုကြီးရယ် ဖြစ်ရလေ သူစိတ်စမ်းတာကလည်း ကိုကြီးကို ခေါင်းကွဲတဲ့အထိ လုပ်ရတယ်လို့၊ သူ့ကိုခင်တင့်ပြင့် ရန်တွေ့ လိုက်ချင်ရဲ့''

ဟုမာန်ပါပါလေးဖြင့် ပြောလိုက်ရာ ဦးဂန္ဓမာမှာ လက်ဖဝါး နှစ်ဖက် ကပျာကယာကာပြရင်း...

''အိုး...ကျုပ်ရဲ့မိတ်ဆွေ သူတော်ကောင်းကြီးကို ထပ်မပြစ် မှားချင်ပါနဲ့ကွယ်''

www.burmeseclassic.com

www.burmeseclassic.com



''သစ္စာရှိတဲ့ မိတ်ဆွေစစ်ရဖို့ ကိုကြီးဒီလောက်တော့ အနစ်နာခံရမှာပေါ့။ ရင်းရမှာပေါ့ မဟုတ်ဘူးလား တင့်တင့်ရယ်''

ဟုပြောရင်းမှ သူ၏အဝတ်အစားများကို ပြန်လဲလှယ်ဝတ်ဆင်လိုက်ပြီးနောက်...

''တင့်တင့်ရေ ဒီညဟာဖြင့် ကိုကြီးရဲ့ ဘဝအတွက် ဆုလာဘ်နှစ်ခုရလိုက်တဲ့ မင်္ဂလာညပဲကွယ့် ... သိလား''

''ဆုလာဘ်ကြီးတစ်ခုက မောင်မောင်ဇင့်လို သစ္စာရှိမိတ်ဆွေကိုရတာပဲကွယ့်''

''နောက် ဒီထက်တန်ဖိုးကြီးတဲ့ ဆုလာဘ်ကတော့ ဟောဒီမယားအလိမ္မာ မိန်းမမြတ် သစ္စာရှင်မလေးတင့်တင့်ပဲကွယ်'

''တင့်တင့်သာ သစ္စာတကယ်မရှိရင် မောင်မောင်ဇင် ချိန်းတာကို တကယ်ထင်ပြီးသွားမှာပေါ့ မဟုတ်လား''

''ခုတော့ တင့်တင့်က ကိုကြီးအပေါ် တကယ့်ကို မြတ်မြတ်နိုးနိုးနဲ့ သစ္စာခိုင်ကြည်သူမို့ မောင်မောင်ဇင် ချိန်းထားတာကို ကိုကြီးသိအောင်ဖွင့်ပြောတိုင်တန်းတာပေါ့''

''ဒါကြောင့် ကိုကြီးက ဒီညအဖို့ ဆုလာဘ်ကြီးနှစ်ခုရတာလို့ ပြောရတာပေါ့။ ကိုကြီးလောက် ကံကောင်းတဲ့လူရှိဦးမလား ဟေး ... ဟေး''



ဟုဝမ်းသာအားရ လေသံကြီးဖြင့် ပြောကာ မနောခွေစွာ တဟေးဟေး အော်ရယ်လျက်ရှိရာ ခင်ခင်တင့်မှာ မျက်နှာကို တစ်ဖက်သို့လှည့်ပြီး ကြိတ်ပြုံးပြုံးလိုက်ပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အာဏာဝကာ ရောက်ရှိလာခြင်း

ယခုတလော နိုင်ငံခြားမှ ဖဲထည်များ လိုမ့်ဝင်လာလျက်ရှိရာ ဖဲထည်ထက်ဈေးများစွာကြီးသော ပိုးထည်များမှာ ဈေးကွက်ဝယ် ဖဲထည်များလောက် မတွင်ကျယ်တော့ဘဲ ပိုးအချိတ်ထည်လုပ်ငန်းမှာ ကျဆင်းသည်ထက် ကျဆင်းလာတော့၏။

မြန်မာ့ပိုးထည်လုပ်ငန်းကြီးတစ်ခုလုံး ဒုက္ခအကြီးအကျယ်ရောက်ကာ မြန်မာ့ပိုးကုန်သည်များနှင့် လက်ရက်ကန်းစင်များမှာ နာလန်မထူနိုင်အောင် ဖြစ်လာတော့၏။

လက်ရက်ကန်းရုံ အများဆုံးရှိရာ အရပ်ဖြစ်သော တောင်မြို့ (ခေါ်) အမရပူရမှ ရက်ကန်းရုံ အတော်များများမှ ပိတ်ပစ်ရသည်အထိ အခြေအနေ ဆိုးလာတော့၏။



ကျဆင်းလျက်ရှိသော စီးပွားရေးကို အပတ်ဆည်နိုင်ရန် ဦးဂန္ဓမာမှာ နေ့မနား၊ ညမနားကြိုးစားနေရသဖြင့် မန္တလေးမျက်ပါးရပ်ရှိ အိမ်သို့ တစ်ခါတစ်ရံညပင် မအိပ်နိုင်ဘဲ ရက်ကန်းရုံမှာသာ သေချာစွာ ကြီးကြပ်စေခိုင်းရင်း အချိန်ကုန်နေရတော့၏။

ထိုသို့ နေအိမ်နှင့် ကင်းကွာပြီး ညဥ့်အိပ်ညဥ့်နေ နေရသော်လည်း မန္တလေး၌ ကျန်ရစ်ခဲ့သော ဇနီးချောလေးအတွက် နောက်ဆံတင်း သဝန်တိုပူပန်ခြင်းလုံးဝမရှိပေ။ သူ၏ဇနီးသည် ခင်ခင်တင့်မှာ သူ့အပေါ် လွန်စွာသစ္စာရှိသော မိန်းမမြတ်သစ္စာရှင်မလေးဟုလေးနံ့ခားထစ် ယုံကြည်မိပြီး ဖြစ်သည့်အတိုင်း အိမ်ဖေါ်မလေးနှစ်ဦးနှင့် ပစ်ထားရသော ဇနီးသည်အတွက် စိုးရိမ်ကြောင့်ကြခြင်းမရှိချေ။

သူကဇနီးသည်နှင့် စီးပွားဖက် မိတ်ဆွေမောင်မောင်ဇင်အပေါ်ဝယ် အယုံကြီးယုံပြီး ပေလျက်ထားကာ စီးပွားရေးကိုသာ အာရုံစိုက်လေရာ ခင်ခင်တင့်နှင့် မောင်မောင်ဇင်မှာ ဖိုးကြိုင်းတုတ်ဖြစ်နေပြီး မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဖြစ်နေတော့၏။

နောက်ပိုင်းဝယ် ခင်ခင်တင့်နှင့် မောင်မောင်ဇင်တို့မှာ အာင့်ပိုရဲသည်ထက်ရဲလာပြီး ဦးဂန္ဓမာ အိမ်သို့ညပြန်မအိပ်ဖြစ်သည့် ညတိုင်း မောင်မောင်ဇင်က ခင်ခင်တင့်၏အိမ်မှာ ညလာအိပ်ရာ ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ချက်နှင့် အိမ်ဖေါ်မလေးတို့မှာ ရိပ်မိသိရှိသွားသော်လည်း ခင်ခင်တင့် ကန့်ကွက်ပိတ်နေရန် သူမနှင့် မောင်မောင်ဇင်၏ သတင်းပေါက်ကြား သွားပါက သတ်ပစ်မည်ဟု ကြိမ်းမောင်းထားရလေ၏။

တစ်နေ့သ၌ မြင်းလှည်းတစ်စီးသည် မျက်ပါးရပ်ထဲသို့ မောင်းဝင်လာပြီးလျှင် ဦးဂန္ဓမာတို့၏ အိမ်ခြံဝင်းရှေ့ဝယ် ရပ်တန့်သွားပြီး မြင်းလှည်းပေါ်မှ အသက်(၄၀)ခန့် လူကြီးတစ်ဦးသည် အဝတ်အစား ကပိုကယိုဖြင့် ဆင်းလာပြီးလျှင် ခြံတံခါးရှိ လူခေါ်ခေါင်းလောင်းကြိုးကိုဆွဲရာ ခဏအကြာဝယ် အိမ်ဖေါ်မလေး ခင်စီမှာ ခြံတံခါးဝသို့ ပြေးထွက်လာပြီးလျှင်...

"ဦးကြီး ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

ဟုယဉ်ကျေးစွာမေးလိုက်ရာ...

"ကျုပ်ရဲ့နာမည်က ဘတင့်လို့ခေါ်တယ်၊ ဒါ ဦးဂန္ဓမာရဲ့ အိမ်မဟုတ်လား။ ကျုပ်နဲ့မောင်မာဟာ ငယ်သူငယ်ချင်းတွေမို့ မန္တလေးမြို့ကို ကိစ္စတစ်ခုနဲ့လာရင်း ကျုပ်ရဲ့သူငယ်ချင်း ဒီမန္တလေးမှာ ရောက်နေတယ်ကြားလို့ ခရီးကြုံ လမ်းကြုံဝင်လာတာပဲကွ"

ဟုပြောလိုက်ရင်းမှ ပွင့်သွားသော တံခါးဝမှ ခြံထဲသို့ ဝင်လာလေတော့၏။



ဦးဘတင့်မှာ သူ၏ငယ်စဉ်ကတည်းက ကစားဖေါ် ကစားဖက် သူငယ်ချင်း၏အိမ်မို့ သူ့အိမ်သူ့ရာနှယ် သဘောထားကာ အိမ်ကြီးထဲသို့ ရဲရဲတင်းတင်း ဝင်လာပြီးလျှင်...

"မောင်မာရှိတယ် မဟုတ်လား။ ဘယ်မှာလဲ မောင်မာကို ခေါ်ပေးလေ"

ဟု ခင်စီဘက်သို့ လှည့်ကာ ခပ်ငေါက်ငေါက် ပြောလိုက်ရာ ခင်စီ၏ခန္ဓာကိုယ်လေးမှာ ဆတ်ခနဲတုန်သွားပြီး...

"ဦး...ဦးကြီး...ဦးဂန္ဓမာအိမ်မှာ မရှိပါဘူးရှင် အမရပူရက သူ့ရဲ့ ရက်ကန်းရုံကို သွားပါတယ်"

ဟုပြောလိုက်ရာ ဦးဘတင်မှာ ခေါင်းကုပ်ရင်း...

"ဪ...သူ့ရက်ကန်းရုံက အမရပူရမှာလား...ဒါဆို သူဘယ်အချိန်ပြန်လာမလဲ"

ဟုထပ်မေးလိုက်ရာ...

"ဟို...ဟိုလေ သူဌေးပြန်မလာတာ နှစ်ရက်ရှိပြီ။ ဦးကြီးရဲ့ ဟို...ဟိုလေ့ သူဌေးကတော်ကတော့ အိမ်ပေါ်ထပ်မှာ ရှိ ရှိတယ်ရှင့်"

ဟု ခပ်ရှုံ့ရှုံ့ဖြင့် ပြောလိုက်ရာ ဦးဘတင့်က ကျွန်းလေ့ကား

www.burmeseclassic.com

www.burmeseclassic.com



ကြီးဆီ လျှောက်သွားပြီး အိမ်အပေါ်ထပ်သို့ မော့ကြည့်လိုက်စဉ် အိမ်ပေါ်ထပ်မှနေ၍ ကျွန်းလှေကားကြီးအတိုင်း ဆင်းရန် ဟန်ပြင်ရင်းမှ တစ်ဦးခါးကိုတစ်ဦး ဘေးတိုက်သိုင်းဖက်လာသူ ခင်ခင်တင့်နှင့် မောင်မောင်ဇင်ကို ဦးဘတင့် မြင်သွားရာ မျက်မှောင်ကြီးကုပ်ပြီး ခင်ခင်တင့်တို့စုံတွဲကို စူးစမ်းသောအကြည့်ဖြင့် စူးစူးရဲရဲကြီး မော့ကြည့်နေရာ ခင်ခင်တင့်မှာ သူမ၏အိမ်ထဲ ရောက်ရှိနေသော သူစိမ်းယောကျ်ားတစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် လွန်စွာ အံ့အားသင့်သွားသည်နှင့်အမျှ ဒေါသပါ ထောင်းခနဲ ထွက်သွားလေ၏။

''ဟင်...ရှင်...ရှင်ဘယ်သူလဲ''

ဟု ပျာပျာသလဲ မေးလိုက်ရင်းမှ မောင်မောင်ဇင်၏ခါးကို သိုင်းဖက်ထားသော လက်များလျှင်မြန်စွာ ရုတ်လိုက်လေ၏။ ခင်ခင်တင့်ကို ပိုင်စိုးပိုင်နင်း ဖက်ထားသော မောင်မောင်ဇင်မှာလည်း လက်ကိုအသာရုတ်ကာ ဦးဘတင့်ကို ငုံ့ကြည့်နေလျက်မှ မျက်နှာအကြီးအကျယ် ပျက်သွားတော့၏။

''ဒီ...ဒီမှာ ရှင်ဘယ်သူလဲလို့ မေးနေတယ်လေ။ ရှင်ဘာကိစ္စနဲ့ ကျွန်မရဲ့အိမ်ထဲ ရောက်လာတာလဲ''

ဟု ခင်ခင်တင့်က ဒေါသသံဖြင့် ထပ်မေးရင်း လှေကား



မှဆင်းလာရာ ဦးဘတင့်က မောင်မောင်ဇင့်ကိုတစ်လှည့် လွန်စွာချောမောသော ခေတ်ဆန်ဆန် ဝတ်စားထားသည့် ခင်ခင်တင့်ကိုတစ်လှည့် စူးစူးဝါးဝါးကြီး ကြည့်နေရာမှ...

''ကျုပ်ဟာ ဒီအိမ်ပိုင်ရှင် သူဌေးဦးဂန္ဓမာရဲ့ ငယ်သူငယ်ချင်းပဲ .. မင်းကရော မောင်မာရဲ့ဇနီး သူဌေးကတော်လား''

ဟု လေသံမှန်မှန်ဖြင့် မေးလိုက်လေ၏။ ခင်ခင်တင့်မှာ ဦးခေါင်းကို မညိတ်ချင်ညိတ်ချင် ညိတ်လိုက်ပြီး...

''ဟုတ်တယ်...ကျွန်မက ဦးဂန္ဓမာရဲ့ဇနီး ခင်ခင်တင့်ပဲ''

ဟုမလွှဲသာမရှောင်သာ ဖြေလိုက်ရလေတော့၏။

''ဟုတ်ပြီ...ဒါဆို မောင်မာဘယ်မှာလဲ။ ကျုပ်ရဲ့ ငယ်သူငယ်ချင်းကို ကျုပ်တွေ့ချင်လို့ လာလည်တာ''

ဟုပြောလိုက်ရာ ခင်ခင်တင့်မှာ မျက်နှာလေးအိုအိုဖြင့် ..

''သူဒီမှာမရှိဘူး...သူရက်ကန်းရုံရှိတဲ့ အမရပူရမှာ သွားနေတာနှစ်ရက်ရှိပြီ''

ဟု ခပ်ဆတ်ဆတ်လေး ပြောလိုက်ရာ ဦးဘတင့်က ခေါင်းကိုညိတ်လိုက်ပြီး...

''ကောင်းပြီလေ...ဒါဆိုလည်း ကျုပ်အမရပူရ လိုက်သွား

www.burmeseclassic.com

www.burmeseclassic.com



ယုံပေါ့''

ဟုပြောကာ အိမ်ရှေ့တံခါးဝဆီသို့ ချက်ချင်းလှည့်ထွက်လာခဲ့ရာမှ အိမ်ထဲကထွက်ပြီး ခြံအဝဆီသို့ လျှောက်သွားကာ သူရပ်စောင့်နေရန် မှာကြားခဲ့သော မြင်းလှည်းပေါ် တက်လိုက်ပြီး

''ကဲ . . . မြင်းလှည်းဆရာ အမရပူရကိုသွားမယ်''

ဟုပြောလိုက်ရာ မြင်းလှည်းဆရာမှာ အချိုကြီးမိပြီဟူ၍ သဘောအကျကြီးကျသွားကာ မြင်းဇက်ကြိုးကို ဆွဲလှည့်လျက် သူ၏ မြင်းညိုကြီးကို ကြိမ်နှင်တံဖြင့် ဆတ်ရိုက်လိုက်သည်တွင် မြင်းကြီးမှာ မြို့စွန်သို့ဦးတည် ခရီးနှင်သွားပြီးလျှင် ထိုမှ အမရပူရသို့ သွားရာလမ်းမကြီးပေါ်ဝယ် ဦးဘတင့်ကို သယ်ဆောင်လာသော မြင်းလှည်းကလေးမှာ ခွာသံမှန်မှန်ဖြင့် ခရီးဆက်လျက်ရှိပါတော့၏။



အမရပူရရှိ 'နန်းထိပ်တင်' လွှန်းပုံရက်ကန်းရုံကြီးသို့ ဦးဘတင့် ရောက်ရှိသွားသည့်အခါ ဦးဂန္ဓမာမှာ ရက်ကန်းရုံ နောက်ဘက်ရှိ နှစ်ထပ်အိမ်ကြီး၏ အိမ်ပေါ်ထပ် ရုံးခန်းကြီးထဲမှာ စာရင်းဇယားများ ရေးမှတ်လျက်ရှိလေ၏။

ဦးဂန္ဓမာ မန္တလေး မျက်ပါးရပ်ရှိ အိမ်ကြီးသို့ ပြောင်းသွားကတည်းက ဤရက်ကန်းရုံနောက်မှ အိမ်ကြီး၏ အောက်ထပ်ကို ကုန်ကြမ်း၊ ကုန်ချောများထားရာ ဂိုဒေါင်အဖြစ် အသုံးပြုပြီး အိမ်အပေါ်ထပ်ကိုမူ ဦးဂန္ဓမာ၏ ရုံးခန်းအဖြစ် ဖွင့်လှစ်လိုက်ခြင်း ဖြစ်ပါ၏။

ဦးဂန္ဓမာမှာ စားပွဲကြီးတစ်လုံး၏ နောက်ဝယ် ကြိမ်ကုလားထိုင်ကြီးဖြင့် ထိုင်ရင်း စာရင်းစာအုပ်ကြီးထဲဝယ် စာရင်းအချို့ကို

www.burmeseclassic.com

www.burmeseclassic.com



ရေးမှတ်နေစဉ် လှေကားမှ အလုပ်သမားလေးတစ်ဦး ပြေးတက်လာပြီးလျှင်...

''သူဌေးခင်ဗျာ...သူဌေးရဲ့ သူငယ်ချင်း ဦးဘတင့် ရောက်လာပါတယ်။ သူဌေးဆီ အလည်လာတာပါတဲ့ခင်ဗျာ''

ဟုရိုသေစွာပြောလိုက်လျှင် ဦးဂန္ဓမာမှာ စာရင်းရေးမှတ်နေခြင်းကို ရပ်ဆိုင်းလိုက်ပြီး တစ်စုံတစ်ရာ စဉ်းစားဟန်ဖြင့် ...

''ဘတင့် ... ဘတင့် ... ဟုတ်လား''

ဟု ပါးစပ်မှ ရေရွတ်နေစဉ် လှေကားမှ လူတစ်ဦး တဒုံးဒုံးဖြင့် တက်လာသံကြားရပြီး...

''ဟေ့ မောင်မာ ငါဘတင့်ပါကွ အာဇ္ဈာဝက ဘတင့်လေ''

ဟူသော အသံဝါဝါကြီးနှင့်အတူ လှေကားထိပ်ဝယ် ထွားကျိုင်းမြင့်မားသော ဂရိတ်ကုတ်အင်္ကျီကြီးနှင့် ဦးဘတင့်ကို မြင်လိုက်ရာ ဦးဂန္ဓမာမှာ လွန်စွာဝမ်းသာသွားပြီး...

''ဟာ...ဘတင့် ... အာဇ္ဈာဝကကြီး''

ဟုဝမ်းသာစွာ အော်ဟစ်လျက် ထိုင်ရာမှ ဆတ်ခနဲထကာ စားပွဲကိုကွေ့ပတ်ထွက်လာပြီး ဦးဘတင့်ကို ပြေးဖက်လိုက်လေ၏။ အလုပ်သမားလေးလည်း ဧည့်သည်ကို သူ့သူဌေးထံ ပို့ပြီးပြီမို့



လှေကားမှ ပြန်ဆင်းသွားလေရာ အိမ်ပေါ်ထပ်ရုံးခန်းကြီးထဲဝယ် ဦးဂန္ဓမာနှင့် ဦးဘတင့်တို့နှစ်ဦးတည်းသာ ကျန်ရစ်ခဲ့တော့၏။

''ဘတင့် မင်းဘယ်လိုစုံစမ်းပြီး ငါ့ဆီရောက်လာတာလဲကွ သူငယ်ချင်းရ''

''ဒီလိုပေါ့ကွာ...ဟောဒီမြန်မာပြည်မှာ အာဇ္ဈာဝက မရောက်ဖူးတဲ့အရပ်မရှိဘူး။ မသိတာမရှိဘူးကွ...ဟား...ဟား...ဟား''

''ဒါထက် ဘတင် မင်းအခုဘယ်မြို့မှာ အခြေချပြီး နေနေသလဲ။ မြင်းခြံကိုရော ရောက်သေးသလား။ အလုပ်ကရော ဘာလုပ်နေသလဲ အိမ်ထောင်ရောကျပြီးပြီးလား''

ဟုဦးဂန္ဓမာက မေးလိုက်ရာ ဦးဘတင့်က ထိုင်ခုံတစ်ခုကို ဆွဲယူထိုင်လိုက်ပြီး...

''ငါ ဆယ့်ငါးနှစ်သားအရွယ် မြင်းခြံကခွာကတည်းက မြင်းခြံကို ပြန်မရောက်တော့ဘူးကွ။ မင်းသိတဲ့အတိုင်း ငါကမွေးရာပါခြေဖွာပါသူဆိုတော့ ဘယ်နေရာဒေသမှာမှ အတည်တကျ နှစ်ကြာကြာနေဖြစ်တယ်ရယ်မရှိဘဲ မြန်မာပြည်အနှံ့ ဟိုရောက်သည်ရောက် လျှောက်သွားရရာက အိန္ဒိယပြည်ရော ဟိုးဘက်မြေထဲပင်လယ်ဒေသအထိပါ ရောက်သွားသေးတယ်ကွ''

www.burmeseclassic.com

www.burmeseclassic.com



''အဲဒီလို နေရာဒေသအနှံ့ လျှောက်အသွားကောင်းလို့ ငါ့အဖေ မြင်းခြံမှာသေဆုံးခဲ့တာရော။ ငါ့အမေ မြင်းခြံကနေ ရွှေကျင်မှာရှိတဲ့ ငါ့အဘွားရဲ့အိမ်ကို ပြောင်းသွားပြီး ဘယ်နှစ်လောက်အကြာ ရွှေကျင်မှာ ဆုံးသွားတာရော ငါမသိခဲ့ဘူးကွ''

''လွန်ခဲ့တဲ့နှစ်က ငါရန်ကုန်အရောက်မှာ မြင်းခြံက အသိတစ်ယောက်ပြောမှ ငါ့အမေဆုံးခဲ့ပြီးတာရော ငါ့အမေရွှေကျင် ပြောင်းသွားတာရော သိခဲ့ရတယ်ကွ''

''ဒီလိုနဲ့ ငါလည်းရွှေကျင်လိုက်သွားရော ရွှေကျင်မှာ ငါ့အဘွားရဲ့ အိမ်အိုကြီးပဲ တွေ့ရတော့တယ်။ ငါ့အမေရော၊ အဘွားပါ ဆုံးသွားပြီတဲ့။ အခြားအမျိုးနီးစပ်လည်းမရှိတော့ အဲဒီအိမ်ကြီးကို ငါပဲအမွေဆက်ခံခဲ့ရတာပေါ့ကွာ။ ငါ့မှာလည်း ခုအထိ အိမ်ခြေရာခြေမရှိသေးတော့ အဲဒီရွှေကျင်က အိမ်ကြီးမှာပဲ ငါအခြေချနေနေတယ် ဆိုပါတော့''

''အလုပ်အကိုင်ကတော့ မင်းသိတဲ့အတိုင်း ငါကလူစုံဆိုတော့ ရောက်ရာအရပ်သွား၍ ကြုံရာအလုပ်ကို လုပ်ကိုင်ခဲ့တာပဲကွ။ နာရီပြင်ဆရာ၊ စပါးပွဲစား၊ ဓာတ်ကန်ထရိုက်၊ အဝေးပြေးကားမောင်းသမား၊ လက်ဝှေ့သမား၊ မြွေအလမ္ပါယ်ဆရာ၊ အိုစုံလို့ပါပဲကွာ...



ဟိုစပ်စပ် သည်စပ်စပ်လုပ်ရင်း ရောက်ရာအရပ်မှာ ပျော်နေရာက''

''လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတော့ ငါ့ရဲ့မြွေအလိမ္ပါယ် ဆရာကုလားအဘိုးကြီးနဲ့ အိန္ဒိယဘက်လိုက်သွားရာက တိဗက်ရော၊ အာရေဗျနိုင်ငံတွေအထိရော၊ လျှောက်ရောက်သွားပြီးမှ မြန်မာပြည်ပြန်ရောက်ခဲ့တာကွ''

''ငါ့မှာ ဒီလောက်တောင်စဉ် ရေမရ လျှောက်သွားနေလေတော့ မိန်းမအတည်တကျ ယူဖို့ဆိုတာလည်း မဖြစ်နိုင်ဘူးလေကွာ။ ပြီးတော့ ငါကရှုစ်စပ်က ဂျွန်ခြေလည်ခဲ့သူဆိုတော့ ဒေသအစုံ၊ လူမျိုးအစုံမှာ မိန်းမအစုံနဲ့ ကြုံဖူးတော့ မိန်းမတွေကို အထင်မကြီးတော့ဘူးကွ''

''ဘယ်နေရာဒေသက ဘယ်လူမျိုးက ဘယ်မိန်းမပဲ ဖြစ်ဖြစ် သူတို့တတွေမှာ လုံးဝတူတဲ့အချက်တစ်ချက် ရှိတယ်ကွ၊ အဲဒါကတော့ သူတို့ဟာ အတ္တသမားတွေ ဖြစ်နေတာပဲကွ။ သူတို့အတွက် အကျိုးအမြတ်တစ်ခုခုမကျန်ရင် ဘာမှမလုပ်တဲ့ဟာတွေ ပြီးတော့ သစ္စာမဲ့တဲ့နေရာမှာလည်း နိုးတူးပဲ''

ဟု ဦးဘတင့်က မိန်းမ.မကောင်းကြောင်း ရှုံ့ချမဲ့ကာ ဖျစ်ဖျစ်ခါခါ ပြောလိုက်ရာ ဦးဂန္ဓမာမှာ ဇနီးဖြစ်သူလေးကို သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



ကေရီမိန်းမပြတ်လေးအဖြစ် လွန်စွာတန်ဖိုးထားနေသူဖြစ်ရကား သူ့ဇနီးသည်လည်း မိန်းမပေမို့ ဆတ်ဆတ်ခါနာသွားပြီးလျှင် . . .

''ဘတင့်ကလည်းကွာ . . . အားလုံးကို ဝါးလုံးချေးသုတ် မရမ်းစမ်းပါနဲ့။ မိန်းမတိုင်းမင်းပြောသလို အတ္တမကြီးပါဘူး။ သစ္စာမမဲ့ပါဘူးကွ။ အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူလတို့ကို တော်လေးဝဝင်တဲ့ မိန်းမပြတ်တွေလည်း အများကြီးရှိပါတယ်ကွ''

''ဥပမာ ငါ့မိန်းမ ခင်ခင်တင့်ဆို ရှားမှရှားတဲ့ သစ္စာရှင် မိန်းမပြတ်ကွဲ။ မန္တလေး မျက်ပါးရပ်က ငါ့အိမ်ဆီ မင်းကိုခေါ်သွားဦးမယ်။ မင်းကိုငါ့မိန်းမနဲ့ မိတ်ဆက်ပေးဦးမယ်''

ဟု မိန်းမဖြစ်သူအတွက် ဂုဏ်ယူဝင့်ကြွားသံဖြင့် ဦးဂန္ဓမာကပြောလိုက်ရာ ဦးဘတင့်က သူ့ငယ်သူငယ်ချင်းဖြစ်သူ၏ မျက်နှာအား သေသေချာချာ ကြည့်လိုက်ပြီးလျှင် . . .

''အေး . . . မင်းပြောမှ ငါသတိရတယ် . . . မင်းမိန်းမဘယ်လိုရခဲ့တာလဲ ပြောစမ်းပါဦးကွ''

ဟုမေးလိုက်ရာ ဦးဂန္ဓမာမှာ သူမိန်းမရကံကောင်းပုံကို ရင်းနှီးသူတစ်ဦးဦးအား အားရပါးရ ပြောချင်နေသူဖြစ်ရာ ယခုလို ကလေးဘဝကတည်းက မြင်းခြံဝယ် အိမ်နီးချင်းကစားဖေါ်အဖြစ် အတူနေ



ရင်းနှီးခင်မင်ခဲ့သူ ဦးဘတင့်အား နတ်သံနှောပြီး စိကာပတ်ကုန်း ပြောပြပါလေတော့သတည်း။

— ◈ — ◈ — ◈ —

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဦးဂန္ဓမာ၏ စကားအဆုံးတွင် ဦးဘတင့်က နှုတ်ခမ်းကို မဲ့လိုက်ပြီး . . .

"ဩ . . . ဒါနဲ့ပဲ မင်းဟာ ခေါင်းမှာ ဘုသီးထအောင် အတီးခံလိုက်ရတယ်ပေါ့ ဟုတ်လား"

ဟု သရော်တော်တော်ပြောလိုက်ရာ ဦးဂန္ဓမာက ရယ်ကျဲကျဲဖြင့် . . .

"ဒါပေါ့ကွာ ... ဟောဒီခေါင်းမှာ ခုထိဖုနေတုန်း . . . ဟီးဟီ"

"ဒါပေမယ့် . . . ငါ့မိန်းမရဲ့ သစ္စာတရားကို ကွက်ကွက်ကွင်းကွင်းကြီး တွေ့မြင်လိုက်ရလို့ ငါ့ခေါင်းဖုသွားရပေမယ့် ကျေနပ်ပါတယ်ကွာ . . . ဟေး . . . ဟေး . . . ဟေး"



ဟု သဘောကျစွာ ရယ်သွမ်းသွေးလိုက် ပြန်သေးရာ ဘတင့်က ရှုံ့ရှာစွာဖြင့် တံတွေးထွေးဟန်ပြုလိုက်ပြီး . . .

"ထွီ . . . တော်စမ်းပါကွာ . . . မင်းက မင်းရဲ့မိန်းမ သစ္စာကြီးပုံကို ကွက်ကွက်ကွင်းကွင်း မြင်ခဲ့ရတာပေါ့ ဟုတ်လား။ အေး . . ငါကလည်း မင်းရဲ့မိန်းမကို သူရဲ့လင်ငယ် မောင်မောင်ဇင်ဆိုတဲ့ ကောင်နဲ့ ဘွင်းဘွင်းရှင်းရှင်းကြီးကို မြင်ခဲ့ရတာကွ သိလား"

ဟု ဒေါသတကြီး ပြောလိုက်ရာ ဦးဂန္ဓမာ၏ ပါးစပ်ကြီးမှာ ပြဲသွားပြီး . . .

"ဟာ . . သူငယ်ချင်း . . ဟုတ် . . ဟုတ်ရဲ့လားကွာ မင်း လွှမှားနေပြီနဲ့တူတယ် . . မင်း . . မင်းက ငါ့မိန်းမကို မြင်ဖူးလို့လား"

ဟု မျက်ကလဲဆန်ပျာ မေးလိုက်လေတော့၏။

"ဒီမှာ ဂန္ဓမာ . . . မင်းဟာ သူဌေးလုပ်ငန်းရှုပ်ပြီး အတော်ရိုးတဲ့ကောင်ပဲ။ ဒီလို ရိုးအလို့လည်း ခင်ခင်တင့်ဆိုတဲ့ ကပြားမနဲ့ မောင်မောင်ဇင်ဆိုတဲ့ ကြာကူရိုလူလည်ကောင်တို့က မင်းကို အကွက်ချင်ပြီး အယုံသွင်းလိုက်တာပဲ သိရဲ့လား"

"ငါဟာ လွန်ခဲ့တဲ့ (၈)နှစ်လောက်က စတီးဘရားသားကုမ္ပဏီရဲ့ ပင်မရုံးကြီးဖြစ်တဲ့ ရန်ကုန်ရုံးချုပ်မှာ စတီးဘရားသား

www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီရဲ့ အကြီးအကဲ ဆာဂျွန်ကိတ်ရဲ့ သက်တော်စောင့် လုံခြုံရေးမှူး အဖြစ် သူ့ရဲ့ရုံးခန်းမှာ အချိန်ပြည့်ရှိနေခဲ့တယ်''

''ငါဟာ အာဋ္ဌာဝကဘဘတင့်ဆိုပြီး မြန်မာပြည်အထက်ပိုင်း လက်ဝှေ့လောကမှာ နာမည်ကြီးခဲ့ရာက လက်ဝှေ့သမားဘဝက အနားယူချိန်မှာ ဆာဂျွန်ကိတ်က လူလွှတ်ခေါ်ပြီး အဲ့ဒီရာထူးပေးအပ်ခဲ့တာပဲကွ''

''ငါဟာ မျိုးချစ်စိတ်ရှိသူပီပီ မျက်နှာဖြူတွေရဲ့ အစေအပါး အဖြစ် မလုပ်ချင်ပေမယ့် ငါတို့နိုင်ငံကို နယ်ချဲ့စိုးမိုးပြီး မတရား ကုတ်သွေးစုတ်ခြယ်လှယ်နေတဲ့ အဲဒီမျက်နှာဖြူကောင်တွေရဲ့ အကြောင်းကို ဂဃနဏသိချင်လို့ သူတို့နဲ့ အနီးကပ်ပေါင်းပြီး လေ့လာ စူးစမ်းတဲ့အနေနဲ့ စတီးဘရားသား မျက်နှာဖြူကုမ္ပဏီမှာ ဝင်ရောက် အမှုထမ်းခဲ့တာပဲကွ''

''အဲဒီလို စတီးဘရားသားကုမ္ပဏီ ရုံးချုပ်မှာ အမှုထမ်း နေတုန်းက ရုံးချုပ်ကို မကြာခဏ ရောက်ရောက်လာရတဲ့ မောင်မောင် ဇင်ကို တွေ့ဖူးခဲ့တယ်ကွ။ အဲဒီကောင်ဟာ အင်္ဂလိပ်ကျောင်းထွက် ဆိုတော့ စတီးဘရားသားမှာ မန်နေဂျာဆိုတဲ့ ရာထူးရထားပေမယ့် မိန်းမကိစ္စနဲ့ ပတ်သက်ပြီး ရှုပ်ထွေးပြဿနာတက်လွန်းလို့



ဆာဂျွန်ကိတ်က ရုံးချုပ်ကိုခေါ်ယူပြီး မကြာခဏ သတိပေးလိုက် ရာထူးချလိုက်လုပ်နေရတာ ငါအသိဆုံးကွ''

''အဲဒီကောင်ဟာ ဝင်ငွေကောင်းမှု၊ ရာထူးအရှိန်အဝါ၊ ရုပ်ရည်ရူပကာလေးဗန်းပြပြီး အမျိုးကောင်းသမီးတွေကို ဖျက်ဆီး နေတဲ့ကောင် မြာသမား...ကြာသမားကွ...ကြာကူရီရိုက်တဲ့နေရာ မှာလည်း လျှင်မှလျှင်ပဲ''

''တစ်ခါမိတ္ထီလာဂါ့စက်က စက်ရုံမှူးရဲ့ မိန်းမငယ်ငယ် ချောချောလေးကို ကြာကူရီရိုက်ရာက အဲဒီစက်ရုံမှူးက မယားခိုးမှု နဲ့ ဂတ်တိုင်လို့ အချုပ်ခံရသေးတယ်လေ။ ဆာဂျွန်ကိတ်ကိုယ်တိုင် ရန်ကုန်က လိုက်လာပြီး စတီးဘရားသား ကုမ္ပဏီရဲ့သိက္ခာကျမှာစိုးလို့ အာမခံရအောင်လည်း လျှော်ကြေးနှင့်အောင်ပေးပြီး အမှုကို ပိတ်သိမ်း လိုက်ရပါပကော''

''အဲဒီကောင်ဟာ အင်မတန် ရွံရှာစက်ဆုပ်ဖို့ ကောင်းတဲ့ ကြာကူရီကောင်အစစ်ပဲကွ''

''နေ့လည်က မင်းရဲ့မျက်ပါးရပ်ကအိမ်ကို ငါရောက်ရောက် ရောက်သွားတော့ မင်းရဲ့မိန်းမနဲ့ မောင်မောင်ဇင်တို့ တစ်ယောက်နဲ့ တစ်ယောက် ဖက်ယက်လို့ ဟောဒီငါ့ရဲ့မျက်စိနဲ့ တပ်အပ်တွေ့ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



တာကွ''

ဟုဆိုပြီး သူတွေ့ခဲ့ရပုံကို ခရေစေ့တွင်းကျ ပြောပြလိုက်လေတော့၏။

ဦးဂန္ဓမာမှာ ဦးဘတင့်၏စကားများကို နားထောင်နေလျက်မှ သူ့နားပင်သူမယုံနိုင်အောင် ဖြစ်သွားပြီး မျက်နှာကြီးဖြူဖတ်ဖြူရော် ဖြစ်သွားကာ...

''ဟာ...လော့ကကြီး ဘာတွေဖြစ်ကုန်ပြီလဲ...!...မင်းပြောတာဟုတ်ရော ဟုတ်ရဲ့လားကွာ...ငါ...ငါဖြင့် မယုံနိုင်အောင်ပါပဲ''

ဟု တုန်တုန်ခိုက်ခိုက်ကြီးပြောလိုက်ရာရာ ဦးဘတင့်က သူ့သူငယ်ချင်း၏ ပုခုံးနှစ်ဖက်ကို အားပေးသလို ဆုပ်ကိုင်လိုက်ပြီး...

''ဒီမှာ သူငယ်ချင်း...မင်းဟာ မိန်းမနဲ့ပတ်သက်ပြီး အမြဲ ကင်းကင်းရှင်းရှင်း နေခဲ့တော့ 'မ'နဲ့ပတ်သက်ပြီး အတွေ့အကြုံမရှိခဲ့ဘူးလေ...လူကလည်းရိုးလွန်းတာကိုး''

''အဲဒီတော့ ရိုးရိုးအအ မင်းကို မိန်းမလည်၊ ကပြားမနဲ့ ကျင်ပေါ်ကထုံးကြာကူရီကောင်တို့က လှည့်စားချင်တိုင်း လှည့်စားခဲ့တာပေါ့''

''ဒါပေမယ့် မပူပါနဲ့ကွာ မင်းရဲ့အနားမှာ ငါရှိနေပါပြီ၊ ဒီည



ပဲ အဲဒီမိန်းမလည်မနဲ့ ကြာကူရီကောင်တို့ကို ငါကိုယ်တိုင် မင်းရဲ့ ရှေ့မှာပဲ လက်တွေ့အမိဖမ်းပြမယ်''

''မင်းရဲ့တပည့်တစ်ယောက်ကို မျက်ပါးရပ်က မင်းရဲ့ အိမ်ဆီ အခုပဲလွှတ်လိုက်ပြီ။ မင်းဒီည အလုပ်များနေလို့ ဒီအမရပူရမှာပဲ အိပ်မယ်လို့ ခင်ခင်တင့်ဆီ အကြောင်းကြားခိုင်းလိုက်ကွာ။ ပြီးတော့ ငါပြန်သွားပြီလို့လဲ ပြောခိုင်းလိုက်''

''မင်းညပြန်မအိပ်မှန်းသိရင် ဟိုကြာကူရီကောင်ဟာ မင်းမိန်းမဆီ ဒီနေ့ညလာအိပ်မှာပဲ''

''ဒီတော့မှ ညဆယ်နာရီလောက် အဲဒီအိမ်ထဲ မင်းနဲ့ငါ တိတ်တိတ်လေး အရောက်သွားပြီး မျှောက်မထားတဲ့ နောက်မီးလင်းမနဲ့ ကြာကူရီလူယုတ်မာကောင်ကို အမိဖမ်းကြတာပေါ့ကွာ''

ဟု သူ၏မဟာဗျူဟာမြောက် မယားခိုးဖမ်းပွဲစီမံကိန်းအား ရှင်းပြလိုက်ပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## သစ္စာမဲ့တို့သွားရာလမ်း

မန္တလေး၏ညသည် အေးအေးမြမြနှင့် လွန်စွာတိတ်ဆိတ်လျက်ရှိချေ၏။

ဦးဂန္ဓမာသည် သူ၏ဘေဘီအော်စတင်ကားလေးအား ပုံမှန်မောင်းကာ မန္တလေးမြို့အတွင်းဝင်လာလျက် မျက်ပါးရပ်ကွက်ရှိ သူ့အိမ်ရှိရာ လမ်းထဲကားကို ချိုးကွေ့မောင်းဝင် လာခဲ့လေတော့၏။

သူကကားကို သူ့ခြံနှင့် နှစ်ခြံကျော်ခန့်တွင်ရပ်လိုက်ပြီး ကားပေါ်မှ ဦးဘတင့်နှင့်အတူ ဆင်းလိုက်တော့၏။

သူတို့သူငယ်ချင်းနှစ်ဦးသည် ခြံရှိရာသို့ ခပ်သုတ်သုတ်လျှောက်ခဲ့ပြီး ခြံရှေ့သို့အရောက်ဝယ် ခြံထဲမှ သူ၏အိမ်ကြီးဆီသို့ ဦးဂန္ဓမာက ဝေ့ကြည့်အကဲခတ်လိုက်ကာ...



"ဟိုကောင်ရဲ့ကားတော့ ခြံထဲမှာရော ပေါ်တီကိုအောက်မှာ
ပါ မတွေ့ရဘူးကွ။ ဒီလမ်းပေါ်မှာလည်း ရပ်ထားတာ မတွေ့ဘူး"

ဟု ဦးဘတင့်အား ခပ်တိုးတိုး ပြောလိုက်လေ၏။

"အဲဒီကောင်က လူလည်ပဲကွ။ သူ့ကားကို လူမြင်ခံပြီး ဘယ်ယူလာပါ့မလဲ။ မြင်းရထားဖြစ်ဖြစ် ငှားပြီးလာမှာပေါ့။ ကဲ... ကဲ ဆယ်နာရီလောက်ရှိပြီ...ငါတို့ခြံထဲကျော်ဝင်စို့"

ဟုဦးဘတင့်က ပြောကာ ခြံတံခါးကို ဦးစွာကျော်ဝင်တော့ ရာ ဦးဂန္ဓမာပါ နောက်မှ လိုက်ဝင်ခဲ့တော့၏။

သူတို့နှစ်ဦးသည် ခြံထဲသို့ ရောက်သွားသည်တွင် အိမ်၏ ခြေရင်းဘက်သို့ ခြေသံလုံလုံဖြင့် လျှောက်လာခဲ့ကြပြီး ဦးဂန္ဓမာက သူ၏ ကုတ်အင်္ကျီအတွင်းမှ သော့တွဲကိုထုတ်ကာ သော့တစ်ချောင်းဖြင့် အိမ်ဘေးတံခါးချပ်၏ သော့ခလောက်ကြီးအား အသံလုံနိုင်သမျှ လုံစွာဖွင့်လိုက်တော့၏။

ယင်းအိမ်ဘေးတံခါးမှာ ခြံထဲမှ ရေတွင်းဟောင်းဘက်ထွက်သော တံခါးပေါက်ဖြစ်ပြီး ရေတွင်းမှာ ကောသွားပြီဖြစ်၍ ၎င်း တံခါးပေါက်လည်း အသုံးမပြုသည်မှာ ကြာပြီဖြစ်ရာ တံခါးကို အာမခံသော့ဖြင့် ပိတ်ထားခဲ့သည်မှာ တစ်နှစ်ခန့်ပင်ရှိပေတော့မည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတံခါးချပ်ကို အောင်မြင်စွာဖွင့်ပြီးနောက် သူငယ်ချင်းနှစ်ဦးသည် အိမ်ကြီးထဲသို့ လျှို့ဝှက်စွာ ဝင်လာခဲ့ပါတော့သတည်း။

ယခုလို ညဥ့်အချိန်မျိုးဝယ် အိမ်ဖော်နှင့်ထမင်းချက် ကောင်မလေးနှစ်ယောက်မှာ တစ်နေ့လုံး အိမ်အလုပ်မျိုးစုံကို ကုန်းရုန်းလုပ်ခဲ့ရသဖြင့် ပင်ပန်းကာ နောက်ဖေးဆောင်ရှိ သူတို့၏အိပ်ခန်းဝယ် အိပ်မောကျနေကြပြီဖြစ်ရာ အောက်ထပ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။

ဦးဘတင့်က အသင့်ယူလာသော လက်နှိပ်ဓာတ်မီး အသေးလေးကို ခပ်အုပ်အုပ်ထွန်းကာ ဧည့်ခန်းကြီးအား နှစ်ဦးသား ခြေသံဖွဖွဖြင့် ဖြတ်သန်းလာခဲ့ကြပြီး ကျွန်းလှေကားကြီးပေါ်သို့ အသံမမြည်အောင် သတိထားနင်းတက်ကာ အိမ်ပေါ်ထပ်သို့ တက်လာကြတော့၏။

လှေကား၏ထိပ်သို့ရောက်လျှင်ပင် ဦးဂန္ဓမာမှာ သူတို့လင်မယား၏ အိပ်ရာခန်းဆောင်ဆီမှ ယောကျ်ားတစ်ယောက်၏ စကားပြောသံကိုကြားရပြီး အခန်းမီးလည်း လင်းနေသည်ကို ပံခါးကြားမှ ထိုးထွက်လျက်ရှိသော အလင်းတန်းကို ကြည့်ခြင်းအားဖြင့် သိရလေ၏။



သူတို့အခန်းဝဆီ တစ်လှမ်းချင်း တိုးကပ်လာလေ အခန်းထဲမှ စကားပြောသံများကို ပီပြင်စွာကြားရလေဖြစ်လာပြီ။

''အဲဒီဘတင့်ဆိုတဲ့လူက မောင့်ကိုကောင်းကောင်းသိနေတယ် တင့်လေးရဲ့။ သူကမောင်နဲ့ပတ်သက်ပြီး တင့်လေးရဲ့လင်ကြီးကို မဟုတ်ကဟုတ်က လျှောက်ပြောမှာသေချာတယ်''

''တောက်. . .ဒီလူနဲ့မှလာပြီး ဆုံရတယ်လို့ကွာ''

''ဆုံတာထက် အဲဒီလူကြီးက ခင်တင့်နဲ့ မောင်တို့ ဖက်နေတာကို တွေ့သွားတာ ပိုဆိုးတယ်ရှင့်။ ဦးဂန္ဓမာကို အဲဒီလူကြီး ပြန်ပြောမှာ သေချာတယ်''

''ဟုတ်တယ် တင့်လေး. . .မောင်တော့ အရှမ်းစိုးရိမ်သွားပြီသိလား။ အဲဒီ ဘတင့်ဆိုတဲ့ လူကြီးက တကယ့်ဖျံကြီး။ သိပ်ပါးနပ်တာ သူကစတီးဘရားသားမှာ လုပ်ကတည်းက မောင့်ကို တစ်စက်မှကြည့်ရတာ မဟုတ်ဘူး''

''ပြီးတော့ သူကလက်ဝှေ့သမား. . .သူက သူ့သူငယ်ချင်း ဦးဂန္ဓမာဖက်ကနာပြီး မောင့်ကိုအမှုန့်ချေတော့မှာ သေချာတယ်''

''အဲဒီလိုလုပ်လာရင်တော့ ဟောဒီဓားနဲ့ ထိုးပစ်ဖို့ပဲ ကိုယ်နဲ့မကွာ ဆောင်ထားမှုဖြစ်မယ်တင့်လေး''

www.burmeseclassic.com

www.burmeseclassic.com



''ပြီးတော့ မောင်နဲ့တင့်လေးတို့ ဒီကနေအမြန်ဆုံး ထွက်ပြေးမှဖြစ်မယ်''

''တင့်လေးက အတွင်းပစ္စည်းရသမျှနဲ့ ငွေရသလောက်ယူပြီး မောင်နဲ့ဒီညပဲ လိုက်ခဲ့တော့ကွယ်။ မောင်တော့ တင့်လေးကို မခွဲနိုင်တော့ဘူး''

ဟု မောင်မောင်ဇင်၏ ချွဲချွဲနွဲ့နွဲ့ ပြောသံကို အတိုင်းသား ကြားနေရရာ အခန်းတံခါး အပြင်ဖက်မှ ငြိမ်ပြီးနားထောင်နေရှာသည့် ဦးဂန္ဓမာမှာ မေးကြောကြီးများ ထောင်သည်အထိ ဒေါ်အပွကြီး ပွနေလေတော့၏။

''ဒါထက် အတွင်းပစ္စည်းတွေ ဘယ်မှာထားသလဲ တင့်လေး''

ဟု မောင်မောင်ဇင်က မေးလိုက်ရာ...

''ဟောဒီမီးခံသေတ္တာထဲမှာပါ မောင်။ စိန်တစ်ဆင်စာ မြတစ်ဆင်စာနဲ့ ပတ္တမြားတစ်ဆင်စာတော့ရှိတယ်။ ငွေတွေတော့ ဦးဂန္ဓမာက လုပ်ငန်းအရှုံးပေါ်နေလို့ ဖာထေးဖို့ဆိုပြီး အကုန်နီးပါး ယူသွားပြီ''

ဟု ခင်ခင်တင့်က ပြောလိုက်လေ၏။



''အဲဒီ မီးခံသေတ္တာကို တင့်လေး မဖွင့်တတ်ဘူးလား''

''ဖွင့်တတ်ပါတယ်...ဦးဂန္ဓမာက ခင်တင့်ကို လုံးဝယုံတော့ မီးခံသေတ္တာရဲ့ လျှို့ဝှက်နံပါတ်ပါ ပြောထားပါတယ် မောင်ရဲ့''

''ကဲ...အဲဒါဆို ဖွင့်ကွယ် တင့်လေး''

အခန်းထဲမှ မောင်မောင်ဇင်၏ အသံအဆုံးဝယ် စကားပြောသံများတိတ်သွားပြီး ခြေထောက်ရွှေ့လျားသံများသာ ကြားရတော့၏။

ထိုစဉ် ဦးဘတင့်က ဦးဂန္ဓမာ၏ ပုခုံးကိုလက်ဖြင့်ပုတ်ပြီး အချက်ပြလိုက်ရာ နကိုယ်က ကြိုတင်တိုင်ပင်ထားသည့်အတိုင်း ဦးဂန္ဓမာသည် လှေကားဆီသို့ ခြေဖွပြီး ပြန်လျှောက်သွားကာ လှေကားထစ်များအတိုင်း အောက်သို့လေးငါးထစ်ခန့် ဆင်းသွားရာမှ ချောင်းဟန့်လိုက်ပြီး...

''အဟမ်း...ဟမ်း...တင့်တင့်ရေ...တင့်တင့်''

ဟုအော်ခေါ်ကာ ခြေသံတဒုံးဒုံးဖြင့် လှေကားအတိုင်း ပြန်တက်လာတော့၏။

''ဟာ...ဦး...ဦးဂန္ဓမာ ပြန်လာပါလား။ ဒုက္ခ ဘယ်လိုလုပ်ကြမလဲ''

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ထိပ်ထိပ်ပျာပျာ ပြောလိုက်သည့် မောင်မောင်ဖင်၏စကားသံအဆုံးပယ်...

''ဟိုတစ်ခါလိုပဲ အဲဒီဗီရိုထဲ ဝင်...ဝင်''

ဟူသော ခင်ခင်တင့်၏ အသံခပ်အုပ်အုပ်ကို ကြားရပြီးနောက် ဗီရိုတံခါးဖွင့်သံ၊ ခြေထောက်ရွေ့လျားသံ၊ ဗီရိုတံခါးပြန်ပိတ်သံတို့ ကြားလိုက်ရတော့၏။

ထိုစဉ် ဦးဂန္ဓမာသည် တံခါးဝသို့ရောက်လာကာ တံခါးရွက်ကို တဒိုးဒုံးထုပြီး...

''တင့်တင့်ရေ...တင့်တင့် အိပ်နေပြီလား''

ဟုအော်ခေါ်လိုက်ရာ ခင်ခင်တင့်၏ ခြေသံကို ကြားလိုက်ရပြီး တံခါးချက်ဖွင့်သံပါ ဆက်တိုက်ကြားလိုက်ရပြီးနောက် အိပ်ခန်း၏ တံခါးချပ်မှာ ပွင့်သွားပါတော့၏။

တံခါးဝဝယ် ဦးဂန္ဓမာသာမက ဦးဘတင့်ကိုပါ မြင်လိုက်ရရာ ခင်ခင်တင့်၏ မျက်နှာမှာ သွေးဆုတ်ဖြူလျော်သွားပြီး နောက်သို့ယောင်ရမ်းကာ နှစ်လှမ်းခန့်ဆုတ်လိုက်မိစဉ် ဦးဂန္ဓမာရော ဦးဘတင့်ပါ အခန်းထဲသို့ လှမ်းဝင်လာတော့၏။

''အို...ကိုကြီး ဒါဘာလုပ်တာလဲ ခင်တင့်တို့ရဲ့ လင်မယား



အိပ်ခန်းထဲ ဘာဖြစ်လို့ ဒီလူစိမ်းကြီးကို ခေါ်လာရတာလဲ''

ဟု ခင်ခင်တင်က ထိတ်လန့်ခြင်းတစ်ဖက်၊ ဒေါသထွက်ခြင်းတစ်ဖက်ဖြင့် ပြောလိုက်ရာ...ဦးဂန္ဓမာက ခင်ခင်တင့်၏ မျက်နှာကို စိုက်ကြည့်လိုက်ပြီး...

''ကျုပ်ရဲ့ သူငယ်ချင်းကို ဒီအခန်းထဲက မယားခိုးကို ဖမ်းရာမှာသက်သေအဖြစ် ထူဖို့ကျုပ်ခေါ်လာတာပါ ခင်ခင်တင့်''

ဟုပြောလိုက်ပြီးနောက် သူ၏ကုတ်အင်္ကျီအိတ်ထဲမှ ခြောက်လုံးပြူးကို ထုတ်လိုက်ကာ...

''ကဲ...ဟောဟိုဗီရိုတံခါးကို ဖွင့်လိုက်ပါ ခင်ခင်တင့်။ မင်းတို့ရဲ့ ကြာကူရီဇာတ်လမ်းကို ငါအားလုံးကြားပြီးပြီ...သိပြီးပြီ''

ဟုလေသံမာမာဖြင့် ပြောလိုက်ရာ ခင်ခင်တင့်မှာ ပါးစပ်လေးအဟောင်းသားဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားပြီး..

''အို...ကိုကြီးရယ်...ဘာတွေလဲ ခင်တင့်တော့ ဘာမှကို နားမလည်''

ဟု ကလိန်ကကျစ် ပြောကာ ဖြောင်းဖြင်းရန် ကြိုးစားလိုက်သော်လည်း ဦးဂန္ဓမာက လက်ဝါးတစ်ဖက်ထောင်ကာ ဘာပြလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



''တော်ပါပြီ. . . ခင်ခင်တင့် မင်းလျှာအရိုးမရှိတိုင်း လိမ်လည်လှည့်ပတ်ပြောဖို့ မကြိုးစားပါနဲ့တော့။ မင်းတို့ရဲ့ ယုတ်မာပက်စက်တဲ့ မျောက်မထားဇာတ်လမ်းကြီးဟာ ခိုးထုပ်ခိုးထည်နဲ့တကွ မိနေပါပြီ''

''ကဲ. . . ဒီဗီရိုရဲ့ တံခါးကို မင်းကိုယ်တိုင်ဖွင့်ပြီး မင်းရဲ့ လင်ငယ်ကို ဗီရိုထဲက အသံတကြည် ထုတ်မလား။ ဟောဒီ ဗီရို တံခါးကို ငါအပြင်ကနေ ပစ်ထည့်လိုက်ရမလား''

ဟု ခက်ထန်စွာ ပြောလိုက်ရင်းမှ ခြောက်လုံးပြူးသေနတ်၏ မောင်းခလုတ်ကို လက်မဖြင့် တင်လိုက်ကာ သေနတ်ပြောင်းဝကို ဗီရို၏တံခါးရွက်ကိုချိန်လိုက်ရာ ခင်ခင်တင့်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး. . .

''အို. . . မ. . . မပစ်လိုက်ပါနဲ့ ကိုကြီးရယ်။ ခင်. . . ခင်တင့် ဖွင့်ပါ့မယ်''

ဟု ပျာပျာသလဲပြောကာ ဗီရို၏တံခါးသော့ကို လှည့်ဖွင့်လိုက်လေတော့၏။ 'ချောက်'ခနဲမြည်ပြီး ဗီရို၏တံခါးရွက် ပွင့်သွားသည်တွင် ဗီရိုအထဲ၌ တောင့်တောင့်ကြီးရပ်ကာ ဇောချွေးများ ပျံနေသော မောင်မောင်ဇင်ကို တွေ့ရရာ ဦးဘတင့်သည် ရှေ့သို့တိုးလာပြီး ဦးဂန္ထမာအား နံဘေးသို့ တွန်းဖယ်လိုက်ကာ. . .



''ဟော့. . . ကြာကူရှိကောင် ဘာခုမှ အကြောက်လွန်ပြီး မတ်တတ်ပ်မေ့နေတာလဲ. . . ထွက်စမ်း. . . ခုထွက်ခဲ့စမ်း''

ဟုငေါက်ငမ်းလိုက်ရာ မောင်မောင်ဇင်မှာ အံကြိတ်ကို ကြိတ်လိုက်ပြီး ဗီရိုအတွင်းမှ ဝုန်းခနဲခုန်ထွက်လာရာမှ သူ၏နောက်ကျော ဖက်ဝယ် ဝှက်ကိုင်ထားသော ဓားမြှောင်ဖြင့် ဦးဘတင့်၏ ရင်ဝကို အားကုန်ထိုးထည့်လိုက်တော့၏။

သို့သော် ဦးဘတင့်သည် မောင်မောင်ဇင်၏အကြံကို ကြိုတင်တွက်ထားပြီးဖြစ်၍ ဘယ်ခြေဆုတ်ကာ ရှောင်လိုက်ပြီး ညာလက်ဖနောင့်ဖြင့် မောင်မောင်ဇင်၏ ဓားကိုင်လက်ကို ကိုယ်စောင်းလှည့်တွန်းရိုက်ထုတ်လိုက်ကာ ညာတံတောင်ဖြင့် မောင်မောင်ဇင်၏ ရင်ဝကိုနောက်ပြန်တွက်ထည့်လိုက်ရာ. . .

''အင့်''

ဟူသော အသံနှင့်အတူ မောင်မောင်ဇင်မှာ မျက်နှာကြီးရှုံ့မဲ့လျက် ဒူးကွေးညွှတ်ကာ ခါးကုန်းကျသွားပြီး ညာလက်မှ ဓားမြှောင်ပါ လွတ်ကျသွားတော့၏။

မောင်မောင်ဇင်မှာ အရိုက်ကို ချက်ကောင်းမိမိရရကြီး အထိခံလိုက်ရသဖြင့် အသက်ရှူရပ်မတတ် ဖြစ်သွားကာ ဟအင်းအင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေစဉ် ဦးဂန္ဓမာ၏ သေနတ်ဒင်က မောင်မောင်ဇင်၏ မျက်နှာပေါ်သို့ ဖြောင်းခနဲ ဖြတ်ကျလာတော့၏။

"အား"

ဟူသောအော်သံနှင့်အတူ မောင်မောင်ဇင်၏ နှာခေါင်းရိုးကျိုးသံကိုပါ ကြားလိုက်ရပြီး နှာခေါင်းမှသွေးတို့ ဖြာခနဲထွက်ကျလာတော့၏။

"ဟော့ကောင် ကြာကူရီကောင် မှတ်ပြီလားကွဟင်...တယ် ငါသေနတ်နဲ့ ပစ်လိုက်ရ"

ဟုဦးဂန္ဓမာက ဒေါသကြီးစွာ ကြုံးဝါးလိုက်ရာ မောင်မောင်ဇင်မှာ ဦးဂန္ဓမာ၏ ခြေအစုံကို အတင်းဖက်ပြီး...

"မ...မလုပ်ပါနဲ့ခင်ဗျာ...ကျွန်...ကျွန်တော်မှားပါပြီ။ မလုပ်ပါနဲ့ ,... အီးဟီးဟီး"

ဟုအကြောက်လွန်ကာ ငိုကြီးချက်မဖြစ်သွားလေတော့၏။

ခင်ခင်တင့်မှာလည်း ဘီလူးသရဲပုံ ခက်ထန်လျက် ရှိကုန်သော ဦးဂန္ဓမာနှင့် ဦးဘတင့်တို့၏ အမူအရာကိုကြည့်ကာ သူမတို့နှစ်ဦးကို သတ်တော့မည်ဟုထင်ပြီး လွန်စွာသွေးပျက်ချောက်ချားသွားရာမှ ဒူးညွှတ်ကျသွားကာ ဦးဂန္ဓမာ၏ ခြေဖမိုးအစုံကို ပါးဖြင့်



အပ်ပြီး ငိုယိုတောင်းပန်တော့၏။

"ကို...ကိုကြီးရယ် ခင်တင့်တို့ကို မသတ်ပါနဲ့ ...မသတ်ပါနဲ့ရှင်...ခွင့် ...ခွင့်လွှတ်ပါ...အင့်ဟင့်ဟင့်"

ဟုလှိုမ့်ပြီးငိုနေရာ...

"တော်စမ်း...ခုမှမျက်ရည်ခံ တိုးတောင်းပန်မနေနဲ့ ... ထငမ်း...ခုကာစမ်း"

ဟုဦးဂန္ဓမာက ငေါက်လိုက်ရာ မောင်မောင်ဇင်နှင့် ခင်ခင်တင့်တို့မှာ ကြောက်ကြောက်လန့်လန့်ဖြင့် ပျာပျာသလဲ ရပ်လိုက်ကြတော့၏။

ဦးဂန္ဓမာမှာ သူ၏မျက်လုံးအကြည့်ကို ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ဆိုသလို ရဲရဲရင်ဆိုင်မကြည့်ဝံ့ဘဲ ခေါင်းကြီးများ ကိုယ်စီငုံ့ထားကြသည့် ခင်ခင်တင့်တို့ နှစ်ဦးသား စက်ဆုပ်ရွံရှာစွာ စူးစူးရဲရဲ ကြည့်လိုက်ရာမှ...

"ကဲ...ခင်ခင်တင့် မင်းရဲ့အပြစ်ကို မင်းသိကယ်နော်။ ဒီတော့ အိမ်ထောင်ရေး ဖေါက်ပြန်တဲ့မင်းကို ငါ့ရဲ့စည်းစိမ်ဥစ္စာတွေ တစ်ဝက်ခွဲမပေးနိုင်ဘူး။ မင်းရဲ့ကိုယ်ပေါ်မှာ ငါဆင်ထားတဲ့လက်ဝတ်လက်စားရွှေထည်တွေပါ အကုန်ချွတ်ပြီး ခါးဝတ်လုံချည်နဲ့ အိမ်ပေါ်က

www.burmeseclassic.com

www.burmeseclassic.com



အခုပဲဆင်းပေတော့။ မင်းရဲ့လင်ငယ်ကိုပါ ပေါ်သွား။ ငါစိတ်မပြောင်းခင်သွား. . . ငါစိတ်ပြောင်းသွားရင် ဟောဒီသေနတ်ထဲက ကျည်ဆံကုန်အောင် နင်တို့ကို ပစ်သတ်မိလိမ့်မယ်"

ဟုကျားဟိန်းသံကြီးဖြင့် ပြောလိုက်ရာ ခင်ခင်တင့်မှာ လက်ဝတ်လက်စားတို့ကို ပျာပျာသလဲချွတ်ရင်း. . .

"ခု. . . ခုပဲသွားပါ့မယ် ကိုကြီးရယ်. . . သေ. . . သေနတ်ကြီးနဲ့တော့ မပစ်ပါနဲ့ရှင်. . . ဟင့် . . . ဟင့်"

ဟု ငိုယိုတောင်းပန်ကာ ရွှေထည်လက်ဝတ်လက်စားတို့ကို မှန်တင်ခုံပေါ်သို့ လှမ်းတင်လိုက်ပြီးနောက် သူ၏အဝတ်အစား တို့ကိုပင် မယူရဲတော့ဘဲ မောင်မောင်ဇင်၏ လက်ကို ဆွဲကာ အိပ်ခန်းထဲမှ ကသောကမျော ထွက်သွားပြီးလျှင် လှေကားမှ ခပ်သုတ်သုတ် ပြေးဆင်းသွားပါတော့၏။

ဦးဂန္ဓမာမှာမူ ခြောက်လုံးပြူးသေနတ်ကြီးကို ကိုင်လျက်မှ ခေါင်းကြီးငိုက်စိုက်ကျကာ ငေးငေးငူငူဖြင့် ကျန်ရစ်ခဲ့ပါတော့သတည်း။

—◈—◈—◈—



## သိုက်မြုံပျက်သူ

ဦးဂန္ဓမာမှာ အလုပ်စားပွဲဝယ် ငေးငူငူကြီးထိုင်ရင်း သူ့ရှေ့စားပွဲပေါ်ရှိ စာရင်းစာအုပ်ထဲမှ စာရင်းဇယား ကိန်းဂဏာန်းတို့ကို လွန်စွာစိတ်ပျက်သော အမူအရာဖြင့် မိနစ်အတော်ကြာ ငြိမ်သက်စွာ ငိုင်ကြည့်လျက်ရှိလေ၏။

သူ၏မျက်လုံးများသည် ကြေကွဲဆုံးရှုံးမှုများကြောင့် ရီဝေမှုန်မှိုင်းလျက်ရှိပြီး မဖြီးမသင်သည်မှာ ကြာပြီဖြစ်သော သူ၏ခေါင်းမှ ဆံပင်တို့က ဖွာလန်ကျဲနေကာ ဝတ်ထားသော အဝတ်အစားပင် ဘိုသိဘက်သီ ဖြစ်လျက်ရှိလေ၏။

ယခင်က သူဌေးဦးဂန္ဓမာဟူသော ဂုဏ်ပုဒ်နှင့်အညီ ဆံပင်ကိုကော့စမစ်တစ်နှင့် ပြောင်နေအောင် လိမ်းကျံဖြီးသင်ထားပြီး နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ခမ်းမွေးစစနှင့် ခန့်ငြားသော မျက်နှာဝယ် မျက်ဝန်းတို့ကလည်း တက်ကြွလန်းဆန်းမှုနှင့်အတူ ရွှန်းရွှန်းကြည်ကြည် ရှိခဲ့ပါ၏။

အခါတိုင်း ပိုးပျော့အင်္ကျီ၊ ဘန်ကောက်လုံချည်တို့နှင့် ပန့်ရှူး တို့ဝတ်လျက်လည်းကောင်း၊ ကတ္တီပါအင်္ကျီ၊ တိုဘရက်ကိုးလုံချည် တို့ဝတ်၍လည်းကောင်း၊ မြန်မာ့လက်ရက်ကန်းထွက် ကျေးတစ်ရာ မင်းကြီး၊ ကြိုးကြီးချိတ် ယောလုံချည်တို့ကို ပင်နီတိုက်ပုံနှင့် တွဲဝတ် ၍လည်းကောင်း ခန့်ငြားထည်ဝါစွာ ဝတ်စားနေထိုင်တတ်သော ဦးဂန္ဓမာမှာ ယခုတော့ ခမ်းနားထည်ဝါမှုတို့ ပျောက်ဆုံးပြီး ပစ္စလက္ခ ဘိုသီဘတ်သီ ဝတ်စားထားလျက် ဟန်ပန်အနေအထားကလည်း သူဌေးဂိုက်ဆိုက် မပေါက်တော့ဘဲ အပူသည်ပုံသာ ပေါက်နေတော့၏။

ယခုဘလော စိတ်ဆင်းရဲစရာတွေ များလွန်းသဖြင့် အစား ပျက်၊ အအိပ်ပျက်ဖြစ်ကာ လူကလည်းချုံးကျသွားရာ အရက်သေစာ သောက်စားတတ်သူသာဖြစ်ပါက တကယ့်အရက်သမားရုပ်ပေါက်သွား မည့်အလားအလာရှိပေ၏။

ဦးဂန္ဓမာ၏ စားပွဲရှေ့ရှိ ကြိမ်ကုလားထိုင်ဝယ် နောက်မှီကို မှီထိုင်ရင်း ပါးစောင်၌ ဆေးပြင်းလိပ်တိုကိုခဲကာ ဦးဘတင့်က သူ၏ ငယ်သူငယ်ချင်းကို ဂရုဏာသက်စွာ အဘန်ကြာကြည့်နေရာမှ...



"မောင်မာ...မင်းကြည့်ရတာ အတော်စိတ်ဓာတ်ကျနေပုံ ရပါလားကွ...ဟော...လောကဓံရဲ့ ရိုက်ပုတ်ချက် ထိတာနဲ့ မင်းရဲ့ စိတ်ဓါတ်တွေဟာ ဘုံးဘုံးကျပြိုလဲသွားတော့မယ့် အနေအထား ဖြစ်နေပါလား"

ဟုခပ်ညည်းညည်းဆိုလိုက်ရာ ဦးဂန္ဓမာက စာရင်းစာအုပ် မှ မျက်လုံးအကြည့်ကို ခွာလိုက်ပြီး ဦးဘတင့်အား ရီဝေသော မျက်ဝန်း တို့ဖြင့် ငေးကြည့်ကာ သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်လျက်မှ

"အေးကွာ...သူငယ်ချင်းဘတင့် ... ငါ့ရဲ့ဘဝတစ်လျှောက် မှာ ဒီတစ်ခါလောက် စိတ်ညစ်၊ စိတ်ဆင်းရဲ စိတ်ဓါတ်ကျတာ မရှိဘူး"

"မင်းစဉ်းစားကြည့်ကွာ... ငါ့ရဲ့စီးပွားရေးလုပ်ငန်းဟာ ဒုတ် ဒုတ်ထိထိုးကျနေပြီး ငါ့ရဲ့လုပ်ငန်းကို အဖတ်ဆည်ဖို့ ကြိုးစားရာက အကြွေးတွေ လည်ပင်းနစ်နေပြီကွ"

"နယ်စပ်က ကုန်သည်တွေ လိမ့်သွင်းတဲ့ ဖဲထည်တွေရဲ့ ထိုးနှက်ချက်ကြောင့် ငါတို့ပြည်တွင်း ရက်ကန်းလုပ်ငန်းရှင်တွေရဲ့ ပိုးထည်ဈေးကွက် လုံးဝပျက်ပြီး...ငါတို့တိုင်းရင်းသား မိုးကုန်သည် တွေ၊ ရက်ကန်းရုံပိုင်ရှင်တွေ၊ လက်ရက်ကန်းသမားတွေ နလန် မထူနိုင်အောင် ဖြစ်နေရပြီကွ"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အမရပူရက ရက်ကန်းရုံတော်တော်များများ ပိတ်လိုက်ရပြီ၊ ငါလည်း တောင့်ခံရင်းခံရင်းနဲ့ အရှုံးအကြီးအကျယ်ပေါ်ပြီး စီးပွားပျက်သွားရပြီ သူငယ်ချင်း"

ဟု စိတ်ပျက်သံကြီးဖြင့် ပြောလိုက်ရာ ဦးဘတင့်က သူ၏ဆေးပြင်းလိပ်ကြီးကို နှုတ်ခမ်းမှ ခွာလိုက်ပြီးလျှင်...

"ဒါက ဒီလိုရှိတယ်ကွ...အစိုးရဆိုတာ ကိုယ့်ပြည်တွင်းကလုပ်ငန်းတွေကို တတ်နိုင်သလောက် ဖေးမစောင့်ရှောက်မှု ပြုပေးရတယ်ကွ"

"ကိုယ့်ပြည်တွင်းက လုပ်ငန်းတွေ လည်ပတ်၊ ရှင်သန်ဖွံ့ဖြိုးလာမှ တိုင်းရင်းသားပြည်သူတွေလည်း ဖွံ့ဖြိုးလာမယ်။ စီးပွားရေးတွေ ကောင်းလာမှာပေါ့ကွာ။ ပြည်တွင်းကလုပ်ငန်းတွေ ကောင်းမှလည်း အဲဒီလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်တဲ့ အလုပ်သမားတွေလည်း စားဝတ်နေရေး အဆင်ပြေမှာပေါ့"

"အခု ငါတို့နိုင်ငံကို အုပ်ချုပ်နေတဲ့ တိုင်းတစ်ပါးနယ်ချဲ့အစိုးရက ငါတို့ရဲ့ အမျိုးသားအစိုးရမဟုတ်လေတော့ ငါတို့အမျိုးသားတွေရဲ့ သက်သာချောင်ချိမှု၊ စီးပွားတိုးတက်မှုကို ဂရုဘယ်စိုက်မလဲကွ"



"သူတို့ဟာ ငါတို့မြန်မာလူမျိုးတွေ၊ မြန်မာတိုင်းရင်းသားတွေကို ကျွန်ပြုအုပ်စိုး ကုတ်သွေးစုတ်ဖို့ပဲ ရည်ရွယ်ချက်ရှိလေတော့ငါတို့လူမျိုးတွေ ဆင်းရဲမှ၊ ပညာမဲ့မှ၊ စီးပွားရေးအင်အားမရှိမှ ရေရှည်ကျွန်ပြုခြယ်လှယ် နိုင်မှာကိုးကွ"

"ဒီတော့ ငါတို့ပြည်တွင်း လုပ်ငန်းတွေကို ထိုးဖေါက် ထိခိုက်လာမယ့် အန္တရာယ်တွေကို တားဆီးကာကွယ်ခြင်းမပြုဘဲ မသိဟန်ဆောင် လက်ပိုက်ကြည့်နေတာပေါ့"

"ငါမြင်ထားတာကတော့ ငါတို့နိုင်ငံ လွတ်လပ်ရေးမရသရွေ့ငါတို့ပြည်တွင်းက လုပ်ငန်းမှန်သမျှ နာလန်မထူနိုင်အောင် ဖြစ်နေမှာပဲ"

"မင်းပဲစဉ်းစားကြည့်လေ...ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင်တွေ ပိုင်ဆိုင်သမျှ စီးပွားရေးလုပ်ငန်းတွေဟာ နယ်ချဲ့တို့ရဲ့ အမျိုးမျိုးထိုးနှက်တိုက်ခိုက်မှုကြောင့် အားလုံးလိုလို အရှုံးပေါ်ပြီးလုပ်ငန်းဟူသမျှ နယ်ချဲ့အရင်းရှင်တွေရဲ့ လက်ထဲထိုးအပ်လိုက်ရတာပဲမဟုတ်လားကွ"

"ရေကြောင်းခရီး သယ်ယူပို့ဆောင်ရေးကိစ္စမှာပဲကြည့်မြန်မာသင်္ဘောပိုင်ရှင်တွေဟာ သူတို့ရဲ့သင်္ဘောတွေ အရှုံးပြလို့ ရော

www.burmeseclassic.com

www.burmeseclassic.com



ဝတီသဘော်ာကုမ္ပဏီရဲ့ လက်ထဲ သင်္ဘောတွေကို ထိုးအပ်ခဲ့ရတာပဲ မဟုတ်လား''

''မွန်သင်္ဘောသူဌေး ဦးနာအောက်ကြီးပဲကြည့် နယ်ချဲ့အရင်းရှင်တွေရဲ့ ဘယ်လိုထိုးဖေါက် တိုက်ခိုက်ထိုးနှက်မှုကိုမဆို တင်းခံခဲ့ရာက နောက်ဆုံးမခံနိုင်ဖြစ်ပြီး သူ့သင်္ဘောတွေကို နယ်ချဲ့အရင်းရှင်ပိုင် ဧရာဝတီသင်္ဘောကုမ္ပဏီရဲ့ လက်ထဲဝကွက်အပ်လိုက်ရတာပဲလေ''

''ငါ့အဖွားတို့လို တိုင်းရင်းသား လယ်ပိုင်ရှင်တွေလည်း ထိုနည်းအတိုင်းပဲ။ နောက်ဆုံး နယ်ချဲ့အရင်းရှင်တွေရဲ့ ပရိယာယ်ကြွယ်ဝတဲ့ ဈေးကစားမှုဒဏ်ကို မခံနိုင်ဘဲ ကိုယ့်လယ်ယာမြေတွေကို နယ်ချဲ့အရင်းရှင်တွေရဲ့လက်ထဲ၊ ချစ်တီးကုလားတွေရဲ့ လက်ထဲ ထိုးအပ်ရတာပဲ မဟုတ်လား''

''သစ်လုပ်ငန်းမှာဆိုလည်း ဘုံဘေဘားမားကုမ္ပဏီ၊ စတီးဘရားသားကုမ္ပဏီတို့ကပဲ လက်ဝါးကြီးအုပ်သွားတာပဲလေ''

''မင်းရဲ့လုပ်ငန်းနဲ့ ဆက်နွယ်နေတဲ့ ဝါချည်လုပ်ငန်းမှာလည်း ထိုနည်းလည်းကောင်းပဲ။ နယ်ချဲ့အရင်းရှင် ကုမ္ပဏီဖြစ်တဲ့ စတီးဘရားသားရဲ့ ထိုးနှက်ချက်ကြောင့် ဝါချည်စက်တွေ အရှုံးကြီးရှုံးပြီး စတီးဘရားသားကုမ္ပဏီရဲ့လက်ထဲ ထိုးအပ်ရတာပဲလေ''



''ဗြိတိသျှနယ်ချဲ့အစိုးရက တိုင်းရင်းသား လုပ်ငန်းရှင်တွေရဲ့ လုပ်ငန်းတွေကို ဗြိတိသျှနယ်ချဲ့ကုမ္ပဏီတွေက လက်ဝါးကြီး အုပ်ဝါးမြိုနိုင်အောင် သွယ်ဝိုက်တဲ့နည်းနဲ့ အားပေးကူညီလို့ ငါတို့တိုင်းရင်းသားလုပ်ငန်းတွေအားလုံး ချုံးချုံးကျ ကျဆုံးပြီး လုပ်ငန်းမှန်သမျှ သူတို့ရဲ့လက်ထဲ ထိုးအပ်ရတာပဲလေ''

''မင်းတို့ရဲ့ ပိုးချည်ထည်ရက်လုပ်တဲ့ လုပ်ငန်းလည်း ခေတ်ကာလ အခြေအနေအရ လုံးဝကျဆင်းပြီး ကွယ်ပျောက်လုလုတောင် ဖြစ်သွားပြီကွ။ တစ်ချိန် ငါတို့နိုင်ငံ လွတ်လပ်ရေးရပြီးမှပဲ မင်းတို့ရဲ့ လုပ်ငန်းတွေ ခေါင်းပြန်ထောင်နိုင်လာမှာကွ''

ဟု ရှည်လျားစွာရှင်းပြလိုက်ရာ ဦးဂန္ဓမာမှာ သဘောပေါက်ဟန်ဖြင့် ခေါင်းတညိတ်ညိတ် လုပ်လိုက်ပြီး...

''မင်းပြောတာတွေ အားလုံးအမှန်ပါပဲကွာ။ အစ်ုဆို ငါလည်း ...င်းမခံနိုင်တော့လို့ ငါ့ရဲ့ရက်ကန်းရုံကို ပိတ်ပြီး ရက်ကန်းစင်တွေ ...ရာ၊ ရုံးကိုရောရောင်း မန္တလေးက အိမ်ကြီးနဲ့ကားကို ...ရောင်းပြီး ...ကြွေးတွေ ဆပ်ရမယ့်ကိန်းဖြစ်နေပြီ ဘာတင့်ရေ''

''ဒါအောင် မင်းရဲ့ကူညီမှုကြောင့် ဟိုဗိုင်းတာမဲ့ လက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့ ဘိုးဘွားပိုင်အတွင်းပစ္စည်းတွေအားလုံး ပါမသွားတယ်။ အဲဒီ ညကသာ ငါတို့လက်ဦးမှုမရယူနိုင်ခဲ့ရင် ငါ့မှာကုန်းကောက်စရာ မ အောင်ကို မဲသွားရမှာပဲကွ။ ခုလည်း မွဲတော့မွဲသွားရပြီပေါ့ကွာ။ ရ ကန်းရုံရော အိမ်ပါ ရောင်းချကြွေးဆပ်ပြီးရင်တော့ ငါ့မှာအိမ်ခြေ ယာခြေမဲ့ဘဝ ရောက်ပြီသာမှတ်ပေတော့''

ဟု ခြုံသံပါအောင် ညည်းညူလိုက်ရာ ဦးဘတင့်က သူငယ် ချင်းဖြစ်သူအား ဂရုဏာသက်စွာ ကြည့်လိုက်ပြီးလျှင်. . .

''သူငယ်ချင်းရာ. . .ဒီလောက်လည်း စိတ်ဓါတ်မကျပါ ငါတစ်ယောက်လုံး ရှိပါသေးတယ်''

''အေး. . .ငါ့မှာတော့ ငွေကြေးဥစ္စာ သိပ်မရှိဘူး။ ဒါပေမယ် ရွှေကျင်မှာ အမွေရထားတဲ့ ခြံကျယ်ကြီးနဲ့ နှစ်ထပ်နှစ်ဆောင်ပြ အိမ်ကြီးရှိတယ်။ ပြီးတော့ လယ်ကေနှစ်ဆယ်ကျော် ရှိသေးတယ်''

''မင်းဒီက အခြေဖျက်ပြီးရင် ငါနဲ့ရွှေကျင်မှာ လိုက်နေကွ ငါက ကိစ္စတစ်ခုရှိလို့ ရွှေကျင်မှာ ကြာကြာနေဖြစ်မှာမဟုတ်ဘူ နေရာဒေသအနှံ့ လျှောက်သွားနေရမှာ ဒီတော့ ရွှေကျင်က အိမ်ကြ မှာ မင်းတစ်ယောက်တည်း လွတ်လွတ်လပ်လပ် အေးအေးချမ်းချ လိုက်နေ''



''သီးစားချထားတဲ့ လယ်ကေနှစ်ဆယ်ကျော်က ဝင်ငွေဟာ မင်းအတွက် စားမကုန်ပါဘူးကွာ။ အဲဒီမှာဆို မင်းခေါင်းခြောက်ခံပြီး ဘာစီးပွားရေးမှ လုပ်စရာမလိုဘူး။ မင်းဝါသနာပါရာ ရှေးဟောင်း စာပေလေ့လာမှု၊ ပန်းချီဆွဲမှုတွေကို စိတ်အေးလက်အေး လုပ်နိုင်မှာ သေချာတယ်ကွ. . .ကဲ. . .ဘယ့်နှယ်လဲ မင်းငါနဲ့လိုက်မလား''

ဟု ဦးဘတင့်က သူငယ်ချင်းကို မဲဆွယ်လိုက်ရာ ဦးဂန္ဓာမာ က အတန်ကြာစဉ်းစားနေပြီးနောက် ကြွေးမြီပြဿနာတွေ အရင် ရှင်းပစ်လိုက်ဦးမယ်ကွာ''

ဟုပြောလိုက်ရာ ဦးဘတင့်မှာ လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး သူငယ်ချင်း၏လက်ကို လှမ်းဆုပ်ကိုင်လိုက်လျက်. . .

''ဝမ်းသာတယ်ကွာ သူငယ်ချင်း. . .မင်းရဲ့ကိစ္စတွေရှင်းပြီး ငါနဲ့အတူ လိုက်သာလိုက်ခဲ့''

ဟုအားပါးတရကြီး ပြောလိုက်ပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျင်မြို့အစွန်ရှိ ခြံကျယ်ကြီးထဲမှ နှစ်ဆောင်ပြိုင် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကား အိုမင်းလှပြီဖြစ်၍ အိမ်ကြီး၏ သစ်သားနံရံများမှာ ရေနံချေးဝအောင် သုတ်ထားသဖြင့် မည်းမှောင်လျက်ရှိကာ အိမ်ကြီး၏ ရှေ့အဆောင် ခေါင်းရင်းပိုင်းရှိ ဘုရားခန်းမှာမူ အုတ်ဖြင့် အခိုင်အခန့် တည်ဆောက်ထားပြီး အိမ်အမိုးမှာ ရှေးခေတ်အုတ်ကျွတ်ပြားများဖြစ်လေ၏။

သရက်၊ ပိန္နဲ၊ မာလကာ၊ သစ်တို၊ ရေငန်း စသည့် ဆီးပင်ကြီးများ အုပ်အုပ်ဆိုင်းဆိုင်း ပေါက်ရောက်နေသော ခြံကျယ်ကြီးထဲမှ ရှေးဟောင်းအိမ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လွန်းလှပေ၏။

''ကဲ...သူငယ်ချင်း ငါ့အဘွားရဲ့အိမ်ဟာ ဘယ်လောက်



ငြိမ်းချမ်းသလဲ။ မင်းစိတ်ကြိုက် လွတ်လွတ်လပ်လပ်သာနေ''

ဟု ဦးဘတင့်က သူငယ်ချင်းဖြစ်သူ ဦးဂန္ဓမာအား ဖေါ်ရွေရင်းနှီးစွာပြောပြီး အိမ်ကြီး၏ အပေါ်ထပ် ဘုရားဆောင်နှင့်ကပ်နေသော အခန်းကျယ်ကြီးသို့ ဦးဂန္ဓမာအား ခေါ်သွားကာ ရှေးဟောင်းကျွန်းဗီရိုကြီးများကိုပြပြီး...

''အဲဒီ ဗီရိုတွေထဲမှာ ရှေးဟောင်း မွန်၊ မြန်မာစာပေတွေ၊ ပုရပိုက်တွေ၊ ကျမ်းတွေရှိလေရဲ့။ ရှေးဟောင်းစာပေ ယဉ်ကျေးမှုကို မင်းဝိတ်ကြိုက်လေ့လာပေတော့။ ဒီအခန်းထဲမှာ မင်းပန်းချီဆွဲချင်ရင်လည်းဆွဲ''

ဟုပြောလိုက်ပြီးလျှင် ယင်းစာကြည့်ခန်းကြီး၏ နံရံတစ်ဖက်ပေါ်ရှိ ရောမဓါတ်ပုံကြီးအား ညွှန်ပြကာ...

''အဲဒီ ဓါတ်ပုံထဲက အမျိုးသမီးကြီးဟာ ငါ့ရဲ့အဘွား ဒေါ်နန်းမြာရဲ့ပုံပဲကွ။ ငါ့ရဲ့အဘွား ဒေါ်နန်းမြာဟာ သုဝဏ္ဏဘူမိပြည့်ရှင် ဘုရင်မနူဟာရဲ့ သမီးတော် မြစိမ်းမင်းသမီး (ခေါ်) မဏိမြရောက်မင်းသမီးလေးရဲ့ ရုံရွှေတော်တစ်ဦးကနေ ဆင်းသက်ပေါက်ဖွားလာတာလို့ သိရတယ်။ အဘွားရဲ့ဇာတိကတော့ စလင်းမြစ်ဖျားပိုင်းကရွာတစ်ရွာလို့ သိရတယ်''

www.burmeseclassic.com

www.burmeseclassic.com



ဟုရှင်းပြရာ ဦးဂန္ဓမာမှာ စိတ်ဝင်စားစွာ နားထောင်ရင်း နန်းဆန်ဆန်ဝတ်စားထားသည့် ရေးမွန်အမျိုးသမီးကြီး၏ ခန့်ငြား သောရုပ်သွင်ကို စိတ်ဝင်စားစွာ ကြည့်ရှုလျှောလာနေတော့၏။

ဦးဘတင့်က စားရေးသောက်ရေးအတွက် ဆန်အိတ်များ ဆီပုံးများနှင့်အတူ ငြုပ်သီး၊ ကြက်သွန်၊ ငါးခြောက်ငါးခြမ်းတို့ကို မီးဖိုချောင်ဝယ် အပြည့်အဝသိုလှောင်ထားပေးပြီး အနီးရှိရပ်ကွက်မှ ဒေါ်မြိုလှုဆိုသော အမျိုးသမီးကြီးကို ထမင်းချက်အဖြစ် ခန့်ထားရာ ဒေါ်မြိုလှုက အိမ်ကြီးဆီသို့ နံနက်တိုင်းလာရောက်ပြီး သန့်ရှင်းရေး လုပ်ပြီးတော့ မန္တလေးကျင်ဈေးသို့သွားကာ သားငါးဟင်းလျာများ ဝယ်ရ လေ၏။

ထို့နောက် အိမ်ကြီး၏ နောက်ပိုင်းမီးဖိုချောင်ဝယ် ချက်ပြုတ် ပြီးနောက် ထမင်းဟင်းလျာတို့ အားလုံးကျက်ပါက ခေါက်မရာ အဝတ် များလျှော်ဖွပ်ပြီးလေ၏။

ညနေပိုင်းတစ်ကြိမ်နံနက်ဝယ် ဒေါ်မြိုလှုမှာ လျှော်ဖွပ်၊ မီးပူ တိုက်ပြီးသော အဝတ်အထည်များနှင့်အတူ အိမ်ကြီးဆီသို့ ရောက်ရှိ လာပြီး သန့်ရှင်းရေး၊ ချက်ရေး၊ ပြုတ်ရေးအလုပ်များကို ထမ်းဆောင် ရလေ၏။



ဤသို့ဖြင့် ဦးဘတင့်မှာ သူငယ်ချင်းဖြစ်သူ ဦးဂန္ဓမာ၏ နေရေး၊ စားရေး၊ ဝတ်ရေးမှအစ အစစအပူအပင်မရှိရအောင် ဆောင်ရွက်စီမံပေးပြီးနောက်...

''ကဲ...သူငယ်ချင်း မင်းလည်း ဒီအိမ်မှာနေလာတာ တစ် ပတ်ကျော်ပြီ။ ဒီတော့ နေသားလည်းကျလောက်ပြီပေါ့ကွာ။ ငါ့မှာ မကြာခင် ခရီးထွက်စရာတွေ ပေါ်လာနိုင်တယ်။ အဲဒီလို ငါခရီး ထွက်သွားရင် အချိန်ကာလ ဘယ်လောက်ကြာမလဲဆိုတာ မှန်းလို့ မရဘူး''

''အခုငါစီစဉ်ပေးထားတဲ့ စားသောက်စရာ ကုန်ခြောက်တွေ က တစ်မိုးစာတော့ လုံလောက်တယ်ကွ။ မိုးကုန်ပြီးဆောင်းကူးရင် တော့ ငါ့အဘွားရဲ့ လယ်တွေကနေ ဝင်ငွေတွေဝင်လာလိမ့်မယ်။ ဒီတော့မင်းအတွက် စားရေးသောက်ရေး မပူရတော့ဘူးပေါ့ကွာ''

''နောက်ပြီး ငါရွှေကျင်မှာ မရှိတုန်း မင်းအတွက် စကား ပြောဆို တိုင်ပင်နိုင်းနှောဖို့ အဖော်ရအောင် ငါနဲ့ရင်းနှီးတဲ့ ငွေပန်းထိမ် ဆရာကြီးဦးဟန်ပနဲ့ မိတ်ဆက်ပေးထားဦးမယ်''

ဟုပြောကာ တစ်နေ့သောအခါဝယ် ရွှေကျင်မြို့သယ်ပိုင်း ၌နေထိုင်သော ဦးဟန်ပ၏ တိုက်ခံအိမ်ကြီးဆီသို့ဦးဂန္ဓမာကို ခေါ်

www.burmeseclassic.com

www.burmeseclassic.com



သွားကာ ဦးဟာန်ပနှင့် မိတ်ဆက်ပေးလေ၏။

"ဦးဟာန်ပရေ သူကကျုပ်ရဲ့ သူငယ်ချင်း ဦးဂန္ဓမာတဲ့ဗျ။ အရင်ကတော့ အမရပူရက ရက်ကန်းရုံပိုင်ရှင်ကြီးပေါ့ဗျာ။ အခုတော့ ရက်ကန်းလုပ်ငန်းက အနားယူပြီး ကျုပ်နဲ့အတူလာနေတယ်ဗျ။ ခင်ဗျားတို့နှစ်ယောက်စလုံးဟာ ရှေးဟောင်းစာပေယဉ်ကျေးမှု၊ ရှေးဟောင်းပစ္စည်းတွေ လေ့လာမှုမှာ ဝါသနာတူချင်းမို့ ကျုပ်ကခေါ်လာပြီး မိတ်ဆက်ပေးရတာပဲ"

ဟုပြောဆို မိတ်ဖွဲ့ပေးလိုက်ရာ ဝါသနာတူ လူအေးချင်းမို့ ဦးဟာန်ပနှင့် ဦးဂန္ဓမာတို့မှာ စကားတစ်ဝိုင်းတည်းနှင့်ပင် ရင်းနှီးသွားတော့၏။

သို့ဖြင့် ဦးဂန္ဓမာမှာ မကြာခဏဆိုသလို ဦးဟာန်ပ၏ နေအိမ်သို့ရောက်ဖြစ်ပြီး ဦးဟာန်ပဝါသနာအရ စုဆောင်းထားသော ရှေးဟောင်းပစ္စည်းများကို လေ့လာမဆုံး ဖြစ်နေလေတော့၏။

ဦးဟာန်ပမှာ ဇနီးမယား သားသမီးမရှိသော တစ်ခုလတ်တစ်ဦးဖြစ်ပြီး ဦးဘတင့်၏ ပြောပြချက်အရ ဦးဟာန်ပ၏ ဇနီးမှာ ဦးဟာန်ပ၏ ပန်းထိပ်လုပ်ငန်းမှ လက်သင်တပည့်တစ်ဦးနှင့် လိုက်ပြေးသွားသည်ဟုသိရလေ၏။



"ဦးဟာန်ပရဲ့ အဖြစ်ကလည်း မင်းနဲ့ပိန်မသာ လိန်မသာပဲကွ. . .မောင်မာရ"

"'ဆောက်တို၊ ခါးကုန်း၊ မယားမုန်း' ဆိုတဲ့ ငွေပန်းထိပ်ဆရာတွေရဲ့ စာချိုးအတိုင်း သူ့တစ်သက်လုံး တူနဲ့ရိုက်ထွင်းထုလာရလို့ သူကိုင်တဲ့ဆောက်ကလည်း တုံးပြီး တို. . .တိုလာပြီ"

"တကုပ်ကုပ်နဲ့လုပ်ရင်းကိုင်း နှစ်တွေကြာ အသက်ကြီးလာလို့ ခါးကလည်း ကုန်းကိုင်းနေရပြီ"

"လုပ်ငန်းထဲ အာရုံစိုက်လွန်းလို့ ဇနီးမယားကို ယုယကြင်နာဖို့ ပျော်ရွှင်အောင်ထားဖို့ အချိန်မပေးနိုင်တာနဲ့ မယားကလည်း မုန်းပြီ"

"အဲဒီလို 'ဆောက်တို၊ ခါးကုန်း၊ မယားမုန်း' ဖြစ်ပြီး သူ့မိန်းမလည်း ကောင်လေးတစ်ယောက်နဲ့ လိုက်ပြေးသွားတော့တာပါပဲကွာ"

"အခုမှ မိန်းမတွေကို စိတ်နာမုန်းတည်းသွားရတဲ့ မင်းတို့နှစ်ယောက်နဲ့ မိန်းမတွေကို လုံးဝအထင်မကြီးတဲ့ ငါပေါင်းမိပြီပေါ့ကွာ. . .ဟား. . .ဟား. . .ဟား"

ဟုဦးဘတင့် ရယ်သွမ်းသွေးကာ ပြောပြဖူးလေ၏။

မည်သို့ဖြစ်စေ ဦးဂန္ဓမာမှာ သူ၏အိမ်ထောင်ပြိုကွဲမှုဒဏ်

www.burmeseclassic.com

www.burmeseclassic.com



စီးပွားပျက်ခဲ့မှုဒဏ်တို့ကို ကုစားမေ့ဖျောက်နိုင်ရန်အတွက် သူ၏ စိတ်အာရုံတို့ကို ရှေးဟောင်းစာပေ၊ ရှေးဟောင်းပစ္စည်းတို့ကို လေ့လာမှု၊ ပန်းချီဆွဲမှုတို့ဝယ် နှစ်မြှုပ်ထားလျက် ကျရာဘဝမှာ ပျော်မွေ့နိုင်ရန် ကြိုးစားနေရလေတော့၏။

ဦးဘတင့်မှာ ဦးဂန္ဓမာအား ရွှေကျင်၌ အခြေချနိုင်ရန် အဖက်ဖက်မှ စီမံပေးပြီးနောက် အရေးကြီးသော ကိစ္စတစ်ခုကြောင့် ခရီးထွက်စရာရှိသည်ဟုဆိုကာ သူ့ထံမကြာခဏ လာလည်လေ့ရှိသော လူလေးငါးဦးနှင့်အတူ ရုတ်တရက် ခရီးထွက်သွားလေတော့၏။

ဦးဘတင့် မည်သည့်ကိစ္စနှင့် မည်သည့်အရပ်သို့ ခရီးထွက်သွားသည်ကို ဦးဂန္ဓမာမသိချေ။ မေးလျှင်လည်း ဦးဘတင့်မပြောချေ။

ဦးဘတင့်ရွှေကျင်မှ အိမ်ကြီးသယ်ရှိနေစဉ်က လူလေးငါးဦးရောက် ရောက်လာလေ့ရှိပြီး ထိုသူတို့နှင့် ဦးဘတင့်မှာ တစ်ခါတစ်ရံ ဦးဘတင့်၏ အိပ်ခန်းထဲဝယ် တစ်စုံတစ်ရာကို တိုးတိုးကြိတ်ကြိတ် တိုင်ပင်လေ့ရှိပြီး ထိုအကြောင်းနှင့်ပတ်သက်၍ ဦးဂန္ဓမာအား လုံးဝ မပြောဘဲထားလေ၏။

သူတို့ခပ်တိုးတိုး ပြောဆိုတိုင်ပင်နေသည့် စကားတို့တွင် အဲဒီမိစ္ဆာတွေကို ရှင်းပစ်ရမည်ဟူသော စကားမျိုးကို မကြာခဏ



ခပ်သဲ့သဲ့ကြားရမိသည်ကလွဲ၍ သူတို့အဘယ်အကြောင်းအရာကို အရေးတကြီး တိုင်ပင်နေကြမှန်း ဦးဂန္ဓမာ မသိချေ။

သူကသူတစ်ပါး၏ကိစ္စကို စပ်လည်းမစပ်စုလိုချေ။ သို့ဖြင့် တစ်နေ့သောအခါ၌မူ ဦးဘတင့်သည် သူ၏နှစ်ဆောင်ပြိုင်အိမ်ကြီးအား သူငယ်ချင်းဖြစ်သူ ဦးဂန္ဓမာ၏လက်ထဲသို့ ဝကွက်အပ်ကာ..

''သူငယ်ချင်း...ငါခရီးရှည်တစ်ခု ထွက်စရာရှိတယ်။ ငါ့ရဲ့ အိမ်ကိုမင်းရဲ့လက်ထဲအပ်တယ်ကွာ။ တကယ်လို့ ငါမပြန်လာဖြစ်ရင်လည်း မင်းတစ်သက်လုံး ဒီအိမ်မှာပဲနေတော့''

ဟုပြောကာ ခရီးထွက်သွားလေတော့၏။ ဦးဂန္ဓမာလည်း မန္တလေးမှ မပြောင်းမီ သူဝယ်လာခဲ့သော ကင်းဗတ်အစများ၊ စုတ်တံများ၊ ဆီဆေးတောင့်များကို အသုံးပြုပြီး ပန်းချီဆွဲလိုက်၊ စာကြည့်ခန်းရှိ ဗီရိုကို့အထဲမှ ရှေးစာ၊ ပေပရပိုက်တို့ကိုလေ့လာလိုက် ဦးဟန်ပ၏နေအိမ်သို့ သွားလည်ကာ ရှေးဟောင်းပစ္စည်းမျိုးစုံကို လေ့လာလိုက်ဖြင့် ပျင်းရိဖွယ်ကောင်းသော သူ့ဘဝ၏အချိန်များကို ဖြုန်းတီးလို့နေလိုက်လေ၏။

သို့ဖြင့် အချိန်ကာလတို့ တရွေ့ရွေ့ကုန်ဆုံးကာ နှစ်ကာလပင် ကုန်ဆုံးချေတော့မည်။ ခရီးထွက်သွားသော ဦးဘတင့်ကား လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



မပေါ်လာသေးပေ။

"အင်း . . .ဘတင့်ကလည်း ခုအထိပြန်မလာသေးဘူး။ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ကျေးဇူးဟာ ငါ့အပေါ်ကြီးမားလှပါတယ်။ သူဘယ်ကိုသွားပြီး ဘာတွေလုပ်နေသလဲ မသိဘူး"

"ဘာပဲဖြစ်ဖြစ် သူမရှိတုန်း သူ့ရဲ့အိမ်ကြီးကို ငါတာဝန်ကျေအောင် စောင့်ရှောက်ရမယ်"

ဟုနှလုံးသွင်းကာ အိမ်ကြီးနှင့် ခြံကြီးကို သူ့အိမ်သူ့ယာလိုသဘောထားကာ စောင့်ရှောက်လျက် ရှိပါတော့သတည်း။



ဈေးဗှက်ရတနာများ

တစ်နေ့သ၌ ဦးဂန္ဓမာမှာ ဘုရားခန်းသို့ဝင်ပြီး ဘုရားဝတ်ပြုပြီးနောက် လွန်စွာအိုးမင်းဟောင်းနွမ်းနေပြီဖြစ်သော ဘုရားခန်းအားမည်သို့ပြုပြင်ရမည်လဲဟု တွေးဆရင်း ဘုရားခန်းအနှံ့ သေချာစွာကြည့်ရှုစူးစမ်းရာမှ . . .

"အင်း . . . ဒီနေရာမှာ အင်္ဂတေတွေ အတော်ကွာနေပါလား"

ဟုတွေးရင်း အင်္ဂတေကွာကျနေသော နံရံအား သေချာစွာအနီးကပ်ကြည့်ရှုလေ့လာရာမှ . . .

"ဟာ . . . ဒီအုတ်တွေ စီထားတဲ့ကြားမှာ နေရာလွတ်နေပါလား"

သူက နံရံအသူကြီးအတွင်းမှ အခေါင်းပေါက်ကို တွေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး သေချာစွာစူးစမ်းလိုသဖြင့် တူတစ်ချောင်းယူကာ အခေါင်းပေါက်ရှေ့မှ အင်္ဂတေနှင့်အုတ်တို့ကို တူဖြင့်ထုရိုက်ဖွဲ့ခွာ ထုတ်လိုက်ရာ

"ဟာ... ဒီအထဲမှာ အခေါင်းပေါက်ကြီးပဲ၊ သေသေချာချာ စနစ်တကျလုပ်ထားတဲ့ အခေါင်းပေါက်ပဲ"

ဟုတွေးရင်း အင်္ဂတေချပ်တို့ကို ဆက်လက်ဖွဲ့ထုတ်ကြည့်လိုက်ရာ အခေါင်းပေါက်ကြီးအတွင်း၌ ငွေရောင်သေတ္တာငယ်သုံးလုံးကို မမျှော်လင့်ဘဲ တွေ့ရချေ၏။

"အင်း... ဒါဟာရှေးတုန်းက ဒီအိမ်ကြီးကို ပိုင်ဆိုင်ခဲ့ကြသူတွေက သူတို့ရဲ့အတွင်းပစ္စည်းတွေကို နံရံထဲမြှုပ်ပြီး လျှို့ဝှက်သိမ်းဆည်းထားတာပါလား"

"သေတ္တာတွေထဲမှာ ဘာတွေများပါပါလိမ့်"

ဟုသိချင်ဇောဖြစ်လာကာ သေတ္တာမှ လောင်းထားသော ချိပ်တို့ကိုခွာလျက် သော့ခပ်ထားခြင်းမရှိသော ငွေသေတ္တာလေးတို့၏ အဖုံးကိုဖွင့်လိုက်ရာ...

"ဟာ... ရွှေငွေကျောက်သံပတ္တမြားတွေပါလား"

ရှေးဟောင်းရတနာပစ္စည်းတို့ကား သေတ္တာငယ်သုံးလုံးနှင့် အပြည့်ရှိလေ၏။ ယင်းရှေးဟောင်း လက်ဝတ်လက်စား ရတနာတို့၏



ကြားထဲဝယ် ထားသားနှစ်ဖက် ထိပ်နှင့်အနှောင့်တို့အား ရွှေပိန်းချထားသည့် ပေရွက်တစ်ရွက်ကို တွေ့ရာ ဦးဂန္ဓမာက စိတ်ဝင်စားစွာဖြင့် ပေရွက်ကိုဖတ်ကြည့်လိုက်လေ၏။

(ငါ၏အမည်နာမသည်ကား 'မြစိမ်းမင်းသမီး' (ခေါ်) 'မဏိမြရောက်'မင်း ဖြစ်ပါ၏။

ငါသည်ဖခမည်းတော် 'မကုဋာရာဇာ' (ခေါ်) 'မနုဟာ' မင်းကြီးထံ ဝပ်ပြုပြီး ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်(၃)ပုံအား ပင့်ဆောင်ရန် အနော်ရထာမင်းဘုရင်၏ တပ်ကြီးသုဝဏ္ဏဘူမိသို့ ရောက်ရှိလာပြီး လှေယာဉ်နှင့် စစ်တောင်းမြစ်ဆီ ပြေးခဲ့ရာမှ ကွမ်းဆိပ်ကျေးရွာ၌ ခေတ္တနားပြီးနောက် ဘိုးမော်ဦးရေတွင်း၊ ကျုံချောင်ရွာ၊ ဝင်းကလုံရွာ၊ ကျောက်ကျိုး၊ မဲကရွာ၊ မဲရစ်ရွာတို့ကို ကွေ့ရှောင်ဖြတ်သန်းကာ ထီးပါးဒီးတောင်မှတဆင့် ကျောက်လှိုဏ်ဂူများရှိရာ ကျောက်တောင်ကြီး တစ်လုံးဆီသို့ ရောက်ရှိသွားသည့်တွင် သူတော်စင်တစ်ဦး၏ မိန့်ကြားအကြံပြုမှုအရ ယင်းတောင်မှ ဂူတို့ကို ဝက်ပါလှိုဏ်ဂူအဖြစ် ငါပြောင်းလဲခဲ့ပါ၏။

ငါတို့ဆွေတော်မျိုးတော် အဆက်ဆက်ပိုင် နန်းမြဲရတနာတို့ကို ဝက်ပါ၏အလယ်ရှိ ငါ၏သဥ္ဇသိုက်ဆောင်ပေါ် လျှို့ဝှက်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပါ၏။

ယင်း သဥ္ဇာလီဆောင်သို့ ရောက်ရှိနိုင်ရန်မှာ ဝက်ပါလမ်းကို မှန်ကန်စွာ လျှောက်လှမ်းနိုင်မှ ဖြစ်ပေမည်။

ယင်းဝက်ပါလမ်း၌ ကွေ့ကြီး(၉)ကွေ့ရှိရာ တစ်ကွေ့ကွေ့ဝယ် မှားယွင်းသော လမ်းကိုလျှောက်မိပါက ငါ၏သဥ္ဇာလီအဆောင်သို့မရောက်ဘဲ ဘေးဒုက္ခကြီးစွာ ရောက်မည်သာဖြစ်၏။

သို့ကြောင့် ဤပေရွက်ဝယ် ငါညွှန်ပြထားသော မြေပုံလမ်းအတိုင်း လျှို့ဝှက်ကွေ့ကြီး (၉)ကွေ့ကို မှန်ကန်စွာ ကျော်ဖြတ်ဖို့လိုပေလိမ့်မည်။

ဤမြေပုံအညွှန်းကိုလည်း ငါ၏ဤပေလွှာတစ်ခုတည်းမှာသာ ရေးဆွဲထားပြီး ဤလျှို့ဝှက်ပေလွှာကိုလည်း ငါစိတ်အချရဆုံး ငါ၏အထိန်းတော်ကြီး မယ်ပုန်းတင်၏ လက်ထဲကိုသာ ငါအပ်နှံထားနိုင်မည်ဖြစ်၏။

ငါပုန်းအောင်းနေထိုင်ရာ ဝက်ပါဂူသို့ ရောက်ရှိလာသူတို့သည် မှားယွင်းသော လမ်းကိုရွေးမိလျှင်မူ ဝက်ပါထဲမှ ပြန်မထွက်နိုင်တော့ဘဲ မရဏာလမ်းသို့ မြန်းရမည်သာ ဖြစ်ပေ၏။ ငါ့အား ရန်သူတို့မဖမ်းမိနိုင်စေရန် ယင်းသို့စီမံထားရခြင်းသာ ဖြစ်ပေ၏။



အကယ်၍ ငါစီရင်ထားသော လျှို့ဝှက်ကွေ့ကိုးကွေ့ကို ကျော်လွှန်နိုင်ပါက ငါလျှို့ဝှက်စွာ ပုန်းအောင်းနေရာ သဥ္ဇာလီဆောင်သို့ရောက်လာပါလိမ့်မည်။)

( မြစိမ်းမင်းသမီး (ခေါ်) မဏိမြရောက် )

အထက်ပါ ပေစာအား ဖတ်ပြီးနောက် ဦးဂန္ဓမာမှာ မြစိမ်းမင်းသမီးလေး၏ အကြောင်းကို လွန်စွာစိတ်ဝင်စားသွားတော့၏။ ပေစာ၏ ကျောဖက်မှ မြေပုံအညွှန်းကိုလည်း စိတ်ဝင်စားမိပါ၏။

ဦးဂန္ဓမာသည် စာကြည့်ခန်းထဲရှိ ရှိသမျှ ပေပုရပိုက်တို့ကို မွှေနှောက်လေ့လာရာ ထူးခြားမှုမတွေ့ရသော်လည်း ဦးဘတင့်၏ အဘွားအိပ်စက်ခဲ့ရာ ကြေးခုတင်ကြီး၏ ခေါင်းရင်းမှ ကျွန်းဗီရိုပုလေး၏အံဆွဲထဲမှရရှိသော ပုရပိုက်ဝယ် မဏိမြရောက် မင်းသမီးလေး၏ အကြောင်းကို သေချာစွာရေးဖွဲ့ထားကြောင်း မမျှော်လင့်ဘဲ တွေ့ရ၏။

ယင်းပုရပိုက်မှာ မင်းသမီးလေး၏ နောက်ဆုံးအချိန်အထိ မင်းသမီးလေး၏ အပါးဝယ်ခစားလျက်ရှိခဲ့သည့် အထိန်းတော်ကြီး မယ်ပန်းတင်၏ မျိုးဆက်ဖြစ်သော ဒေါ်သဥ္ဇာ၏ မှတ်တမ်းဖြစ်ကြောင်း တွေ့ရလေသည်။ ယင်းဒေါ်သဥ္ဇာက ပုရပိုက်ထဲဝယ် ထိုစဉ်က မင်းသမီးလေးမှာ ဝက်ပါဂူကြီးထဲ၌ ဆယ်နှစ်ဆယ်မျှ ကြာအောင်

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်စွာ ခိုအောင်းနေရာမှ ထူးဆန်းသော အဖျားတစ်မျိုး အကြီးအကျယ်ဖြစ်ပြီး ရုတ်တရက် ကွယ်လွန်သွားခဲ့သည်ဟုဆို၏။

မင်းသမီးလေး၏ အလောင်းအား မပုပ်မသိုးအောင် ဆေးစီရင်ပြီးနောက် မင်းသမီးလေး၏ သဉ္ဇာလီခန်းဆောင်မှာပင် ထားရစ်သဂြိုလ်ခဲ့ပြီး မင်းသမီးလေးမရှိတော့သည့်နောက် မင်းသမီးလေးနှင့် အတူပါလာသည့် ရံရွေတော်များ၊ သက်တော်စောင့် စစ်သည်များမှာ ဝက်ပါဂူကြီးထဲမှ ထွက်ခဲ့ကြပြီး ကိုယ်သွားလိုသည့် ဒေသအသီးသီးသို့ လမ်းခွဲထွက်သွားကြလေ၏။

မယ်ပန်းတင်မှာ နန်းစဉ်ရတနာများနှင့်အတူ ဝက်ပါဂူထဲသို့ဝင်ရာ လမ်းညွှန်ဖြစ်သော ပေရွက်ကို ယူဆောင်ခဲ့ပြီး ယွန်းစလင်း မြစ်ညာဖက်သို့ အပျိုတော် အဖော်သုံးလေးဦးနှင့်အတူ ခြေဆန့်ပြီး မြစ်ကမ်းတစ်နေရာဝယ် နေထိုင်ခဲ့လေ၏။

ထိုသို့ဆွေစဉ်မျိုးဆက် နေထိုင်လာခဲ့ရာမှ ဒေါ်သဉ္ဇာ၏ လက်အောက်ဝယ် အိမ်ထောင်ရက်သားကျကာ သမီးနန်းမြာကို မွေးဖွားပြီးမှ ထိုရွာ၌ ကာလဝမ်းရောဂါဖြစ်ပွားသည်တွင် ဒေါ်သဉ္ဇာ တို့မိသားစုသည် ထိုရွာကိုစွန့်ခွာထွက်ပြေးခဲ့ကြပြီး ရွှေကျင်ချောင်း အနီးမှ ရွှေကျင်ရွာငယ်လေးဝယ် အခြေချနေထိုင်ကာ ဒေသခံ



လယ်ယာသမားတို့ထံမှ မြေကေများစွာကို ငွေဒင်္ဂါးများပေးပြီး ဝယ်ယူကာ လယ်ပိုင်ရှင်၊ မြေပိုင်ရှင်ဘဝကို ခံယူလျက် ဤအိမ်ကြီးကို ခမ်းနားစွာ ဆောက်လုပ်နေထိုင်ခဲ့ပါ၏။

ယင်းသို့ အိမ်ကြီးဆောက်လုပ်သည့်အခါ မြစိမ်းမင်းသမီးလေး မဏိမြရောက်၏ ရှေးဟောင်းနန်းစဉ်ရတနာပစ္စည်းတို့အား ခိုးသားဓားပြနှင့် သစ္စာမဲ့သူ ကျေးကျွန်တို့၏ရန်မှ ဝေးစေရန် ဘုရားဆောင်ရှိ အုတ်နံရံအတွင်းမြှုပ်နှံထားရခြင်း ဖြစ်ချေ၏။

ဤလျှို့ဝှက်ရတနာတို့၏ အကြောင်းနှင့် မင်းသမီးလေး၏ အလောင်းတော် အေးချမ်းစွာရှိနေရာ ဝက်ပါဂူကြီးထဲသို့သွားရာ လျှို့ဝှက်သင်္ကေတများအကြောင်းကို မိမိတို့၏ သားသမီးတို့အထဲမှ စိတ်အချရဆုံး သားသမီးတစ်ဦးကိုသာ အသိပေးခြင်းဖြင့် ယင်းလျှို့ဝှက်ချက်နှစ်ခုကို ဆွေစဉ်မျိုးဆက်အလိုက် ထိန်းသိမ်းခဲ့ကြပြီး ယင်းရတနာပစ္စည်းတို့အား မိမိတို့၏ကိုယ်ကျိုးအတွက် မသုံးဘဲ ဘာသာ၊ သာသနာနှင့် အများအကျိုး၊ နိုင်ငံအကျိုးအတွက်သာ သုံးစွဲရန်ဆန္ဒပြုသည်ဟု ရေးထားသည်ကို ဦးဂန္ဓမာ ဖတ်ရတော့၏။

''အင်း...တကယ်တော့ ဒီရတနာပစ္စည်းတွေဟာ ဘတင့်ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရမယ့်ပစ္စည်းတွေပဲ။ ဘတင့်

www.burmeseclassic.com

www.burmeseclassic.com



တောင် ဒီရတနာတွေရဲ့အကြောင်းနဲ့ ဝက်ပါဂူကြီးရဲ့ အကြောင်း သိသေးပုံမရဘူး''

''ဘတင့်ရဲ့ အဘွားကတော့ ဘတင့်ရဲ့အမေကို လက်ဆင့်ကမ်းပြောပြခဲ့မှာပဲ။ ဒါပေမယ့် ဘတင့်ဟာ သူ့အဘွားရော၊ သူ့အမေရော ဆုံးပါးချိန်မှာ ဒီအိမ်ကြီးမှာ ရှိမနေဘဲ နယ်တကာအနှံ့ လျှောက်သွားနေလေတော့ သူ့ကိုသူတို့ဆွေစဉ်မျိုးဆက်ရဲ့ လျှို့ဝှက်ချက်ကို ပြောမသွားဖြစ်ကြဘူးထင်ပါရဲ့''

''ဒီရတနာတွေဟာ တန်ဖိုးကြီးလွန်းတော့ ဒီရတနာတွေ ဒီလိုရှိနေကြောင်း သတင်းပျံ့သွားရင် ရတနာတွေကို ထိန်းသိမ်းစောင့်ရှောက်ထားရသူမှာ အန္တရာယ်အလွန်များမယ်''

''ဘာပဲဖြစ်ဖြစ် ဘတင့်ပြန်မလာမချင်း ဒီရတနာတွေနဲ့ လျှို့ဝှက်သေတ္တာကို ငါ့မှာစောင့်ရှောက်ထိန်းသိမ်းထားရမယ့် တာဝန်ရှိတယ်''



ဝက်ပါဂူသို့

နောက်တစ်လခန့်အကြာဝယ် ဦးဂန္ဓမာမှာ ပြိုကျပျက်စီးလုဖြစ်နေသော အိမ်ရှေ့ခေါင်းရင်းပိုင်းရှိ ဘုရားဆောင်အား ဖြိုချပြီးအသစ်ဆောက်လုပ်ရန် ပန်းရံဆရာနှင့် လက်သမားတို့အားခေါ်ကာ အလုပ်အပ်လေတော့၏။

သူ၏မူလရည်ရွယ်ချက်မှာ ဘုရားဆောင်အား အသစ်ပြန်တည်သောအခါ မဏိမြရောက် မင်းသမီးလေး၏ နန်းစဉ်ရတနာတို့ကို ဝက်ပါပေလွှာနှင့်အတူ ဘုရားခန်းနံရံထဲ ပြန်လည်မြှုပ်နှံသိမ်းဆည်းရန်ဖြစ်၏။

ထိုသို့သိမ်းဆည်းထားပြီး ဦးဘတင့်ပြန်လာမှ ထိုအကြောင်းများကို ဖွင့်ပြောပြလိုက်မည်ဟု ရည်ရွယ်ခဲ့ခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘုရားဆောင်ပြန်လည် ဆောက်လုပ်နေဆဲမှာပင် မထင်မှတ်သော ပြဿနာကြီးတစ်ခုက မပင့်မဖိတ်ဘဲ အိမ်သို့ ရုတ်တရက်ဆိုက်ရောက်လာတော့၏။

ဖြစ်ပုံမှာကား ...

တစ်နေ့သ၌ မျက်နှာဖြူပုလိပ် အင်စပိတ်တော် တစ်ဦးသည် ပုလိပ်သားလေးဦးနှင့်အတူ အိမ်သို့ရောက်လာပြီး ဦးဘတင့်ဘယ်မှာလဲဟု ဦးဂန္ဓမာအား စစ်မေးတော့၏။

ဦးဂန္ဓမာက ဦးဘတင့်မှာ သူ၏အိမ်ကြီးအားအပ်ပြီး ခရီးထွက်သွားသည်မှာ ခြောက်လခန့်ရှိပြီဖြစ်ကြောင်း၊ ဘယ်ကိုသွားမည်၊ ဘာကိစ္စအတွက်သွားမည်ဟု မပြောသွားခဲ့ကြောင်း။ မိမိမှာ သူ၏သူငယ်ချင်းဖြစ်ပြီး အိမ်စောင့်အဖြစ် ကျန်ရစ်ခဲ့ပါကြောင်းပြောပြရာ ပုလိပ်အင်စပိတ်တော်မှာ ကျေနပ်မှုမရှိဘဲ အိမ်ကိုရှာရန် ဝရမ်းပါသည်ဟုဆိုကာ အိမ်ကြီးအနှံ့ရှာဖွေခြင်းပြုလေ၏။

"မောင်မင်းရဲ့ သူငယ်ချင်းဘတင့်ဟာ ကျွန်ုပ်တို့ဗြိတိသျှအစိုးရကို ဆန့်ကျင်တော်လှန်တဲ့ သူတွေကိုဦးဆောင်ပြီး ပုန်ကန်ခြားနားလို့ သူ့ကိုဖမ်းဝရမ်းထုတ်ပြီး ကျွန်ုပ်တို့ရှာဖွေနေတာပဲ"

"သူဟာ စစ်ကိုင်းခရိုင် မြင်းမူနယ်က မင်းလောင်းမောင်



သန့်ဆိုတဲ့သူဦးဆောင်တဲ့ သူပုန်တပ်ဖွဲ့မှာ သူပုန်ခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်ပြီး အခြားသူပုန်ခေါင်းဆောင်တွေဖြစ်တဲ့ ငမြှော်၊ ငရာဘော်၊ ငကံပွင့်၊ ငရွှေတုတ်တို့နဲ့အတူ မြင်းမူပုလိပ်ဌာနကို ဝင်စီးဖို့ ကြိုးစားတိုက်ခိုက်ခဲ့တယ်"

"ကျွန်ုပ်တို့ ပုလိပ်တပ်ဖွဲ့က နှိမ်နင်းမှု သင်းတို့တပ်ပျက်ပြီး ပြေးရာက သူပုန်တပ်ဖွဲ့ရဲ့ ခေါင်းဆောင်ဖိုးသန့်ရော၊ ငမြှော်၊ ငရာဘော်၊ ငကံပွင့်၊ ငရွှေတုတ်တို့ပါ အားလုံးဖမ်းမိခဲ့ပြီးဖြစ်တယ်"

"မောင်မင်းရဲ့ သူငယ်ချင်း ဘတင့်ကတော့ အပြေးကောင်း အပုန်းကောင်းနေလို့ ခုအထိမမိသေးဘူး"

"သူဒီအိမ်ကို ပြန်လာသေးသလားမောင်မင်း။ သူရှိတဲ့နေရာသိရင်ပြောပါ။ သူ့ကိုဖမ်းမိရင် မောင်မင်းကို ဒီရွှေကျင်မြို့ရဲ့ မြူနီစပယ်လူကြီးအဖြစ် မြို့အုပ်မင်းကခန့်အပ်ဖို့ ကျွန်ုပ်ပြောပေးမယ်"

"အဲဒီ သူပုန်ဘတင့်နဲ့ ပတ်သက်လို့ မောင်မင်းထိန်ချန်ထားရင်တော့ မောင်မင်းပါစက်တိုင်တက်ရမယ်"

ဟုခြိမ်းခြောက်ပြောဆိုရာ ဦးဂန္ဓမာမှာ သူ့စီးပွားပျက်ရသည်မှာ မျက်နှာဖြူအစိုးရကြောင့်ဟု ယူဆထားသူဖြစ်သည့်အပြင် မျက်နှာဖြူတို့အား မုန်းတီးနေသူဖြစ်ရာ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိဘဲ..

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သူငယ်ချင်းဘတင့် ဒီကိုလုံးဝပြန်မလာတာ ခြောက်လရှိပြီ။ ဒါပဲကျုပ်ပြောနိုင်မယ်"

ဟုခပ်တည်တည်ပြောလိုက်ရာ ပုလိပ်အင်စပိတ်တော်မှာ မကျေမချမ်းဖြစ်သွားပြီး...

"ဘတင့်ကို သုံးလအတွင်းမမိရင် ဘတင့်ရဲ့ အိမ်ရာလယ်မြေတွေပါ သိမ်းမယ်"

ဟုရာဇသံပေးကာ ပြန်သွားလေတော့၏။

ထိုပြဿနာကြီး ဖြစ်လာမှ ဦးဂန္ဓမာမှာ သူ၏သူငယ်ချင်း ဦးဘတင့်၏ လျှို့ဝှက်လှုပ်ရှားမှုများအကြောင်းကို ကွင်းကွင်းကွက်ကွက်ကြီး သိမြင်သွားတော့၏။

ဦးဘတင့်မှာ မျိုးချစ်စိတ်ထက်သန်ပြီး နယ်ချဲ့မျက်နှာဖြူတို့အကြောင်းကို ခါးသည်းမုန်းတီးစွာ ပြောလေ့ရှိကာ မျက်နှာဖြူတို့အား ပုန်ကန်ခြားနားရေးအတွက် တော်လှန်ရေးသမားများနှင့်အတူ တိုင်ပင်ဆွေးနွေး ကြံစည်ခြင်းပြုသော်လည်း သူငယ်ချင်းဖြစ်သူ ဦးဂန္ဓမာကိုမူ ထိုအကြောင်းများ လုံးဝမပြောခဲ့သည်မှာ သူ့ဝယ်အကြောင်းရှိပေလိမ့်မည်။

ဦးဂန္ဓမာမှာ သစ္စာမဲ့သော ဇနီးသည်ကြောင့် အသည်းကွဲပြီး



အိမ်ထောင်ပြိုကွဲရခြင်းဒုက္ခ၊ ရှိသမျှစည်းစိမ်ဥစ္စာကုန်ပြီး ဖြူကာပြာကာကျလျက် စီးပွားပျက်ခဲ့ရခြင်း ဒုက္ခတို့ကို နင့်သည်းစွာခံစားခဲ့ရရှာရာ ဦးဘတင့်အနေဖြင့် သူငယ်ချင်းဖြစ်သူအား နူရာဝဲစွဲ လဲရာသူနိုးထောင်းဖြစ်မှာစိုးသဖြင့် သူ၏တော်လှန်ရေးလုပ်ငန်းထဲ ဆွဲမသွင်းရက်ခြင်း ဖြစ်ပေလိမ့်မည်။

မိမိတို့ မြန်မာတိုင်းရင်းသား တော်လှန်ရေးသမားများမှာ မျိုးချစ်စိတ်ကြောင့် နယ်ချဲ့မျက်နှာဖြူတို့ကို ခံချခြင်းဖြစ်သော်လည်း နေမဝင်အင်ပါယာအရှင် မျက်နှာဖြူတို့အား အင်အားခြင်း၊ လက်နက်ချင်း လုံးဝမယှဉ်နိုင်သဖြင့် တော်လှန်ရေးအခြေအနေ မကောင်းပါကသူ့သူငယ်ချင်း ဦးဂန္ဓမာပါ ကျွန်ဝယ်ရာအဆစ်ပါ ဆိုသကဲ့သို့ အဖမ်းဆီးခံရခြင်း၊ ထောင်ချခံရခြင်း၊ ကြိုးပေးခံရခြင်းစသည့် ဒုက္ခဆိုးများ မကြုံစေချင်သဖြင့် ဦးဘတင့်က သူတို့ပြုလုပ်မည့် တော်လှန်ရေးအကြောင်း ဦးဂန္ဓမာကို လုံးဝပြောမပြခြင်းသာ ဖြစ်ပေလိမ့်မည်။

"ဩော်...သူငယ်ချင်းဘတင့် ... ဘတင့် ... မင်းဟာငါ့အပေါ် ငဲ့ညှာလွန်းပါတယ်ကွာ။ မင်းရဲ့မေတ္တာနဲ့ ကျေးဇူးတရားတွေကို တုန့်ပြန်တဲ့အနေနဲ့ မင်းဆက်ခံသင့်တဲ့ ရှေးဟောင်းဘုန်းဘနာတွေ၊ မသမာသူတွေရဲ့လက်ထဲ လုံးဝမရောက်သွားအောင် ငါ့အသက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့လဲပြီး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားပါ့မယ်''

သို့ကလိုစိတ်ဖြင့် ကတိပေးမိသော်လည်း ယင်းတန်ဖိုးကြီးမားများပြားလှသည့် ရှေးဟောင်းရတနာများကို မည်သည့်နေရာ၌ ထိန်းသိမ်းလျှို့ဝှက်ထားရမည်ကို ဦးဂန္ဓမာမှာ စဉ်းစားမရအောင် ဖြစ်နေတော့၏။

''ဒီအိမ်ကြီးနဲ့ မြေကြီးရဲ့ တစ်နေရာရာမှာ မြှုပ်နှံထားလို့လည်း မဖြစ်ဘူး။ ဗြိတိသျှအစိုးရက သူပုန်ရဲ့အိမ်၊ သူပုန်ရဲ့မြေဆိုပြီး အချိန်မရွေး အပိုင်သိမ်းသွားနိုင်တယ်။ အဲဒီလိုသိမ်းပြီး အိမ်ကြီးကို ဖျက်ဆောက်လိုက်ရင် လျှို့ဝှက်မြှုပ်နှံထားတဲ့ ရတနာတွေကို မျက်နှာဖြူတွေ အချောင်ရသွားမယ်''

''မျက်နှာဖြူတွေရဲ့ ဘဏ်မှာလည်း သွားအပ်ထားလို့ မဖြစ်ဘူး''

''ငါ့ရဲ့ဒီမြို့က တစ်ဦးတည်းသော မိတ်ဆွေ ဦးဟန်ပဆီမှာလည်း အပ်နှံထားလို့ မဖြစ်ဘူး။ ဒီရတနာတွေ ငါ့ရဲ့လက်ထဲမှာ ရှိနေတာကိုတောင် ဦးဟန်ပသိလို့မဖြစ်ဘူး။ လူ့စိတ်ဆိုတာ ပြောလို့မရတဲ့အပြင် လူ့ပါးစပ်တစ်ပေါက်ပိတ်ရတာဟာ ဗူးတစ်ရာရဲ့ အပေါက်ပိတ်ရတာထက်ခက်တယ်။ ဒီကိစ္စကို ဘတင့် ပြန်မလာမချင်း ဘယ်သူမှသိလို့မဖြစ်ဘူး''



''ဒီရတနာတွေအကြောင်း ဗြိတိသျှအစိုးရဘက်က သိသွားရင်ဖြစ်ဖြစ်၊ မသူတော် လူဆိုးဓားပြတွေသိသွားရင်ဖြစ်ဖြစ် ရတနာတွေအကုန်အသိမ်းခံရပြီး ငါ့အသက်ကိုလည်း ရန်ရှာမှာကျိန်းသေတယ်''

''ဒီတော့ ဒီရတနာတွေကို အလုံခြုံစိတ်အချရဆုံး ဘယ်နေရာမှာသွားပြီး မြှုပ်နှံသိမ်းဆည်းထားရင် ကောင်းပါ့မလဲ''

ဦးဂန္ဓမာမှာ ခေါင်းပူအောင် သုံးလေးရက်ခန့် စဉ်းစားပြီးနောက် အကြံတစ်ခုရသွားတော့၏။

''ဟုတ်ပြီ ဒီရတနာတွေကို အလုံခြုံဆုံး ထားရမယ့် နေရာကို ငါသိပြီ။ အဲဒီနေရာကတော့ ဒီကမ္ဘာလောကကြီးမှာ ငါတစ်ဦးတည်းကလွဲလို့ ဘယ်သူမှမသွားရောက်နိုင်တဲ့ မဏိမြရောက် မင်းသမီးလေးရဲ့ ဝက်ပါလိုဏ်ဂူကြီးပဲ''

''ငါ အဲဒီရတနာပစ္စည်းတွေကို ဝက်ပါဂူကြီးထဲသွားဂိမ်းဆည်းထားမယ်''

ယင်းသို့ဆုံးဖြတ်ပြီးနောက် ဦးဂန္ဓမာမှာ ရတနာများကို လျှို့ဝှက်သိမ်းဆည်းရေးနှင့် ပတ်သက်၍ အပြန်ပြန်အလှန်လှန် ညဏ်နီဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



နက်များထုတ်ကာ သုံးရက်လုံးလုံး စဉ်းစားခဲ့ချေ၏။

ထို့နောက် တစ်ခုသောနေ့တွင်မူ သူသည်လိုင်စင်ဖြင့် ကိုင်ဆောင်သော ခြောက်လုံးပြူးသေနတ်၊ အမဲလိုက်နှစ်လုံးပြူးသေနတ်တို့ကို စွဲကိုင်လျက် မြင်းကြီးတိမ်ပျံကိုစီးပြီး ဆူး၊ ဆောက်၊ တူ၊ မီးအိမ်၊ ပေါက်ချွန်း၊ စားနပ်ရိက္ခာတို့ကို အဝတ်အိတ်ကြီး တစ်အိတ်ထဲထည့်၍လည်းကောင်း၊ ရတနာသေတ္တာသုံးလုံးကို အခြားအဝတ်အိတ်ကြီးတစ်အိတ်အတွင်း ထည့်၍လည်းကောင်း၊ ရွှေကျင်မှနေ၍ ဝက်ပါတောင်ရှိရာ အရှေ့တောင်ဘက်သို့ ခရီးနှင်ခဲ့ပါတော့သတည်း။

(မှတ်ချက် ။ ။ ဤနေရာတွင် ဤဝတ္ထု၏အစ၌ ဖော်ပြထားသော မဲရစ်ရွာထဲသို့ ဖေါင်းဝတ်ရောင်မြင်းကြီးစီးပြီး ဝင်ရောက်လာသည့် နှုတ်ခမ်းမွေးစစနှင့် လူကြီးမှာ ဦးဂန္ဓမာပင်ဖြစ်ကြောင်း စာဖတ်သူတို့ ရိပ်မိပြီးဖြစ်ပါလိမ့်မည်။

စာရေးသူ)



ဦးဂန္ဓမာသည် ရွှေကျင်သို့ ရောက်ရှိပြီး သုံးလခန့်အကြာကတည်းက မြင်းကြီးတိမ်ပျံကိုဝယ်ပြီး ညနေဆည်းဆာ အချိန်တိုင်း ရွှေကျင်မြို့ပြင်ဖက်သို့ အညောင်းအညာပြေ လေညှင်းခံရင်း စီးနင်းလေ့ရှိရာမှ မြင်းစီးကျွမ်းကျင်လျက်ရှိရာ ဝက်ပါတောင်သို့ သွားသည့်ခရီးတွင် တိမ်ပျံကိုသာ အားပြုပြီး ခရီးနှင်ခဲ့ခြင်း ဖြစ်ပါ၏။

မေးမြန်းစုံစမ်း ခရီးနှင်ခဲ့ရာမှ ဝက်ပါဂူကြီးဆီသို့ ရောက်ရှိသွားသောအခါ ဦးဂန္ဓမာမှာ မဏိမြရောက် မင်းသမီးလေး၏ မြေပုံညွှန်းပေရွက်လေးကို အသုံးပြုပြီး ဝက်ပါဂူကြီးထဲ ဝင်ခဲ့ရာမှ အဝင်လမ်းအမှန်ကိုကွေ့ကြီး(၉)ခုအနက် ကွေ့တစ်ခုရောက်တိုင်း ဦး[illegible]င့်ထံမှ သူဆည်းပူးထားသည့် တဲရော့သင်္ကေတများဖြင့် မှတ်သားခဲ့

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ယင်းသို့ တဲရော့ သင်္ကေတများနှင့် မှတ်သားရာ၌ ကွေ့ကြီး တစ်ခုသို့ရောက်၍ လမ်းခွဲနှစ်ခုတွေ့ပါက လမ်းခွဲတစ်ခုစီ၏အပေါ် ကျောက်သားပေါ်၌ တဲရော့ရုပ်ပုံတစ်ခုစီကို အသင့်ယူဆောင်လာသော ဆူးဆောက်၊ တူတို့အသုံးပြုထွင်းထုမှတ်သားခဲ့တော့၏။ တဲရော့၏ စီနီယာနံပါတ်အတိုင်း ရေးထွင်းထားသော လမ်းခွဲမှာ လမ်းအမှန် ဖြစ်ပါ၏။

သူသည် ငွေပန်းထိပ်ဆရာကြီး ဦးဟာန်ပနှင့် ရင်းနှီးစွာ ပေါင်း သင်းခဲ့ရာမှ ဦးဟာန်ပ၏ ငွေပန်းထိမ်လုပ်ငန်းကို စိတ်ပြေလက်ပျောက် ဝင်ရောက်လေ့လာရင်း သူ၏ပန်းထိမ် ဝင်ထုသင်ယူခဲ့ရာမှ ပန်းထိမ် ထုခြင်းအတတ်ကို အတန်ငယ်တတ်ကျွမ်းခဲ့ရာ ထိုအတတ်ပညာကို အသုံးပြုပြီး ကွေ့ကြီးကိုးကွေ့၌ တဲရော့သင်္ကေတရုပ်ပုံတို့ကို ထုထွင်း နိုင်ခဲ့ခြင်းဖြစ်လေ၏။ သူသည် လမ်းမှားဘက်၌ တဲရောပုံများကို စီနီယာအတိုင်း မရေးဖွင့်ချေ။ ကြုံသလိုသာ ရေးဆွဲထားး၏။

ယင်းသို့ဖြင့် ဦးဂန္ဓမာသည် ကွေ့ကြီး (၉)ကွေ့ကို အောင်မြင် စွာဖြတ်ကျော်နိုင်ခဲ့ပြီး နောက်ဆုံးဝယ် ရှည်လျားရှုပ်ထွေးသော ဝက်ပါ လှိုဏ်ကြီး၏အလယ်မှ မြရောက်မင်းသမီးလေး၏ သဠာလီခန်းဆောင်



ကြီးသို့ ချောမောစွာ ရောက်ရှိသွားပါတော့၏။

ထိုရောအခါ သူသည် ဆေးရည်စိမ်ထားသဖြင့်လည်းကောင်း၊ သဘာဝကျောက်ဂူကြီး၏ လွန်စွာ အေးမြခြင်းကြောင့်လည်းကောင်း၊ ရုပ်ဆင်းလုံးဝမပျက်သေးဘဲ အိပ်ပျော်နေသည့်အလား ရှိနေသည့် မဏိမြရောက် မင်းသမီးလေး၏ ရုပ်အလောင်းကို ရွှေပိန်းချ မှန်ခေါင်းတလားကြီးထဲ၌ တွေ့ရပါတော့သတည်း။

— ◈ — ◈ — ◈ —

www.burmeseclassic.com

www.burmeseclassic.com



ဦးဂန္ဓမာသည် မဏိမြရောက် မင်းသမီးလေး၏ လှပဆဲ ရုပ်အလောင်းအား အတန်ကြာ လေ့လာကြည့်ရှုပြီးနောက် မင်းသမီးလေး၏ ခေါင်းတလားအတွင်းမှပင် နန်းစဉ်ရတနာ သေတ္တာသုံးလုံးအား ထည့်ထား လိုက်တော့၏။

''အင်း . . . ဒီဂူသွင်းသင်္ချိုဟ်ခန်းဆောင်ကြီးရဲ့ မင်းသမီးလေးရဲ့ ရုပ်အလောင်းကိုကြည့်ရတာ မင်းသမီးလေးရဲ့ အထိန်းတော်ကြီး ဒေါ်သဥ္စာတို့ ထွက်ခွာလာကတည်းက ဒီနေရာကို အခြား ဘယ်သူမှ ရောက်ရှိခဲ့ပုံမရဘူး။ အခြားသူတွေသာ ရောက်ရှိလာနိုင်မယ်ဆိုရင် မင်းသမီးလေးရဲ့ ရုပ်အလောင်းတော်မှာ ဆင်မြန်းထားတဲ့



ရွှေနားကွပ် မြတစ်ဆင်စာ ရတနာလက်ဝတ်လက်စားတွေ ယူသွားကြမှာပေါ့။ မှန်ခေါင်းတလားမှ ချထားတဲ့ ရွှေတွေရဲ့ တန်ဖိုးကပဲ နည်းတာမှတ်လို့''

''ဒါတွေလုံးဝ လက်ရာခြေရာမပျက်ပုံထောက်တော့ လွန်ခဲ့တဲ့ ခရစ်နှစ်(၁၀)ရာစုကတည်းက ဒီသင်္ချိုဟ်ခန်းဆောင်ဆီ ဘယ်သူမှ ရောက်မလာခဲ့တာ သေချာတယ်။ အဲဒီရှေးနှစ်ပေါင်းများစွာအတွင်း ငါတစ်ဦးတည်း ရောက်ရှိလာနိုင်ခဲ့တာပဲ ဖြစ်ရမယ်''

''တကယ်တော့ မင်းသမီးလေးရဲ့ အထိန်းတော်ကြီး ဒေါ်သဥ္စာဟာ မင်းသမီးလေး ကွယ်လွန်ပြီးလို့ ဒီဂူနန်းကြီးထဲက ခွာတော့ ရတနာပစ္စည်းတွေကို အခြားသူတစ်ဦးတစ်ဖွဲ့ ဝင်ယူမှာကို အစိုးရိမ်လွန်ပြီး သူဟာ ဒီဂူထဲက ယူသွားခဲ့တာပေါ့''

''လျှို့ဝှက်သင်္ကေတတွေကို မသိဘဲ ဒီလျှို့ဝှက်ဂူကြီးထဲ ဘယ်သူမှ ဝင်မလာနိုင်တာ လုံးဝသေချာတယ်''

''ဒါကြောင့် ငါကတော့ ရတနာသေတ္တာသုံးလုံးကို မင်းသမီးလေးရဲ့ အလောင်းတော်နဲ့အတူ ဒီမှာပဲ သိမ်းဆည်းထားခဲ့

www.burmeseclassic.com

www.burmeseclassic.com



တော့မယ်”

ထို့နောက်မှာတော့ ဦးဂန္ဓမာမှာ ဝက်ပါဂူကြီးထဲမှ ပြန်လည် ထွက်ခွာခဲ့ပါတော့သတည်း။

— ◈ — ◈ — ◈ —



## ကိုးမြို့ကိုးတံခါး

ဦးဂန္ဓမာသည် ဝက်ပါတောင်မှ ပြန်လာပြီးနောက် ရွှေကျင်မှ အိမ်ကြီးသို့အရောက်ဝယ် သူ၏စိတ်ထဲ၌ ကြိုတင်ကြံစည်ထားသည့် အတိုင်း ဆီဆေးပန်းချီကားကြီး (၉)ကားကို နေ့မနားညမနား ရေးဆွဲတော့သည်။

သူရေးဆွဲသော ပန်းချီပုံများမှာ ရှေးဟောင်းမြို့ပြတို့၏ ပုံများဖြစ်နေကြောင်း ထူးခြားစွာတွေ့ရမည်ဖြစ်၏။

သူသည် ရှေးဟောင်းမြို့ကြီး (၉)မြို့ဖြစ်သော တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ မော်ဇာ၊ ဟန်လင်း၊ ပုဂံ၊ သင်္ကဿာဘူမိ၊ ဝေသာလီ၊ ပင်းယမြို့ပြနိုင်ငံများ၏ ပုံကို ရှာဖွေ[illegible]ရှုထားသော

www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းပေပုရပိုက် ကျမ်းစာများမှ တွေ့ရှိရသည့် အချက်အလက်များ၊ ပန်းထိမ်ဆရာကြီး ဦးဟန်ပထံမှ ဆည်းပူးလေ့လာထားသော ရှေးဟောင်းပစ္စည်း အထောက်အထား နံရံဆေးရေးပန်းချီပုံများ၊ ကျောက်စာမိတ္တူများကို အခြေခံပြီးလျှင် သူ၏ပန်းချီပညာဖြင့် အနီးစပ်ဆုံးတူအောင် တစ်လလုံးလုံး ရေးဆွဲနေခဲ့လေ၏။

ယင်းသို့ သူရေးဆွဲသော ရှေးဟောင်းမြို့ကြီးများ၏ မြို့ရိုးတံတိုင်း၊ နန်းပြသာဒ်နှင့်တကွသော ပုံများ၌ မြို့တံခါးတို့ကို ရေးဆွဲရာတွင် ဦးဂန္ဓမာသည် တံခါးရွက်တို့၌ တားရော့သင်္ကေတများကို ထူးခြားစွာ ရေးဆွဲလေတော့၏။

တားရော့ဆိုသည်မှာ လွန်ခဲ့သော နှစ်ပေါင်း (၃၀၀၀)ကျော် ခရစ်တော်မပေါ်မီကပင် အရှေ့အလယ်ပိုင်းဒေသ၌ ဂျစ်ပစီတို့ ကံကြမ္မာဖတ်ရာ၌ အသုံးပြုခဲ့သည့် ရုပ်ပုံကား ဖဲချပ်လေးများပင် ဖြစ်ပါ၏။

ယင်း တားရော့ (TAROT) ဖဲချပ်ရုပ်ပုံကားလေးတို့ကို အခြေပြုပြီး ရှေ့ဖြစ်နိမိတ်ဟောကြားခြင်းအတတ်ကို အာရေဗျနိုင်ငံ



သို့ ရောက်ရှိခဲ့စဉ်က ဦးဘတင့်လေ့လာဆည်းပူးခဲ့ပြီး တားရော့ အထုပ်လေးများကို ယူလာရာ ဦးဂန္ဓမာမှာ ဦးဘတင့်ထံမှ ထိုတားရော့၏ အကြောင်းကို သိရှိလေ့လာခွင့်ရခဲ့ခြင်းဖြစ်ပါ၏။

သို့သော် ဦးဂန္ဓမာမှာ ဗေဒင်လက္ခဏာ စသည်တို့၌ ဝါသနာလုံးဝမပါရာ ယင်းတားရော့ကို ယခုအခါတွင်မှ စိတ်ကူးဆန်းတစ်မျိုးပေါက်ပြီး သူ့ပန်းချီကားများဝယ် ထည့်သွင်းရေးဆွဲခြင်းပင်ဖြစ်ပါ၏။

သူက ရှေးဟောင်းမြို့ပြတို့ ထွန်းကားခဲ့သည့် အစီအစဉ်တကျအတိုင်း ယင်းမြို့ပြတို့၏ ရုပ်ပုံပန်းချီကားတို့မှ ·မြို့တံခါးချပ်ဝယ် တားရော့ရုပ်ပုံတို့ကို အစီအစဉ်တကျ ရေးဆွဲပါလေ၏။

ယင်းရှေးဟောင်းမြို့ (၉)မြို့ထဲမှ ရှေးအကျဆုံး တကောင်းမြို့ပြနိုင်ငံ၏ မြို့တံခါးချပ်ဝယ် တားရော့နံပါတ်တစ်ကားချပ်ဖြစ်သော မှော်ဆရာပုံ (THE MAGICIAN) ကိုရေးဆွဲပြီး၊ နောက် မြို့ပြနိုင်ငံဖြစ်သော ဗိဿနိုးမြို့၏ မြို့တံခါးချပ်၌ နံပါတ်နှစ်တားရော့ရုပ်ပုံကားချပ်ဖြစ်သော မယ်တော် ·(THE HIGH PRIESTESS) ပုံကိုရေးဆွဲလေ၏။

သို့ဖြင့် သရေခေတ္တရာမြို့၏ မြို့တံခါးချပ်၌ နံပါတ်သုံး

www.burmeseclassic.com

www.burmeseclassic.com



တားရော့ကားချပ်၏ ရုပ်ပုံသင်္ကေတဖြစ်သော ကေရီ (THE EMPRESS) ကိုရေးဆွဲကာ၊ မော်ဖာမြို့ပြ၏ မြို့တံခါးချပ်ပေါ်၌ ကေရာဇ် (THE EMPEROR) ပုံကိုလည်းကောင်း၊ ဟန်လင်း မြို့တံခါး၌ ဘုန်းတော်ကြီး (THE HIEROPHANT) ပုံကို လည်းကောင်း၊ ပုဂံမြို့တံခါး၌ ချစ်သူများ (LOVERS) ပုံကိုလည်း ကောင်း၊ သုဝဏ္ဏဘူမိမြို့တံခါး၌ စစ်ရထား (THE CHARIOT) ပုံကိုလည်းကောင်း၊ ဝေသာလီမြို့တံခါး၌ ဗွမ်းအားရှင် (STRENGTH) ပုံကိုလည်းကောင်း၊ ပင်းယမြို့ပြ၏ မြို့တံခါးရွှက်၌ ကူညီ မစသူ (THE AERMIT) ပုံကိုလည်းကောင်း ရေးဆွဲလေတော့၏။

ယင်းသို့ဖြင့် ရှေးဟောင်းမြို့ကြီး (၉)မြို့၏ ပန်းချီပုံများကို ရေးဆွဲပြီးနောက် . . .

''အင်း . . . ဒီပန်းချီကားတွေကို ရှေးဟောင်းပစ္စည်းတွေ စုဆောင်းတာ အလွန်ဝါသနာကြီးတဲ့ ဦးဟန်ပဆီ အပ်ထားရမယ်။ ဒီအိမ်မှာထားရင် တော်ကြာ မျက်နှာဖြူစစ်ပုလိပ်တွေ ရောက်လာပြီး အိမ်ကြီးရဲ့အတွင်းအပြင် မြေပေါ်မြေအောက်ပစ္စည်းအားလုံး သိမ်း တယ်ဆိုရင် ဒီပန်းချီကားတွေ သူတို့လက်ထဲပါသွားလို့ ငါ့ရဲ့အကြံ



အစည်ပျက်သွားဦးမယ်''

''ဦးဟန်ပကတော့ ဝါသနာအရ ရှေးဟောင်းပစ္စည်းတွေ မြတ်မြတ်နိုးနိုး စုဆောင်းသူမို့ သူက သူမြတ်နိုးတဲ့ အဲဒီပစ္စည်းတွေကို ဈေးဘာယ်လောက်ပေးပေး ရောင်းချပစ်မယ့်သူမဟုတ်ဘူး''

''ဒီတော့ ဒီရှေးဟောင်းမြို့ပြ ပန်းချီကားတွေကို သူ့ဆီ အပ်ထားတာ စိတ်အချအလုံခြုံဆုံးပဲ''

''ဒီပန်းချီကားတွေဟာ အခြားသူတွေအတွက်တော့ သာမန် ပန်းချီကားတွေလို့ပဲထင်မယ်။ တဲ့ရော့ကို ကျွမ်းကျင်တဲ့ ဘတင့် ကတော့ တံခါးချပ်တဲရော့ပုံကို တွေ့တာနဲ့ သတိပြုမိပြီး ဒါဟာ ထူးခြားတဲ့ သင်္ကေတသဘောရေးထားမှန်း သိမှာပဲ''

သို့ဖြင့် ဦးဂန္ဓမာမှာ သူရေးဆွဲပြီးသော မြို့(၉)မြို့၏ ပန်းချီ ကား(၉)ကားကို ဦးဟန်ပ၏ အိမ်သို့ပို့လိုက်လေတော့၏။

ရှေးဟောင်းနှင့်ပတ်သက်၍ ဝါသနာကြီးလှသော ပန်းထိမ် ဆရာကြီး ဦးဟန်ပကလည်း သဘောအကျကြီးကျကာ မြို့(၉)မြို့၏

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားကြီးများကို သူရှာဖွေစုဆောင်းထားသည့် ရှေးဟောင်းပစ္စည်းများအား ပြတိုက်သဖွယ် ခင်းကျင်းထားသော သူ၏အိမ်ရှေ့ ညှော့ခန်းကျယ်ကြီး၏ နံရံတစ်ဖက်ဝယ် လှပခန့်ငြားစွာ ချိတ်ဆွဲထားလိုက်လေတော့၏။

"ဦးဂန္ဓမာရေ ခင့်ဗျားရဲ့ လက်ရာကတော့ တကယ့်ပန်းချီဆရာကြီးတွေနီးနီးကောင်းပဲဗျာ"

ဟုချီးကျူးလိုက်ရာ ဦးဂန္ဓမာကပြုံးပြီး...

"အေးဗျာ ကျုပ်ဆည်းပူးထားသမျှ ဗဟုသုတတွေကို အခြေပြုပြီး ဒီရှေးဟောင်းမြို့ပြတွေရဲ့ ပုံကိုရေးဖြစ်တာပါ ဦးဟန်ပရေ"

"ဒါထက် ဦးဟန်ပကို အထူးမှာစရာ မေတ္တာရပ်ခံစရာရှိတယ်ဗျာ"

ဟုလေးနက်စွာ ပြောလိုက်ရာ ဦးဟန်ပက ကွမ်းဝါးနေရာမှ ပြုံးလိုက်ပြီး...

"ဆိုစမ်းပါဦးဗျာ"



ဟုပြောလိုက်ရာ...

"ဒီလိုဦးဟန်ပရေ...ဒီပန်းချီကား (၉)ကားဟာ ကျုပ်နောက်ဆုံးရေးတဲ့ ပန်းချီကားတွေ ဖြစ်ကောင်းဖြစ်မယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဟာ ခုတလော အဆုတ်အအေးပတ်သလားမသိဘူး။ ချောင်းတွေ ညညကျဆိုးပြီး သလိပ်ထဲက သွေးစတွေပါလာနေတယ်"

ဟုပြောလိုက်ရာ ဦးဟန်ပမှာ မျက်လုံးပြူးသွားပြီး...

"ဟာ...ခင်ဗျား...ချောင်းဆိုးသွေးပါရောဂါများ ဖြစ်နေသလားဗျ"

ဟု အလန့်တကြား မေးလိုက်လေတော့၏။

"အေးဗျာ...ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ ဒီခေတ်ကြီးထဲမှာ ချောင်းဆိုးသွေးပါရောဂါကို နိုင်နင်းအောင်မကုသနိုင်သေးတော့ အဲဒီရောဂါတကယ်ဖြစ်ရင် ကျုပ်မကြာခင် သေမှာပဲဗျ"

"ဒီတော့ မသေခင် ကျုပ်တစ်ခုမှာခဲ့ပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့အဲဒီမြို့ဟောင်း ပန်းချီကားချပ် (၉)ချပ်ကို ကျုပ်ရဲ့ သူငယ်ချင်း ဘတင့်ပြန်လာရင် သူ့ရဲ့လက်ထဲ သေသေချာချာ အပ်နှံပေးပါဗျာ။ ဘတင့်ပြန်မလာမချင်း ဘယ်လိုအကြောင်းနဲ့မှ ဒီပန်းချီကားတွေကို မပျောက်ပျက် မပျက်ဆီးပါစေနဲ့၊ ဘယ်သူဘယ်လောက်ပေးပေး ရောင်းမပစ်ပါနဲ့ဗျာ"

ဟုပြောလိုက်ရာ ဦးဟန်ပက...

"ဟာ...စိတ်ချပါဗျာ။ ကျုပ်ဟာ သူတစ်ပါးရဲ့ ဥစ္စာပစ္စည်းကို ဘယ်တုန်းကမှ အလွဲသုံးစား လုပ်ခဲ့သူမဟုတ်ပါဘူး။ ပန်းထိမ်ပညာသည် လောကမှာတောင် တရားနဲ့အညီနေတဲ့ ဟန်ပပါဗျာ"

ဟုပြောလိုက်ရာ ဦးဂန္ဓမာက ခေါင်းကိုတဆတ်ဆတ် ညိတ်လိုက်ရင်း...

"အေးဗျာ...ခင်ဗျားကို ကျုပ်ယုံပါတယ်။ လိုရမယ်ရမှာတဲ့သဘောပါ။ ကျေးဇူးတင်ပါတယ်ဗျာ"

ဟုပြောလိုက်ပြီးမှ စကားပြောသည်မှာ များသွား၍ထင်



ချောင်းတဟွတ်ဟွတ်ဆိုးလာရာ အိမ်ရှင်ဖြစ်သော ဦးဟန်ပကို အားနာလာသည်နှင့် ဦးဂန္ဓမာမှာ ဦးဟန်ပ၏အိမ်မှ ပြန်ခဲ့ပါတော့၏။

သူသည် သူ၏အိမ်ကြီးဆီသို့ ခပ်ဖြည်းဖြည်း လမ်းလျှောက်ပြန်လာရာမှ သူ၌စွဲကပ်လာသော ဝေဒနာအကြောင်းကို စဉ်းစားလာတော့၏။

"အင်း...ငါဟာ ဟိုဝက်ပါဂူကြီးထဲသွားတော့ စိမ့်နေအောင် အေးတဲ့သဘာဝကျောက်ဂူကြီးရဲ့ အအေးဓါတ်ကြောင့် အဆုတ် အအေးမိသွားပြီး အားနည်းသွားရာက ချောင်းဆိုးသွေးပါရောဂါဖြစ်လာရတာလားမသိဘူး"

"အင်းလေ...ကုရာနတ္ထိဆေးမရှိတဲ့ ချောင်းဆိုးသွေးပါရောဂါဖြစ်ရင်လည်း သတ္တဝါတစ်ခု ကံတစ်ခုပေါ့"

ဟု စိတ်ဓါတ်ကျစွာတွေးရင်း ခပ်ဖြည်းဖြည်းလျှောက်လာပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



**အာဠာဝကဏ်အောင်ပွဲ**

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပျက်ပြီး (၅)နှစ်ခန့်အကြာ တစ်ညသ၌ လူရိပ်မည်းမည်းတစ်ခုသည် ဦးဘတင့်၏ အမွေခံ နှစ်ဆောင်ပြိုင်အိမ်ကြီးအနီးသို့ သစ်ပင်ချုံနွယ်များကို ကွယ်ကာပုန်းလျှိုးကွယ်လျှိုး ချဉ်းကပ်လာရာ သူ၏နောက် ခပ်လှမ်းလှမ်းမှ လူရိပ်သုံးခုကလည်း ရှေ့မှလူ၏ အရိပ်အခြည်ကို မျက်ခြည်မပြတ်တမ်း ကြည့်လျက် ထပ်ကြပ်လိုက်ပါလာတော့၏။

နောက်မှ လူရိပ်သုံးခုသည်ကား ကာကီရောင်ယူနီဖောင်းများ ဝတ်ဆင်ထားသည့် ပုလိပ်သုံးဦးဖြစ်ပြီး သူတို့မှာ အင်္ဂလိပ်ကပြား အင်စပိတ်တော် တစ်ဦးနှင့် ပုလိပ်သားနှစ်ဦးတို့ ဖြစ်ကြလေရာ ထိုပုလိပ်သားနှစ်ဦးအနက်မှ တစ်ဦးသည်ကား ပုလိပ်တပ်ဖွဲ့ထဲသို့ ဝင်



ရောက်ခဲ့သည်မှာ နှစ်နှစ်သာရှိသေးသော နီမောင်ဆိုသူဖြစ်လေ၏။

ပုလိပ်သုံးဦး၏ ရှေ့မှမောင်ရိပ်ခိုသွားနေသော လူကြီးသည် နှစ်ဆောင်ပြိုင်အိမ်ကြီး၏ အနီးသို့အရောက်ဝယ် သူ၏လက်ထဲမှ လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်လိုက်ရာ နှစ်ဆောင်ပြိုင်အိမ်ကြီး၏ တံခါးမကြီးမှာ အာမခံသော့ခလောက်ကြီး ခတ်ထားပြီး အိမ်ဆင်ဝင်တိုင်များ၊ ပြတင်းတံခါးများ၌လည်း နွယ်ပင်လို လိမ်ယှက်တတ်ကာ ခြံဝင်းတစ်ခုလုံးလည်း ခြုံနွယ်ပိတ်ပေါင်းတို့ ဖုံးလွှမ်းနေရာ ဤအိမ်ကြီးဝယ် လူမနေသည်မှာ ကြာပြီဖြစ်ကြောင်း ထင်ရှားလေ၏။

ရှေ့မှလူကြီးသည် အိမ်ကြီးကို အတန်ကြာအကဲခတ်ပြီး နောက် သက်မြင်းကြီးချကာ ခြံဝင်းထဲမှ ပြေးထွက်လာရာ ပုလိပ်သားသုံးဦးလည်း ထိုသူ၏နောက်မှ နောက်ယောင်ခံ လိုက်ခဲ့တော့၏။

''ဟေ့ နီမောင် အဲဒီလူက တရားခံပြေး ဘတင့်ဟုတ်ပါ့မလားကွ''

ဟု အင်စပိတ်တော် ကပြားက မေးလိုက်ရာ... နီမောင်က

''မသိဘူးသခင်... မှောင်နေတော့ သဲသဲကွဲကွဲ မမြင်ရဘူး။ ကျွန်တော်တို့ကလည်း သူ့ဓါတ်ပုံပဲ မြင်ဖူးတာ မဟုတ်လား''

''ဒါပေမယ့် ဒီအိမ်ကြီးကို ကျွန်တော်တို့ရော၊ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အရင်တာဝန်ကျ ပုလိပ်တွေရော လာလာချောင်းနေတာကြာပြီ။ ဒီနေ့ညမှ အခုလိုအိမ်ကြီးနား ချဉ်းကပ်လာတဲ့ လူရိပ်လူခြည်တွေ့ရတော့တယ်''

ဟုပြောလိုက်ရာ ကပြားအင်စပိတ်တော်က...

''အဲဒီလူဟာ သူခိုးလည်း ဖြစ်နိုင်တာပဲ။ ဘာပဲဖြစ်ဖြစ် သူ့ရဲ့နောက်ကို ငါတို့မျက်ခြေမပြတ် လိုက်ကြစို့''

ဟုပြောကာ ရှေ့မှခပ်သုတ်သုတ်သွားရာ ပုလိပ်သား နီမောင်နှင့် သာစိန်တို့လည်း နောက်မှအသေနတ်ကိုင်ကာ လိုက်ရတော့၏။

''ဟော...ဟို...ဟိုလူကြီး မြို့လယ်က ပန်းထိမ်ဆရာကြီး ဦးဟန်ပရဲ့အိမ်ထဲ ဝင်သွားပြီ''

ပုလိပ်သားတို့သည် ဦးဟန်ပ၏ အိမ်အနီးချဉ်းကပ်ပြီး ပျဉ်ချပ်တို့၏ကြားမှ အိမ်ထဲသို့ချောင်းကြည့်လိုက်ရာ ပန်းထိမ်ဆရာကြီး ဦးဟန်ပနှင့် ပင်နီတိုက်ပုံကြီးဝတ်ကာ လွတ်အိတ်တစ်လုံးလွယ်ထားပြီး ပုဆိုးတိုတိုဝတ်လျက် ဦးခေါင်းဝယ် သဘက်ကြီးပေါင်းထားသူကို မီးရောင်အောက်ဝယ် တွေ့ရလေ၏။

''ခင်...ခင်ဗျားဘယ်သူလဲ...ကျုပ်ရဲ့အိမ်ထဲ ဘာဖြစ်လို့ဝင်လာတာလဲ''



ဦးဟန်ပက ဒေါသတကြီးဖြင့် မေးလိုက်စဉ် သဘက်ပေါင်းထားသူက သူ၏ခေါင်းမှသဘက်ကို ဖြုတ်လိုက်ပြီးလျှင်...

''ဦးဟန်ပ...ကျုပ်ပါဗျ''

ဟုပြောလိုက်ရာ ထိုသူ၏မျက်နှာကို မြင်ရသည်၌ ဦးဟန်ပမှာ အံ့သြခြင်းကြီးစွာ ဖြစ်သွားတော့၏။

''ဟာ...ခင်...ခင်ဗျား...ကိုဘတင့်ပါလား''

''ဟုတ်တယ် ဦးဟန်ပ၊ ကျုပ်ရဲ့အိမ်ကို တစ်ခေါက်လာကြည့်တာမှာ သော့ခပ်ပြီး အိမ်ကြီးဟာ လူမနေတဲ့ အသွင်တွေ့ရလို့ ဘယ်လိုဖြစ်တာလဲ ကျုပ်ရဲ့သူငယ်ချင်း ဂန္ဓမာရော ဘယ်ရောက်သွားသလဲလို့ သိချင်လို့ ခင်ဗျားဆီလာပြီး မေးရတာဗျ''

ဟုပြောလိုက်ရာ ဦးဟန်ပက သက်ပြင်းကြီးချလိုက်ရင်း

''ကို...ကိုဂန္ဓမာ ချောင်းဆိုးသွေးပါ ရောဂါနဲ့ လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကပဲ ဆုံးပြီဗျ''

ဟု စိတ်မကောင်းသံကြီးဖြင့် ပြောလိုက်ရာ...

''ဗျာ...ဟုတ်လား...ဖြစ်ရလေဗျာ''

ဟုညည်းတွားရင်း ဦးဘတင့်မှာလည်း စိတ်မကောင်းခြင်းကြီးစွာဖြစ်သွားလေ၏။

www.burmeseclassic.com

အိမ်အပြင်ဘက်မှ ချောင်းကြည့်လျက်ရှိသော ပုလိပ်အင်စပိတ်တော်ကား အိမ်ထဲမှ ၊လူစိမ်းမှာ သူတို့အလိုရှိနေသော သူပုန်တရားခံပြေး ဦးဘတင့်မှန်း သိသဖြင့် ဝင်ဖမ်းရန် ဟန်ပြင်လိုက်စဉ် ဦးဘတင့်တို့ စကားပြောနေသည့်အခန်း၏ နံရံတစ်ခုဝယ် ချိတ်ဆွဲထားသော လူတစ်ဦး၏ ပုံတူပန်းချီကားကြီးကို မြင်လိုက်ရသည့် နီမောင်မှာ လွန်စွာအံ့အားသင့်သွားရာမှ သူ၏ဆရာ အင်စပိတ်တော်၏ လက်ကို အသာဆွဲထားလိုက်ပြီး လေသံတိုးတိုးဖြင့် ပြောလိုက်လေ၏။

"သခင် လောမကြီးပါနဲ့ ကျွန်တော်တို့အချိန်မရွေး ဘတင့်ကို ဝင်ဖမ်းနိုင်ပါတယ်။ အခု ဘတင့်ထက် အရေးကြီးတာကို တွေ့ထားလို့"

ဟုတိုးတိုးပြောလိုက်ရာ ကပြားအင်စပိတ်တော်မှာ နားမရှင်းသဖြင့် ခပ်တိုးတိုးပြန်မေးလေ၏။

"ဘတင့်ထက် အရေးကြီးတာ ဘာရှိလို့လဲ နီမောင်"

"ဒီလိုသခင်ရဲ့ ဟောဟိုနံရံက ပန်းချီပုံတူထဲက လူကြီးဟာ ကျွန်တော် တစ်ခါကပြောဖူးတဲ့ ကျွန်တော်တို့ဒေသက ဝက်ပါဂူကြီးထဲကို အောင်မြင်စွာ ဝင်နိုင်ခဲ့တဲ့ လူကြီးဗျ။ သူ့ရဲ့နှုတ်ခမ်းမွှေးစစနဲ့ ရုပ်ကြီးကို ကျွန်တော်ကောင်းကောင်းမှတ်မိတယ်"



"အဲဒီလူကြီးနဲ့ ဒီဘတင့်တို့ ဦးဟန်ပတို့ ဘယ်လိုပတ်သက်ဆက်စပ်သလဲဆိုတာ သိရအောင် ခဏစောင့်နားထောင်လိုက်ပါဦး။ ဟော...ဟော ဘတင့်က အဲဒီပန်းချီကားကြီးကို တွေ့သွားပြီ"

ဟုဆိုလိုက်စဉ်မှာပင် ဦးဘတင့်က ပန်းချီကားကို လက်ညှိုးညွှန်ပြပြီး...

"ဒီ...ကျုပ်သူငယ်ချင်း ဂန္ဓမာရဲ့ ပုံတူပန်းချီကားက ဒီကို ဘယ်လိုရောက်နေတာလဲဗျ ဦးဟန်ပရဲ့"

ဟုမေးလိုက်တော့၏။

"ဒီလို ကိုဘတင့်ရဲ့ သူချောင်းဆိုးသွေးပါ ရောဂါနဲ့ ကွယ်လွန်တော့ သူ့ရဲ့ဗျာပန ကိစ္စအဝဝကိုရော ရက်လည်ဆွမ်းသွပ်တာပါ ကျုပ်ကပဲ တာဝန်ယူလုပ်ပေးလိုက်တယ်လေ"

"အဲဒီနောက် သူမရှိတော့တာနဲ့ သူကိုယ်တိုင် ရေးဆွဲထားတဲ့ သူ့ရဲ့ပန်းချီကားကို ဒီယူလာပြီး အိမ်ကြီးကိုတော့ ကျုပ်ပဲသော့ခတ်ပိတ်ထားလိုက်တာဗျ"

"ဒီမှာ ခင်ဗျားရဲ့သူငယ်ချင်းက ခင်ဗျားလာရင် ဆက်ဆက်ပေးလိုက်ပါဆိုပြီးကာ ဒီစာနဲ့ ပုရပိုဒ်တစ်ခုပေးခဲ့တယ် ရော့"

www.burmeseclassic.com



ဟုဆိုကာ ဦးဟန်ပက ကတ္တီပါစအနီဖြင့် ထုတ်ထားသော ရှေးဟောင်းပုရပိုက်တစ်ခုကိုရော ဝါကျင့်ကျင့် စာတစ်စောင်ကိုပါ ပေးလေ၏။

ဦးဘတင့်ကစာကို ဦးစွာဖတ်ကြည့်လိုက်ပြီး...

''အင်း စာထဲမှာ ဂန္ဓမာရေးထားတာက အထွေထွေ အထူးထူးမဟုတ်ဘူးဗျ။ 'ကိုးကွေ့ကို ကိုးမြို့နဲ့ဖြတ်... ကိုးတံခါးက ဝင်ပါ' လို့ပဲရေးထားတယ်။ ဘာလဲတော့ မသိဘူးဗျ။ နေဦး ဒီပုရပိုက်ကို ဖတ်ကြည့်လိုက်ဦးမယ်''

ဟုဆိုကာ ကတ္တီပါစထဲမှ ပုရပိုက်ကို ဖြည်ပြီး ဖတ်ကြည့်လိုက်ပြန်၏။

ယင်းသို့ ဖတ်ပြီးနောက်...

''ဒါဟာ ကျုပ်ရဲ့အဘွား ဒေါ်နန်းမြာရဲ့ အမေဒေါ်သဥ္ဇာ ရေးထိုးမှတ်တမ်းတင်ခဲ့တဲ့ ပုရပိုက်ပဲဗျ''

''ဒီပုရပိုက်ထဲက စာအရတော့ သုဝဏ္ဏဘူမိပြည့်ရှင် ဘုရင်မနုဟာရဲ့သမီးတော် မြစိမ်းမင်းသမီး (ခေါ်) မဏိမြရောက် မင်းသမီးရဲ့ နန်းစဉ်ရတနာတွေကို ကျုပ်ရဲ့အခုအိမ် ဘုရားဆောင်ထဲက အုတ်နံရံထဲမှာ မြှုပ်ထားတယ်ဆိုပဲဗျ''



ဟုပြောလိုက်ရာ ဦးဟန်ပက လွန်စွာအံ့ဩသွားပြီး...

''ဟင်... ဟုတ်လား... အဲဒီဘုရားဆောင်ကို ဖြိုဖျက်ပြီးလို့ ကိုဂန္ဓမာက အသစ်ပြန်ဆောက်ထားပြီးပြီဗျ''

ဟုပြောလိုက်ရာ ဦးဘတင့်က မျက်မှောင်ကြီးကုပ်လိုက်ပြီးလျှင်...

''ဒါဆို သူဟာကျုပ်ရဲ့ ဘိုးဘွားတွေ လျှို့ဝှက်မြှုပ်နှံထားတဲ့ ရတနာတွေကို တွေ့သွားမှာပေါ့။ အဲဒီရတနာတွေ ဘယ်မှာလဲ။ သူရော ဘာပြောသွားသလဲဗျ''

ဟုမေးလိုက်ရာ...

''အင်း... သူမသေမီ ကျုပ် သူ့ဆီလူနာသတင်းသွားမေးတော့ သူဟာ ပေရွက်ဟောင်းတစ်ခုကို မီးရှို့ဖျက်ဆီးနေတယ်ဗျ။ သူဟာအဲဒီလို မီးရှို့နေရင်းက မောလာလို့ နားလိုက်ရတော့ ပေရွက်ဟာတစ်ဝက်တစ်ပျက်ပဲ မီးကျွမ်းသေးတယ်။ အဲဒီမှာ သူချောင်းဆိုးပြီး သွေးတွေအန်လာတာနဲ့ ကျုပ်ပြေးပွေ့ပြီး ထွေးခံထဲအန်ခိုင်းပြီးမှ သူ့ကိုသုတ်သင်ပေးပြီး အိပ်ရာထက် အသာလှဲခိုင်းလိုက်ရတယ်''

''အဲဒီနောက် သူမီးရှို့ရင်း တစ်ဝက်တစ်ပျက် ကျန်တဲ့ ပေရွက်ကို ကြည့်တော့ ဝက်ပါဂူကြီးနဲ့ ပတ်သက်ပြီး ရေးထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



စာဖြစ်ပြီး ပေရွက်ရဲ့ နောက်ကျောမှာ ဂူထဲဝင်တဲ့ မြေပုံအညွှန်းပါ တွေ့ရတယ်ဗျ။ ဒါပေမယ့် စာရော၊ မြေပုံပါ တစ်ဝက်ပဲကျန်တော့ ဘာမှ အသုံးပြုလို့မရတော့ဘူး ဖြစ်နေတာပေါ့ဗျာ''

''အဲဒီမှာကျုပ်က ပေရွက်ရဲ့အကြောင်းမေးတော့ သူက အဲဒီ ပေရွက်ဟာ ရွှေကျင်နဲ့ ဖာပွန်ကြားက တောနက်ထဲမှာရှိတဲ့ နာမည် ကျော် ဝက်ပါဂူကြီးထဲဝင်တဲ့ မြေပုံပါတဲ့ ပေရွက်ပဲလို့ပြောတယ်''

''ဒါပေမယ့် သူက အဲဒီပေရွက်ကို ဖျက်ဆီးလိုက်ပြီလို့ ပြောတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုဘတင့် မတွေ့ဘဲ အခြားသူ တွေ့သွားရင် သုံ့အပြစ်ဖြစ်မယ်လို့ပြောတယ်''

''ဒါကြောင့် ကိုဘတင့်လာရင်သာ သူမှာတာပြောပါ။ သူရေး ထားတဲ့စာကိုပေးပါ။ ပုရပိုက်ကိုပေးပါ။ သူရေးထားတဲ့ မြို့ဟောင်း (၉)မြို့ရဲ့ ပန်းချီကားတွေကို ဆက်ဆက်ပေးလိုက်ပါလို့ပြောတယ်ဗျ''

''ဟောဒီ ပန်းချီကား (၉)ကားပါပဲဗျာ''

ဟု နံရံ၌ချိတ်ဆွဲထားသော ရှေးဟောင်းမြို့ပြ(၉)မြို့၏ ပန်းချီ ကား (၉)ကားကို လက်ညှိုးညွှန်ပြရာ ဦးဘတင့်က သေချာစွာ ကြည့် ပြီးနောက်...

''ဩော်...ဟုတ်ပြီ...ဟုတ်ပြီ...ဒါကြောင့် ဒီကောင်က



ထဲမှာ 'ကိုးကွေ့ကို ကိုးမြို့နဲ့ဖြတ်၊ ကိုးတံခါးကဝင်ပါလို့' ရေးထား တာကိုး''

''ဟောဒီ မြို့ကိုးမြို့ရဲ့ တံခါးရွက်ကိုးရွက်ကို အသုံးပြုပြီး က်ပါဂူကြီးရဲ့ လျှို့ဝှက်ကွေ့ကြီး (၉)ကွေ့ကို ဖြတ်ပါလို့ ပြောတာပဲဗျ''

''ဒီတံခါးရွက်တွေပေါ်မှာ သူရေးဆွဲထားခဲ့တဲ့ တားရော့ မှတ်သင်္ကေတတွေကို အသုံးပြုပြီးသွားရင် ဝက်ပါဂူကြီးထဲက ဝှက်ကွေ့ကြီး (၉)ကွေ့ကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ပြီး မင်းသမီး းရဲ့ ရုပ်အလောင်းထားရာ သဠာလီဆောင်ဆီ ရောက်မယ်လို့မှာ းတာပဲဗျ''

''ဒီအတိုင်းဆို ဂန္ဓမာဟာ ကျုပ်တို့တိုးဘွားဘီဘင်တွေ ထိန်း ိမ်းခဲ့တဲ့ ရတနာပစ္စည်းတွေကို အဲဒီဝက်ပါဂူထဲက သဠာခန်းဆောင် သွားထားခဲ့ပုံပဲ''

''အင်း...ကျုပ်သာ အဲဒီရတနာတွေရရင် ထုခွဲပြီး တစ်ဝက် ဘုရားတည်ကျောင်းဆောက်၊ သာသနာဘာသာအကျိုးပြု ပါနိုင်ပြီး၊ ကျန်တစ်ဝက်ကို ကျုပ်တို့နိုင်ငံကို နယ်ချဲ့ကုတ်သွေး နေတဲ့ မျက်နှာဖြူမိစ္ဆာတွေကို တော်လှန်တဲ့နေရာမှာ စစ်စရိတ် အသုံးပြုမယ်ဗျ''

www.burmeseclassic.com

ဟု ဦးဘတင့်မှပြောလိုက်စဉ် ကပြားအင်စပိတ်တော် နီမောင်တို့ ပုလိပ်သားနှစ်ဦးမှာ အိမ်ထဲသို့ ဝုန်းခနဲခုန်ဝင်လိုက်ပြီး သေနတ်ဖြင့်ချိန်ကာ...

"ဟားဟားဟား ဘယ်ရမလဲ ဘတင့်ရယ်၊ မောင်မင်း တို့ရဲ့ ဗြိတိသျှအစိုးရကို ပုန်ကန်ဖို့ ဆက်မကြိုးစားနဲ့ လက်မြှော လိုက်"

ဟု ကပြားအင်စပိတ်တော်က အမိန့်ပေးလိုက်သလို ပု သားနီမောင်ကလည်း တဟားဟားအော်ရယ်ပြီးလျှင်...

"ဟားဟားဟား သခင်ရေ ကျွန်တော်တို့တော့ စားရ လို့ မှတ်ဆိတ်ပျားစွဲတာပဲ။ အဲဒီငက်ပါဂူကြီးထဲ ကျွန်တော်သိ ချင်တာဗျ။ ခုမှပဲ ဝက်ပါဂူထဲ ဘယ်လိုသွားရမလဲဆိုတဲ့ လျှို့ဝှက် ကို သိပြီ။ ဟောဟိုပန်းချီကားထဲက မြို့ (၉)မြို့ရဲ့ မြို့တံခါး (၉)ခုမှာ ရေးဆွဲထားတဲ့ တားရော့ကတ်ကသင်္ကေတတွေကိုကြ ဝင်သွားရင် လျှို့ဝှက်ကွေ့ကြီး (၉)ကွေ့ကို ဖြတ်နိုင်မှာသေချာတယ်

ဟုအားရပါးရကြီး ပြောလိုက်စဉ် ဦးဘတင့်က သူ၏ အိတ်ထဲမှ ခြောက်လုံးပြူးကို ဖျတ်ကနဲထုတ်ကာ ပုလိပ်အင် တော်အား လျှင်မြန်စွာ ပစ်ထည့်လိုက်တော့၏။



"ဒိုင်း"

ခနဲမြည်သံနှင့်အတူ ပုလိပ်အင်စပိတ်တော်မှာ လဲကျသွား စဉ် နီမောင်က ရိုင်ဖယ်ဖြင့် ဦးဘတင့်အား ပစ်ချလိုက်၏။ ထိုအခါ ဦးဘတင့်က ခန္ဓာကိုယ်ကို ဖျတ်ခနဲတိမ်းပြီး ရှောင်လိုက်ရာ သေနတ် ကျည်က ဦးဟန်ပ၏ ရင်ဝကို တည့်တည့်ကြီး မှန်သွားတော့၏။

"အား"

ခနဲအော်ကာ ဦးဟန်ပလဲကျသွားစဉ် ဦးဘတင့်က နှစ်ချက် ဆင့်ပြီးပစ်ချလိုက်ရာ ပုလိပ်သားနီမောင်ရော သာစိန်ပါ ချက်ကောင်း ထိပြီးလဲကျသွားကြလေတော့၏။

ထိုအခါ ဦးဘတင့်က သူတို့၏ ပဋိပက္ခကြားထဲဝယ် အချောင်သေရရှာသော ပန်းထိပ်ဆရာကြီး ဦးဟန်ပအား စိတ် မကောင်းစွာ တစ်ချက်ကြည့်ပြီးမှ မြို့ဟောင်းပန်းချီကားကြီး (၉)ကား ကို စေ့စေ့ကြည့်လိုက်ပြီးနောက် အိမ်ထဲမှ ပြေးထွက်သွားပါတော့၏။

သေနတ်သံများ ကြားရသဖြင့် ပတ္တရောင်ပုလိပ်များ ပြေးလွှားရောက်ရှိလာချိန်ဝယ် ပန်းထိမ်ဆရာကြီး ဦးဟန်ပ၊ ပုလိပ် အင်စပိတ်တော်၊ ပုလိပ်သား သာစိန်နှင့် နီမောင်တို့မှာ သေဆုံးထဲ ဝယ် အသက်ပျောက်လျက်ရှိပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ တော်လှန်ရေးရဲဘော်ကြီး အာဋ္ဌာဝက ဦးဘတင် မှာမူ သူ့သူငယ်ချင်း ဦးဂန္ဓမာ၏ လမ်းညွှန်ချက်ကို သဘောပေါက်ပြီးမို့ ရတနာများရှိရာ ဝက်ပါတောင်မှ ဝက်ပါဂူကြီးထဲ တားရေ့သင်္ကေတများကို အသုံးပြုပြီး ဝင်ရောက်ရန် သံဓိဋ္ဌာန်ချလိုက်ပါသည်။

—◈—◈—◈—



သို့ဖြင့် တစ်ခုသော ဆောင်းဟေမာန်၏ နံနက်ခင်းဝယ် မြင်းစီးသမားလူတစ်စုသည် ထီးဂါးဒီးတောင် (ခေါ်) ဆီးသီးကစွယ်တောင်ဘက်ဆီမှ မြောက်ရူးရူးအရပ်သို့ မြင်းတို့ကို အသားကျစီးနှင်းကာ ခရီးနှင်လာလျက်ရှိလေ၏။

ယင်းမြင်းစီးသမားအုပ်စုကို ဦးဆောင်လာသူကား ကျွန်ုပ်တို့၏ တော်လှန်ရေး ရဲဘော်ကြီး အာဋ္ဌာဝကဘတင့်ပင်ဖြစ်ပါ၏။

အာဋ္ဌာဝက ဦးဘတင့်သည် သန်မာထွားကျိုင်းကာ ယောကျာ်းပီသပြီး ကိုယ်ရည်ကိုယ်သွေး ပြည့်ဝပုံရသော လူငယ်လူရွယ် လူလတ်ဆယ်ဦးခန့်ကို ဦးဆောင်ကာ မြစိမ်းမင်းသမီး (ခေါ်) မဏိမြရောက် မင်းသမီးလေး၏ ရှေးဟောင်းနန်းစဉ်ရတနာများ

www.burmeseclassic.com

www.burmeseclassic.com



သို့ဂုက်သိမ်းဆည်းထားရာ ဝက်ပါတောင်ကြီးဆီသို့ ဦးတည်ခရီးနှင်နေခြင်းဖြစ်ပါ၏။

သူတို့အုပ်စုသည် နေမွန်းတည့်ချိန်ဝယ် ထီးဝါးဒီးတောင် (ခေါ်) သီးသီးကစွယ်တောင်မှ ခရီးသုံးတိုင်ကွာခန့်ရှိ ဘုရင့်သမီးတော် မဏိမြရောက်မင်းသမီးလေး ပုန်းခိုခဲ့သဖြင့် မင်းပုန်းတောင်ဟုခေါ်တွင်လေသော ဝက်ပါတောင်ကြီး၏ ခြေရင်းသို့ ဆိုက်ရောက်လာပါတော့၏။

အာဋ္ဌာဝကဦးဘတင့်သည် လွန်စွာမြင့်မားသည့် ထုံးကျောက်တောင်ကြီးအား မော့ကြည့်လိုက်ပြီးနောက် ဝက်ဘာကျောက်လှိုဏ်ဂူကြီး၏ အဝဝယ် မြင်းကိုဇက်သတ်ရပ်လိုက်ပြီး ဘယ်လက်ဝါးကို ထောင်ကာပြလိုက်ရာ သူ၏နောက်လိုက်တစ်စုသည်လည်း သူတို့၏ မြင်းတို့ကို ဇက်သတ်ရပ်လိုက်ကြလေတော့၏။

''အင်း...နာမည်ကျော်လှတဲ့ ဝက်ဘာလှိုဏ်ဂူဆိုတာ ဒီလှိုဏ်ဂူကြီးပဲဖြစ်မယ်''

ဟု လှိုဏ်ဂူအဝကို စူးစိုက်ကြည့်ရှုအကဲခတ်ရင်းမှ အာဋ္ဌာဝကကြီးသည် တစ်ကိုယ်တည်းပြောသလို ပြောလိုက်ပြီးလျှင် သူ၏နောက်လိုက်တို့အား တည်ကြည်စွာ လှည့်ကြည့်လိုက်ကာ...



''ကဲ...ရဲဘော်တို့ ... ရဲဘော်တို့ကို ကျုပ်အကြောင်းစုံရှင်းပြပြီးဖြစ်တဲ့ မဏိမြရောက်မင်းသမီးလေးရဲ့ နန်းစဉ်ရတနာတွေ ဝှက်ထားရာ ဝက်ဘာလှိုဏ်ဂူကြီးဆီ ကျုပ်တို့ရောက်လာခဲ့ပြီ''

''မြင်းတွေကို ဒီဂူဝအနီးမှာပဲ ကြိုးချည်လှန့်ထားပြီး မောင်စံဘွားကို အစောင့်ထားခဲ့မယ်''

''ကျန်တဲ့ရဲဘော်တွေက ကျုပ်နဲ့အတူ ဝက်ဘာဂူကြီးထဲ ဝင်လိုက်ခဲ့ပေတော့''

ဟုအာဋ္ဌာဝက ဦးဘတင့်က အမိန့်ပေးပြီး သူ၏ပေါင်းဝတ်ရောင်မြင်းကြီးပေါ်မှ ဦးစွာဆင်းလိုက်၏။

အခြားသူများလည်း မြင်းထက်မှ ဆင်းလိုက်ကြကာ ဂူဝအနီးရှိ ကနစိုပင်၊ တောင်သလဲပင်၊ ကျွဲကောပင်တို့၏ ပင်စည်အသီးသီးဝယ် မိမိတို့၏ မြင်းဇက်ကြိုးတို့ကို ချည်နှောင်ထားလိုက်ကြလေတော့၏။

''ကဲ...မီးတုတ်တွေ အသင့်ပြင်ကြပြီး ကျုပ်ရဲ့နောက်က လိုက်ခဲ့၊ ဂူထဲမှာ မမျှော်မှန်းနိုင်တဲ့ အန္တရာယ်တွေ ရှိချင်ရှိတယ်၊ လူသူအရောက်အပေါက်နည်းတော့ တောကောင်တွေ ခိုအောင်းချင် ခိုအောင်းနေနိုင်တယ်၊ ဒါကြောင့် လက်နက်ကို မီးအသင့်ပြင်ပြီး သတိ

www.burmeseclassic.com

www.burmeseclassic.com



ဝရိယရှိရှိနဲ့ လိုက်ဝင်ခဲ့ကြ''

အာဠာဝကဘတင့်သည် သူ၏တပည့်များအား' သေချာစွာ မှာကြားသတိပေးပြီးနောက် ကညင်ဆီမီးတုတ်တစ်ချောင်းကို ဘယ်လက်ဝယ်ကိုင်ကာ ညာလက်ဝယ် ခြောက်လုံးပြူးတစ်လက်ကို စွဲကိုင်လျက် ဝင်္ကဘာဂူကြီးထဲသို့ စတင်ဝင်ရောက်လေတော့၏။

ဂူကြီးသည်ကား ထုံးကျောက်လှိုဏ်ဂူကြီးဖြစ်သည်နှင့်အညီ အတွင်းဝယ် လွန်စွာအေးစိမ့်လျက်ရှိချေ၏။ ကျောက်ပန်းဆွဲများမှာ ဂူခေါင်မိုးဆီမှ လှပစွာ တွဲရရွဲကျလျက်ရှိရာ ကျောက်ပန်းဆွဲဖြူဖြူတို့မှာ မြင်ရသူတို့အဖို့ မျက်စိပသာဒရှိလှပေ၏။

သူတို့သည် ဂူကြီး၏အတွင်းပိုင်း တစ်ဆစ်ချိုးကို ရောက်လုနီးနီးဝယ် ဂူနံရံတစ်ဖက်အနီး၌ စတွန်းကင်းမီးအိမ်တစ်လုံးကို တွေ့ရာ အာဠာဝကဘတင့်သည် ဆီစမ်းလျက်ရှိသော မီးအိမ်ကို ကောက်ယူကာ သေချာစွာကြည့်ရှုလိုက်ပြီးနောက်. . .

''အင်း. . . ရေညှိတွေ၊ ဖုံတွေထုတက်နေတဲ့ ဒီမီးအိမ်ဟာ ကျုပ်ရဲ့သူငယ်ချင်း မောင်မာ ဒီဂူကြီးထဲ ရောက်ပြီးပြန်အထွက်မှာ ထားပစ်ခဲ့တဲ့ မီးအိမ်ပဲ ဖြစ်ရမယ်''

ဟုပြောကြားလိုက်ပြီးနောက် မီးအိမ်ကို မူလနေရာမှာပင်



ပြန်လည်ချထားလိုက်ပြီး ဂူလှိုဏ်ကြီးထဲသို့ ဆက်လက်ဝင်ရောက်ခဲ့လေတော့၏။

သူတို့သည် ကွမ်းတစ်ယာညက်ခန့် လျှောက်လာကြပြီးနောက် ရှေ့ဝယ်လမ်းခွဲတစ်ခုကို တွေ့ရတော့၏။

''ဆရာကြီး ရှေ့မှာလမ်းခွဲလှိုဏ်လမ်းနှစ်လမ်းပါလား၊ ဒါဟာ ဝင်္ကဘာရဲ့အစပဲ ဖြစ်မယ်နော်၊ လမ်းမှားလိုက်မိလို့ကတော့ ကျွန်တော်တို့ ဒီဂူကြီးထဲက ဒီတစ်သက်ပြန်ထွက်နိုင်မှာမဟုတ်တော့ဘူး''

ဟုတပည့်နောက်လိုက်တစ်ဦးက အာဠာဝကဘတင့်အား သတိပေးသလို မဝံ့မရဲပြောလိုက်ရာ အာဠာဝကကြီးက ပြုံးလိုက်ပြီး

''မပူပါနဲ့ ချစ်စရာရယ်၊ ကျုပ်က ဒီလှိုဏ်လမ်းခွဆုံတွေရှိရာ ကွေ့ကြီးကိုးကွေ့အကြောင်းကို ကောင်းကောင်းကြီးသိသူပါ၊ ကျုပ်တို့လမ်းမမှားနိုင်ပါဘူး''

''ဟောဟိုမှာတွေလား လမ်းခွဲဂူလှိုဏ်နှစ်ခုရဲ့ အဝင်ဝက ကျောက်သားအမိုးမှာ ကျောက်သားကို ထွင်းထုထားတဲ့ အမှတ်လက္ခဏာရုပ်ပုံတွေကို တွေ့လား''

ဟုလက်ညှိုးညွှန်ပြလိုက်ပြီး. . .

''အဲဒီသင်္ကေတရုပ်ပုံတွေကို ကျုပ်ရဲ့သူငယ်ချင်း မောင်မာ

www.burmeseclassic.com

www.burmeseclassic.com



ကထုလုပ်ခဲ့တာပဲ၊ အဲဒီရုပ်ပုံတွေဟာ အရှေ့အလယ်ပိုင်းဒေသက ဂျစ်ပစီတွေ စတင်အသုံးပြုခဲ့တဲ့ တဲရော့ကဒ်တွေက သင်္ကေတရုပ်ပုံတွေပဲ''

''အဲဒီသင်္ကေတတွေကို ကြည့်ရှုရွေးချယ်ပြီးသွားရင် ကျုပ်တို့ဒီဂူကြီးထဲမှာ လမ်းမမှားနိုင်တော့ပါဘူး''

ဟုအေးဆေးစွာ ပြောပြီးနောက် အာဠာဝက ဘတင့်ကြီးသည် ဂူလိုဏ်ဝနှစ်ခုမှ ကျောက်ထွင်းသင်္ကေတကို သေချာစွာ စေ့၄ ကြည့်ရှုနေလေ၏။

''ကဲ. . . ဟောဒီမှာကြည့် ဒီလမ်းခွဲရဲ့ ဘယ်ဘက်လိုဏ်လမ်း အဝင်ဝမှာ နေသူရိန် (THE SUN) ဆိုတဲ့ တဲရော့ကဒ်က ရုပ်ပုံကို ထုဆစ်ထားပြီး ညာဘက်လိုဏ်လမ်းအဝင်ဝမှာ မှော်ဆရာ (THE MAGICIAN) ဆိုတဲ့ တဲရော့ကဒ်ရဲ့ရုပ်ပုံကို ထုဆစ်ထားလေရဲ့''

''ဒီတော့ အဲဒီတဲရော့ရုပ်ပုံနှစ်ခုကိုကြည့်ပြီး လမ်းမှန်ကို ရွေးရရင် ညာဘက်လမ်းကိုပဲ ရွေးရမှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်ဘက်လမ်းကရုပ်ပုံ နေသူရိန် (THE SUN) ဟာ တဲရော့ကဒ်ရဲ့ နံပါတ်စဉ်မှာ (၁၉)ဖြစ်နေပြီး ညာဘက်က (THE MAGICIAN) မှော်ဆရာပုံဟာ တဲရော့ကဒ်ရဲ့ နံပါတ်စဉ်(၁)ဖြစ်နေလို့ပဲ''



''ဒီတော့ ကွေ့ကြီး(၉)ကွေ့ရဲ့ ဦးဆုံးနံပါတ်စဉ် (၁)ကွေ့မှာ တွေ့ရတဲ့ တဲရော့ဒ်နံပါတ်စဉ်(၁)ရဲ့ သင်္ကေတပုံရေးထားတဲ့ ညာဘက်လိုဏ်လမ်းက ဝင်ရမယ်၊ ကဲ. . . ကျုပ်တို့ဝင်ကြစို့''

အာဠာဝက ဘတင့်သည် သေချာစွာရှင်းပြပြီးနောက် ညာဘက်လိုဏ်လမ်းမှ ရဲဝံ့စွာ ဦးဆောင်ကာ ဝင်သွားရာ သူ၏နောက် လိုက်နောက်ပါတို့ပါ ဝင်လိုက်သွားတော့၏။

မှောင်ပိန်းနေသော ဂူလိုဏ်လမ်းရှည်ကြီးထဲဝယ် ကညင်ဆီမီးတုတ်ကို အားပြုပြီး ကွမ်းတစ်ယာညက်ကျော်ကျော် လျှောက်လာခဲ့ကြရာ ထုံးကျောက်ဂူကြီးထဲဝယ် ရေတို့ စိမ့်ဝင်လျက် ရေအိုင်စမ်းချောင်းသဖွယ်ဖြစ်နေပြီး ရေပေါ်၌ ကျောက်တုံးငယ်တို့ပေါ်လျက်ရှိသဖြင့် ယင်းကျောက်တုံးတို့ကို သတိဖြင့်နင်းကာ ဖြတ်ကျော်လွှားခဲ့ရတော့၏။ ရေစပ်မှကျောက်တုံးတို့မှာ ရေညှိတို့ဖြင့် ချောလျက်ရှိပြီး ကျောက်စက်ကျစမ်းရေဖြစ်ဟန်ရှိသော ရေပြင်မှာ ရေခဲရေတမျှ အေးစိမ့်လျက်ရှိကြောင်း ကျောက်တုံးပေါ်မှ ခြေချော်ကျမိသူတို့မှာ ထိတွေ့ခံစားရချေ၏။

သူတို့သည် ဂူတွင်းစမ်းရေအိုင်ကို ဖြတ်ကျော်လာပြီးနောက် ဒုတိယမြောက်လိုဏ်လမ်းကွေ့ကြီးကို ကွေ့လိုက်သည့်အခါမှာမူ

www.burmeseclassic.com

www.burmeseclassic.com



လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်ရှိသွားပြန်တော့၏။

''ဟော . . . လိုဏ်လမ်းသုံးခုတောင်ပါလား . . . ကျုပ်တို့ ဘယ်လမ်းကို လိုက်ရမလဲဆိုတာ ကြည့်ရအောင်''

ဟု အာဠာဝကကြီးက ပြောပြီး လိုဏ်အဝများအပေါ်ရှိ ကျောက်သားနံရံတို့ကို သေချာစွာ စေ့ငုလေ့လာလိုက်ပြီးမှ . . .

''ဟောဒီ ဘယ်ဘက်ဆုံး လိုဏ်ရဲ့အဝက ကျောက်သားပေါ်မှာ ကံကြမ္မာလှည်းဘီး (THE WHEEL FOR TUNE) တဲရော့ဒ်ကဒ်ရဲ့ သင်္ကေတရုပ်ပုံကို ရေးထွင်းထားတယ်၊ အဲဒီသင်္ကေတပုံပါတဲ့ တဲရော့ဒ်ကဒ်ဟာ တဲရော့မှာနံပါတ်စဉ် (၁၀)ပဲဖြစ်တယ်၊ ဒါကြောင့် အဲဒီလိုဏ်လမ်းဟာ လမ်းမှားဖြစ်တယ်''

''ဒီ ညာဘက်ဆုံးလိုဏ်ရဲ့အဝက ကျောက်သားပေါ်မှာ ရေးထွင်းထားတဲ့ ကေရီ (THE EMPRESS) သင်္ကေတပုံဟာ တဲရော့ဒ်နံပါတ်စဉ် (၃)ရဲ့ပုံဖြစ်တယ်၊ အခုမှ ဒုတိယနှစ်ခုမြောက်ကွေ့မို့ အဲဒီလိုဏ်လမ်းဟာလည်း လမ်းမှားဖြစ်တယ်''

''ဟောဒီအလယ်လိုဏ်လမ်းရဲ့ အဝအပေါ်ကျောက်သားပြင်ပေါ်က သင်္ကေတပုံကတော့ မယ်တော်ကြီး (THE HIGH PRIESTESS) ပုံဖြစ်တယ်၊ သူကတဲရော့ဒ်နံပါတ်စဉ် (၂)ပုံဖြစ်လို့



အဲဒီပုံရေးထွင်းထားရာ လိုဏ်လမ်းဟာ အမှန်ဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာဒုတိယမြောက်ကွေ့ရဲ့ လမ်းခွဲဖြစ်လို့လဲ''

''ကဲ . . . ကျုပ်တို့ ဒီလိုဏ်လမ်းအတိုင်း ဝင်ကြစို့''

ဟုဆိုကာ ရှေ့မှ ရဲဝံ့စွာဝင်ရောက်သွားရာ သူ၏နောက်လိုက်နောက်ပါတို့လည်း သူတို့ခေါင်းဆောင်၏ ရွေးချယ်မှုကို စိတ်ချယုံကြည်စွာဖြင့် လိုက်ပါသွားတော့၏။

ယင်းသို့သောနည်းဖြင့် အာဠာဝကဘတင့်မှာ ဝက်ဘာဂူကြီး၏ ဆန်းကြယ်လှစွာသော လျှို့ဝှက်ကွေ့ကြီး(၉)ကွေ့ကို အောင်မြင်စွာဖြတ်ကျော်လာနိုင်ခဲ့ရာ နောက်ဆုံးကွေ့ကို ဖြတ်အပြီး ဂူလိုဏ်၏ အဆုံးဝယ် သဘာဝအလျောက် အလင်းရောင်တို့ဝင်ကာ လင်းချင်းလျက်ရှိသော အတော်အတန် ကြီးမားကျယ်ဝန်းသည့် လိုဏ်ဂူကြီးထဲသို့ ရောက်ရှိသွားတော့၏။

ယင်းလိုဏ်ဂူကြီး၏ ဂူခေါင်မိုးမှာ လွန်စွာမြင့်မားပြီး ဂူခေါင်မိုးရှိ ကျောက်အကြိုအကြားမှ နေ၏အလင်းရောင် တိုးဝင်လျက်ရှိကာ ယင်းအလင်းတို့သည် ထုံးကျောက်နံရံဖြူဖြူတို့ကို ရိုက်ခတ်ပြီး အလင်းပြန်လျက်ရှိသဖြင့် ဂူလိုဏ်ကြီးတစ်ခုလုံးမှာ လင်းချင်းလျက်ရှိခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ဂူလိုဏ်ကြီး၏ နံရံများကိုလည်း လူတို့စနစ်တကျ ထုဆစ် မွမ်းမံထားသဖြင့် ကျောက်သားနံရံတို့မှာ နန်းတော်ကြီးတစ်ခု၏ အတွင်းခန်းဆောင်အလား လှပခမ်းနားလျက်ရှိလေ၏။

ဂူလိုဏ်ကြီး၏အလယ်မှ ကျောက်သားကြမ်းပြင်ပေါ်တွင် ကား ကျောက်ဖြူသားသလွန်ကြီး တစ်လုံးရှိပြီး၊ ယင်း၏အပေါ်ဝယ် ရွှေပိန်းချမှုန် ခေါင်းတလားတစ်ခု တည်ရှိနေလေ၏။

အာဋ္ဌာဝကကြီးနှင့် တပည့်တို့သည် ကညင်ဆီမီးတိုင်များကို ငြိမ်းသတ်လိုက်ပြီးနောက် ရွှေပိန်းချမှုန်ခေါင်းတလားကြီး၏ အနီးသို့ စိတ်ဝင်စားစွာဖြင့် ခြေတစ်လှမ်းချင်းလှမ်းကာ ချဉ်းကပ်သွားလျက် အနီးကပ်ကြည့်ရှုလိုက်ရာ မှန်ခေါင်းတလားကြီးထဲဝယ် အိပ်ပျော် နေသည့်နှယ် လဲလျောင်းငြိမ်သက်နေသည့် လွန်စွာချောမောလှပ သော မိန်းမပျိုလေးတစ်ဦးကို တွေ့ရလေ၏။

သူမသည် ရွှေချည်မျှင်တို့ဖြင့် ယက်လုပ်ထားသော ရွှေ ခေတ်နန်းဝတ်နန်းစားတို့ကို လှပစွာဝတ်ဆင်ထားပြီး ရွှေနားကွ မြသားသရဖူငယ်ကို ဆောင်းထားကာ တစ်ကိုယ်လုံးဝယ် ရွှေန ကပ်၊ လက်ဝတ်လက်စား ရတနာအဆင်တန်ဆာတို့ကို သီးနေအော ဆင်မြန်းထားလေရာ ဂူခေါင်မိုးမှ ဝင်ရောက်နေသော အလင်းရော



၏အောက်ဝယ် လှချင်တိုင်းလှနေတော့၏။

"အင်း . . . ဒါဟာ မြစိမ်းမင်းသမီးလေးလို့ ခေါ်တွင်တဲ့ မဏိမြရောက်မင်းသမီးလေးပဲ၊ မှတ်တမ်း၊ ပေပုရပိုက်တွေအရတော့ မန္ဒဟာမင်းရဲ့ သမီးတော်တစ်ပါးပဲ၊ ဒီသဘာဝဂူကြီးရဲ့ အေးစိမ့်လွန်း တဲ့အအေးဓါတ်ရယ်၊ ဆေးစီမံထားမှု လက်ဖျားခါလောက်အောင် အဆင့်မြင့်ကောင်းမွန်တာရယ်ကြောင့် အလောင်းဟာ မပျက်စီးတာပဲ"

အာဋ္ဌာဝကဘတင့်က မှတ်ချက်ချရင်း ခေါင်းတလားအတွင်း သေချာစွာကြည့်ရှုရာ ကျယ်ဝန်းသော ခေါင်းတလားအတွင်း မင်းသမီး လေး၏ ရုပ်အလောင်းနံဘေး၌ ငွေသေတ္တာငယ်သုံးလုံးကို တွေ့ရ လေ၏။

"ဒါတွေဟာ ငါ့သူငယ်ချင်း ဂန္ဓမာလာထားခဲ့တဲ့ ရတနာ သေတ္တာတွေပဲဖြစ်ရမယ်"

အာဋ္ဌာဝကဘတင့်သည် ငွေသေတ္တာငယ်သုံးလုံးကို ခေါင်း တလားထဲမှ ထုတ်ယူလိုက်ပြီးနောက် သူ၏နောက်လိုက် တပည့်များ ၏ရှေ့မှာပင် ငွေသေတ္တာတို့၏အဖုံးကို ဖွင့်လှစ်ကြည့်လိုက်ရာ . . .

ငွေသေတ္တာများထဲဝယ် စိန်၊ ကြောင်၊ မြ၊ ရွှေ၊ ပုလဲ၊ သန္တာ၊ ဂေါမုတ်၊ နီလာ၊ ပတ္တမြားတည်းဟူသော နဝရတ်ကိုးပါးတို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အတိပြီးသည့် ရွှေနားကွပ်ယက်ဝတ်ရတနာမျိုးစုံတို့သည် တော်ဝင်နန်းသုံးများဖြစ်သည်နှင့်အညီ အဖိုးတန်ကျောက်များမှာ အရည်အသွေးလွန်စွာကောင်းရုံမက တော်ဝင်နန်းသုံး ပန်းထိမ်လက်ရာမှာလည်း အံ့ဩဖွယ်ကောင်းလောက်အောင် လက်ရာမြောက်လှချေ၏။

''ကဲ. . .ရဲဘော်တို့ ကျုပ်တို့ရည်မှန်းမျှော်လင့် ထားတဲ့အတိုင်း ရှေးဟောင်းရတနာတွေကို ရရှိခဲ့ပြီး ဒီရတနာတွေကို ဟောဒီ မဏိမြရောက်မင်းသမီးလေးရဲ့ အပါးတော်မြဲ အထိန်းတော်ကြီး မယ်ပန်းတင်ရဲ့မျိုးစက်ဖြစ်တဲ့ ကျုပ်ရဲ့ဘွားအေကြီး ဒေါ်သဉ္ဇာရဲ့ဆန္ဒအတိုင်း ထက်ဝက်ခွဲလို့''

''ရတနာတွေရဲ့ တစ်ဝက်ကို ဘာသာ၊ သာသနာအတွက် အကျိုးပြုလှူဒါန်းပြီး မင်းသမီးလေးမဏိမြရောက်နဲ့တကွ ဒီနန်းစဉ်ရတနာတွေကို အစဉ်အဆက်ထိန်းသိမ်း ထားခဲ့တဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ သူတွေကိုရည်မှန်းလို့ ရေစက်သွန်းချ အမျှပေးဝေကြမယ်''

''ကျန်ရတနာတွေရဲ့ တစ်ဖက်ကိုတော့ ထုခွဲပြီး ငါတို့ရဲ့ အမိနိုင်ငံကြီး နယ်ချဲ့မိစ္ဆာမျက်နှာဖြူတွေရဲ့ လက်အောက်က လွတ်မြောက်အောင် ကြိုးစားတဲ့ တော်လှန်ရေးတိုက်ပွဲမှာ စစ်စရိတ်အဖြစ် အသုံးပြုရမယ်''



''ကဲ. . .ကျုပ်ပြောတာ သဘောတူကြတယ် မဟုတ်လား''

ဟုအော်ဟစ်မေးလိုက်ရာ သူ၏တပည့်အားလုံး သဘောတူပါတယ်ဟု သုံးကြိမ်သုံးခါ အော်ဟစ်လိုက်ကြလေ၏။

ထို့နောက်တွင်ကား အာဠာဝကဦးဘတင့်နှင့် သူ၏နောက်လိုက် နောက်ပါတို့သည် မင်းသမီးလေး မဏိမြရောက်အား ဂါရဝပြုပြီးနောက် ရတနာသေတ္တာတို့ကို ယူဆောင်ကာ ဝှက်ဘာဂူကြီးထဲမှ ဘေးကင်းအောင်မြင်စွာ ပြန်ထွက်လာပါတော့၏။

သူတို့သည် လှိုဏ်ဂူကြီး၏ အပြင်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် လှိုဏ်ဂူကြီး၏ အဝမှာပင် မီးလင်းဖိုကြီးဖိုကာ ညစာကိုချက်ပြုတ်ကြလျက် ညအမှောင်သန်းစဝယ် ညစာကို အားပါးတရစားကြကာ. . .

''ခုမှပဲ ငါတို့ရဲ့ ရှေးဟောင်းရတနာ ရှာဖွေရေးခရီးစဉ်ကြီး အောင်မြင်သွားလို့ ပျော်ပျော်ပါးပါးနဲ့ ညစာတဝကြီး စားရတော့မယ်''

''မနက်ကဆို ဒီဝှက်ဘာဂူကြီးဆီ ရောက်ချင်ဇောနဲ့ မြင်းပေါ်မှာပဲ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ကြော်ကို မနက်စာအဖြစ် ဖြစ်သလိုစားခဲ့ရတယ်''

''ဒီညတော့ အိပ်ရေးဝဝ ပျော်ပျော်ကြီးအိပ်လိုက်ဦးမယ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့''

ဟု အချင်းချင်း ရယ်မောပြောဆိုကာ ကင်းအစောင့်အလှည့် ကျချထားလျက် ဂူလိုဏ်အဝမှာပင် နှစ်ချိုက်စွာအိပ်စက်လိုက်ကြတော့၏။



နောက်တစ်နေ့နံနက် နေခြည်နွေးနွေး ဖြန့်ကျက်လင်းလက်စအခါမှာတော့ အာဠာဝကာ ဘတင့် ဦးဆောင်သော မျိုးချစ်တော်လှန်ရေးရဲဘော်တို့သည် သူတို့၏မြင်းကြီးများကို အသားကျစီးရင်း ရွှေကျင်မြို့ဘက်သို့ တောလမ်းခရီးအတိုင်း နှင်လာခဲ့ကြလေတော့၏။

အာဠာဝကာဘတင့်မှာ မျိုးချစ်ရဲဘော်များကို ဦးဆောင်ခရီးနှင်လာရာမှ...

''ကျုပ်ရဲ့ ရဲဘော်တို့ အခုဆိုကျုပ်တို့ဟာ တော်လှန်ရေးအတွက် ရုံပုံငွေရတနာတွေ အတော်ကြီးရခဲ့ပြီမို့ လက်ချက်ကောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ယူစုဆောင်းပြီး နယ်ချဲ့မျက်နှာဖြူမိစ္ဆာတွေကို ကောင်းကောင်းကြီး ဒုက္ခပေးတော်လှန် တိုက်ခိုက်နိုင်တော့မယ်''

''ဒီတော့ ကျုပ်တို့ရဲ့ တိုက်ပွဲခေါ်သံ တော်လှန်ရေး ကဗျာ တစ်ပုဒ်ကို ကျုပ်တို့အဖွဲ့ရဲ့ ထုံးစံအတိုင်း ဟစ်ကြွေးလို့ တော်လှန် ရေးခရီးကို ဆက်လက်ချီတက်ကြစို့''

ဟုအောင်မြင်ခန့်ညားသော အသံဝါကြီးဖြင့် နှိုးဆော်လိုက် ရာ သူနှင့်အတူ သူ၏နောက်လိုက်နောက်ပါ တော်လှန်ရေးရဲဘော် တို့မှာ အောက်ဖော်ပြပါ တော်လှန်ရေးတိုက်ပွဲဝင်ကဗျာကို ကျယ် လောင်စွာ သံပြိုင်ဟစ်ကြွေးလျက် တက်ကြွရဲရင့်စွာ ဆက်လက် ချီတက်သွားပါတော့သတည်း။

**''ဘိုးဘွားအမွေ၊ ငါတို့တွေ၏**
**မြေယာအိုးအိမ်၊ စည်းစိမ်ဥစ္စာ**
**အပြာပြာကို၊ လာရောက်စော်ကား**
**ကြိမ်ဖန်များပြီ၊ နီးကြားပြည်သူ**
**သတိမူလော့၊ ရန်သူဆိုးညစ်**



**ဖက်ဆစ်ဘီလူး၊ နယ်ချဲ့ရှူးအား**
**ဦးညွှတ်မပိုက်၊ တော်လှန်တိုက်လော့**
**တော်လှန်တိုက်လော့၊ တော်လှန်တိုက်လော့. . . .''**

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပါ အဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် တစ်နှစ်ခ အကြာတွင်ဖြစ်သည်။ မူးမြစ်ကမ်းပါးပေါ် မေးတင်ထားသည့် ကျွန်းလ နှင့် ရေဦးကြားမှ မြို့လေးတစ်မြို့တွင် မြို့စွန်မြစ်ကမ်းပါးထိပ်၌ အတ ငယ်ယိုင်လျက်ရှိသော အုတ်ခံပျဉ်ထောင် သစ်သားနှစ်ထပ်အိမ် ဟောင်းကြီးတစ်လုံးသည် ကုန်းတစ်ဝက်ရေတစ်ဝက်ဖြင့် မူးမြစ်၏ ရေတိုက်စားမှုဒဏ်ကို ကြံ့ကြံ့ခံရင်း မှိုမှိုမည်းမည်း အထီးတည်းတည် ရှိနေလေ၏။

ယင်းအိမ်ဟောင်းကြီးဝယ် မှီခိုနေထိုင်လျက်ရှိသော ဇနီး မောင်နှံကို ထိုမြို့ရှိ မြို့သူမြို့သားတို့က 'ပွဲစားကိုလူချောနဲ့ ကပြားမ' ဟူ၍ ခေါ်တွင်ကြလေ၏။



ပွဲစားကိုလူချောဆိုသူမှာ မောင်မောင်ဇင်ဖြစ်ပြီး ဘိုကပြားမ ဆိုသူမှာ ခင်ခင်တင့်ပင် ဖြစ်ပါ၏။

မောင်မောင်ဇင်မှာ စတီးဘရားသားကုမ္ပဏီမှ နာမည်ပျက် များစွာဖြင့် အလုပ်ထုတ်ပယ်ခံရပြီးနောက် ရောက်ရာအရပ်ဝယ် ရရာ ကြုံရာ ပွဲစားအလုပ်ကိုလုပ်ပြီး ဘဝကို ရပ်တည်နေရလေရာ . . .

အရင်းမစိုက်နိုင်သူပီပီ ဝါယောဓာတ်ကိုအားပြုပြီး သစ်ပွဲစား၊ အိမ်ခြံမြေပွဲစား၊ နွားပွဲစား၊ စပါးပွဲစား၊ ဟိုပွဲစား၊ သည်ပွဲစားမှသည် နောက်ဆုံး ဆေးရွက်ကြီးပွဲစားအဖြစ် ဟိုစပ်စပ် သည်စပ်စပ် လုပ်ကိုင် ရင်း ဘဝကို ဟန်မပျက် ရပ်တည်နေရာမှ အိမ်ခြေယာခြေလည်း မရှိလေရကား၊ အနီးမူးမြစ်ကမ်းပါးမှ ကမ်းပြိုသည့်အထဲ ပါလုဆဲဆဲ ပိုင်ရှင်မဲ့ နေသူမရှိသော အိမ်ဟောင်းကြီးဝယ် မြူနီစပယ်လူကြီး၏ ခွင့်ပြုချက်ဖြင့် နေခွင့်ရနေခြင်းဖြစ်လေ၏။

မြူနီစပယ်လူကြီးက သူ့ကို ယင်းအိမ်ဝယ် နေခွင့်ပေးထား သည်မှာလည်း မောင်မောင်ဇင်မှာ ပွဲစားအလုပ်လုပ်ရင်း၊ ပင်လယ်ဘူး၊ ကျွန်းလှ၊ ရွာရှည်၊ တယ်ခွင်၊ မြင်းမူစသည့် မူးမြစ်ရိုးတစ်လျှောက်ရှိ မြို့ရွာများသို့ နှံ့နှံ့စပ်စပ် သွားရောက်ရင်း ဗြိတိသျှအစိုးရဆန့်ကျင် တော်လှန် ပုန်ကန်ရန် ကြံစည်သူများ၊ ကြိုးစားသူများနှင့်ပတ်သက်၍ မြူနီစပယ်

www.burmeseclassic.com

www.burmeseclassic.com



လူကြီးနှင့် အရေးပိုင် နယ်ပိုင် ရဲဝန်ထောက်တို့ကို တိုးတိုးကြိတ်ကြိတ် သတင်းပေးလာသောကြောင့် သူ့ကို ဖေဝါ(Favour) အခွင့်အရေး မျက်နှာသာပေးထားခြင်းဖြစ်၏။

သူသည် ဗြိတိသျှအစိုးရ အရာရှိများ၏ အလိုတော်ရိ အမာခံ သတင်းပေးဖြစ်လေရကား မြူနီစပယ်လူကြီးအပါအဝင်၊ ပုလိပ်ဖက်၊ နယ်ဖက်အရာရှိများ၏ လက်သပ်မွေး ကြည့်ရှုစောင်မခြင်းခံရသူမို့ လူမနေသဖြင့် မြူနီစပယ်က သိမ်းထားသော အဆိုပါအိမ်ကြီးဝယ် သူနှင့် သူ့မိန်းမ ဘိုကာပြားမ ခင်ခင်တင့်တို့ကို လခမယူဘဲ အလကား ပဲတင်း စံမြန်းခွင့်ပြုထားခြင်းဖြစ်လေ၏။

တစ်နေ့သ၌ ခင်ခင်တင့်သည် ဈေးခြင်းတောင်းတစ်လုံးကို လက်မှဆွဲရင်း မြို့လယ်ဈေး၌ ဟင်းစားဝယ်ခြမ်းပြီးနောက် အိမ်ရှိရာ ဘက်သို့ ခြေလျင်လျှောက်လာစဉ် ဈေးအဝလွန်မှ မန်ကျည်းပင်ကြီး၏ ရှေ့၌ လူအများဝိုင်းအုံလျှက် မန်ကျည်းပင်၏ ပင်စည်၌ ကပ်ထားသော ကြော်ငြာပိုစတာ စာရွက်တစ်ရွက်ကို စိတ်ဝင်စားစွာ တိုးဝှေ့ ကြည့်ရှုနေရာ . . .

"ဟင် . . . ဘာကြော်ငြာမို့ လူတွေ စိတ်ဝင်စားပြီး ဝိုင်းအုံ ကြည့်နေပါလိမ့်၊ သွားပြီး စပ်စုလိုက်ဦးမှ"



ဟုမိန်းမတို့၏ ထုံးစံအတိုင်း စပ်စုတတ်သော ဝါသနာကို ရှေ့တန်းတင်လျှက် လူအုပ်ကြားထဲ တိုးဝင်ကြည့်လိုက်ရာ ကြော်ငြာ ပိုစတာစာရွက်ပေါ်ဝယ် အသက်လေးဆယ့်ငါး၊ ငါးဆယ်ခန့်ရှိ ခံ့ခံ့ ညားညား လူကြီးတစ်ဦး၏ ရုပ်ပုံကိုမြင်ရပြီး ထိုရုပ်ပုံ(ဓါတ်ပုံ)အပေါ်ဝယ် 'အလိုရှိသည်' ဟူ၍ ရေးထားကာ ရုပ်ပုံ၏အောက်ခြေ၌မူ . . .

[ အထက်ပုံပါလူသည် သူပုန်ခါးပြခေါင်းဆောင် အာဠာဝက ဘတင့်ဖြစ်ပြီး သူ့ကို ဗြိတိသျှနေမဝင်အင်ပါယာ ပြည့်ရှင်အား ပုန်ကန် ခြားနားမှုဖြင့် အမြန်ဆုံးအလိုရှိသည်၊ သူနှင့်ပတ်သက်၍ သတင်း ပေးနိုင်သူအား ဆုတော်ငွေ တစ်ထောင်ကျပ်၊ သူ၏ ကြံရာပါတို့နှင့် ပတ်သက်၍ သတင်းပေးနိုင်သူအား ဆုတော်ငွေ ငါးရာကျပ် ချီးမြှင့် မည် ]

[ ပုံ
စစ်ကိုင်းခရိုင်နယ်ဝန်ရှင်တော်မင်းကြီး ]

ဟူ၍ ရေးထိုးထားရာ ယင်းကြော်ငြာကို သေချာစွာဖတ်ပြီး နောက် ခင်ခင်တင့်မှာ ဒီလူဆိုးကြီးရဲ့ပုံကို မြင်ဖူးပါတယ်ဟူ၍ ဇဝေဇဝါ တွေးဆကြည့်နေရာမှ အာဠာဝက ဘတင့်ကို မှတ်မိသွားပြီး

"အဲလိုတော် . . . လတ်စသပ်တော့ ဒီလူကြီးရဲ့ ဇ့ဘဝကို

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးခဲ့တဲ့ လူကြီးပဲ၊ မန္တလေးမျက်ပါးရပ်ကအိမ်မှာ သူဌေးကတော်ဘဝနဲ့ ငါကောင်းစားနေမယ့်ဟာကို ဒီမိစ္ဆာပုဏ္ဏားရောက်လာပြီး ခြေထိုးမှ ဦးဂန္ဓမာက ငါ့ကို အိမ်ပေါ်က ကန်ချခဲ့တာပဲ''

''ပြီးတော့ ဦးဂန္ဓမာက စတီးဘရားသားကုမ္ပဏီကို စားရေးတိုင်လို့ ကိုမောင်မောင်ဇင် အလုပ်ပြုတ်ခဲ့ရတယ်''

''ခုလို ငါ့ဘဝ နိမ့်ကျဆင်းရဲအောင် အိမ်ခြေယာခြေမဲ့အောင် လုပ်ခဲ့တာဟာ သင်းပဲ . . . ဦးဂန္ဓမာလို ငါးခုတ်တုံးကြီးကို ငါ ပိုင်ပိုင်နိုင်နိုင်ကြီး လှည့်စားထားတာကို ဗူးပေါ်သလိုပေါ်အောင် လုပ်ခဲ့တဲ့ သင်းကို ငါရအောင် ပြန်ပြီး ကလဲ့စားချေပြမယ် . . . ဟင်း''

''တွေ့ကြသေးတာပေါ့ မိစ္ဆာသူပုန်ကြီးရယ်၊ ဓါးပြကြီးရယ် ခင်ခင်တင့်အကြောင်း သိရသေးတာပေါ့ ဟင်း''

ဟူ၍ စိတ်ထဲမှ ကြိမ်းဝါးရင်း ဈေးခြင်းတောင်းကိုရမ်းကာ သူမ၏အိမ်ရှိရာသို့ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ပြန်ခဲ့လေတော့၏။

ခင်ခင်တင့် အိမ်ရောက်ပြီး ခဏအကြာမှာပင် မောင်မောင်ဇင်မှာ ဆိုင်ကယ်အစုတ်ကြီးကို တဘုတ်ဘုတ်နှင့်စီးရင်း အိမ်ဂေဟာသို့ ပြန်လည်ဆိုက်ရောက်လာလေရာ အိမ်အဝ အဝင်မှာပင် ရှင်မြူးအားရစွာ အော်ဟစ်ပြောလာလေတော့၏။



''တင့်လေးရေ . . . တင့်တင့်လေး . . . မောင်ရာဇဝတ်ဝန်ဆီက တောင်းလာတာ၊ သခင်ကြီးတို့ အစိုးရက အလွန်တရာ အလိုရှိနေတဲ့ သူပုန်ဓားပြခေါင်းဆောင်ကြီး အာဋ္ဌာဝကဘတင့်ဆိုတာ ဘယ်သူလဲလို့ ကြည့်လိုက်စမ်းပါဦး အချစ်ရယ်''

ဟုရှင်လန်းတက်ကြွစွာပြောကာ ကြော်ငြာစာရွက်ကြီးကို ဖြန့်ပြလိုက်လေ၏။ ခင်ခင်တင့်က ခေါင်းညိတ်လိုက်ပြီး . . .

''တင့်လေးတို့ရဲ့ ဘဝကိုဖျက်ဆီးခဲ့တဲ့ အဲဒီလူယုတ်မာကြီးဟာ ခုတော့ မင်းမြစ်မင်းဒဏ်သင့်ခံရမယ့် ဝရမ်းပြေးကြီး ဖြစ်နေပြီပေါ့''

''ဟင်း . . . ဟင်း . . . သင်းကို တင့်လေးတို့ မတွေ့တွေ့အောင်ရှာပြီး သခင်ကြီးတို့ရဲ့ လက်အပ်လို့ ဆုငွေထုတ်ရအောင် မောင်၊ အဲဒီလိုနည်းနဲ့ အဲဒီလူ့မိစ္ဆာကြီးကို ကောင်းကောင်းကြီး လက်စားချေရအောင်''

ဟု အားပါးတရကြီး ပြောလိုက်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်မှစ၍ မောင်မောင်ဇင်မှာ အာဋ္ဌာဝကဘတင့်၏ သတင်းကိုသာ ကျားကုပ်ကျားခဲ အာရုံစူးစိုက်ထောက်လှမ်းစုံစမ်းလေတော့၏။

အာဋ္ဌာဝက ဦးဘတင့်မှာလည်း နယ်ချဲ့အစိုးရက ဆုငွေထုတ်မှ မူးမြစ်တကြောဝယ် ပို၍နာမည်ကြီးလာတော့၏။

''အာဋ္ဌာဝကတို့အဖွဲ့က မြင်းမူဘက် ကင်းလှည့်လာတဲ့ နယ်လှည့်ပုလိပ်တပ်ဖွဲ့ကို ဝင်တိုက်သွားတယ်ဆိုပဲ''

''အင်္ဂလိပ်အစိုးရ တင်မြှောက်ထားတဲ့ 'ကျို'ကျေးရွာသူကြီး'ကို အာဋ္ဌာဝကတို့အဖွဲ့က သတ်ပစ်လိုက်တယ်တဲ့''



''မြင်းမူနယ်ဘက်မှာ တစ်ခါတုန်းက ပေါ်ပေါက်ခဲ့တဲ့ ဗြိတိသျှအစိုးရကို ပုန်ကန်ခြားနားသူ မောင်သန့်ရဲ့ တပ်ဖွဲ့ဝင်ဟောင်းကြီးတွေဖြစ်တဲ့ ရွှေဘိုနယ်၊ မြင်းမူနယ်၊ အရာတောနယ်ဘက်တွေက ဘခက်တို့၊ ဘိုးစံညွှန့်တို့၊ ဘိုးကံသာတို့နဲ့ ပူးပေါင်းပြီး အာဋ္ဌာဝကကြီးတို့အဖွဲ့က မောင်သန့်တုန်းကလိုပဲ မြင်းမူဂတ်ကို ဝင်စီးဦးမတဲ့''

စသည်ဖြင့် အရပ်သတင်း၊ အသီးသီးဝယ် အာဋ္ဌာဝကဘတင့်မှာ အကျော်ဒေးယျဖြစ်လျက်ရှိတော့၏။

ဗြိတိသျှအစိုးရကလည်း အာဋ္ဌာဝကဘတင့်နှင့် ဘတင့်၏အပေါင်းပါတို့အား လက်ရဖမ်းဆီးနိုင်ရန် အမျိုးမျိုးအားထုတ်လျက်ရှိရာ မောင်မောင်ဇင်ကလည်း အာဋ္ဌာဝကကြီးတို့၏သတင်းကို သူ့နည်းသူ့ဟန်ဖြင့် ထောက်လှမ်းစုံစမ်းလျက်ရှိလေ၏။

သို့သော် ပါးနပ်လျှင်မြန်သော အာဋ္ဌာဝကဘတင့်မှာ သူရေသူ့လူများကိုပါ နေရာအတည်တကျ မနေစေဘဲ အမြဲလိုလို ပြောင်းလဲရွေ့လျားစေလျက် နယ်ချဲ့တို့ကိုတိုက်လိုက်၊ တပ်ဖျောက်လိုက်ဖြင့် ပျောက်ကြားစနစ်ကိုသာ ပရိယာယ်ကြွယ်ကြွယ်ဖြင့် ကျင့်သုံးနေသလုန်လျက်ရှိရာ အာဋ္ဌာဝကဘတင့်ကိုရော သူ့လူများကိုပါ ခြေရာခံမရနိုင်အောင်ရှိလေ၏။

www.burmeseclassic.com

သို့သော် ပွဲစားအဖြစ် နေရာတကာရောက်ကာ လူမျိုးစုံနှင့် ပေါင်းသင်းပြီး အသိအကျွမ်း အဆက်အသွယ်ကောင်းလှသည့် လုံ့ရည်လည်သူ မောင်မောင်ဇင်မှာ အာဋ္ဌာဝကဘတင့်နှင့် သူ၏လူများ စာရင်းကိုတစတစ ထောက်လှမ်းသိရှိလာတော့၏။

သို့သော် သူသည် သတင်းစုံအောင် ထောက်လှမ်းစုံစမ်းပြီးမှ အာဋ္ဌာဝကဘတင့်၏ ဂိုဏ်းကြီးကိုအမြစ်မှလှန်ကာ ဖြိုဖျက်ပစ်လိုသူဖြစ်ရကား၊ ရရှိပြီးသမျှ သတင်းအချက်အလက်တို့ကို ဗြိတိသျှအရာရှိများထံ မတင်ပြသေးဘဲ သတင်းကိုသာ ကြိတ်စုလျက်ရှိလေ၏။

သို့စေကာမူ သူသည်ထန်းရည်မူး ကျွဲခိုးပေါ်ဆိုသလို ဂါးဒင်းပါတီတစ်ခုဝယ် ယစ်ရွှေရည်မူးမူးနှင့် အစိုးရအရာရှိငယ်များ၏ စားပွဲဝိုင်း၌ အာပေါင်အာရင်းသန်သန်ဖြင့် ကြွားဝါလေတော့၏။

"ဒီမှာဝန်ကလေးရဲ့ ခင်ဗျားတို့ရဲ့ အရာရှိကြီးတွေ သိပ်လိုချင်နေတဲ့ အာဋ္ဌာဝကဘတင့်ဆိုတဲ့ လူဆိုးကြီးကို ကျုပ်ကကွိခနဲ ဖမ်းနိုင်အောင် သတင်းပေးတော့မှာဗျ သိရဲ့လား...အေ့"

"ဒီမှာ...ဒီမှာ...တောအုပ်ကြီးရဲ့ ကျုပ်မှာလေ အာဋ္ဌာဝကရဲ့အဖွဲ့ထဲက အရေးပါတဲ့ လူစာရင်းရှိတယ်ဗျ သိလား၊ သူတို့ရဲ့



ပုန်ကန်ဖို့လှုပ်ရှားတာတွေ၊ အာဋ္ဌာဝကဘတင့်နဲ့ လျှို့ဝှက်ဆွေးနွေးတာတွေဘာတွေကို ကျုပ်ကနေ့ရက်နာရီ ဒေသအတိအကျ လေ့လာမှတ်တမ်းတင်ထားတာဗျ သိရဲ့လား...အေ့"

"တစ်ချို့လူတွေကိုဆို အာဋ္ဌာဝကဘတင့်နဲ့ တွဲပြီးသွားလာလှုပ်ရှားနေတုန်း ကျုပ်ကဓါတ်ပုံနိုးရိုက်ထားတာဗျ သိရဲ့လား ဘိလစ်စာရေးကြီးရဲ့ ... အေ့"

"သတင်းစုံမှ အဲဒီမှတ်တမ်းဖိုင်ရော ဓါတ်ပုံတွေပါ အရေးပိုင်မင်းရဲ့လက်ထဲ တိုက်ရိုက်အပ်ပြီး ကျုပ်ကဆုငွေတွေ အများကြီးထုတ်မှာဗျ သိရဲ့လား...ရုံပိုင်ကြီးရဲ့ ... အေ့"

ဟုမူးမူးဖြင့် ခပ်ကြွားကြွားပြောလျက်ရှိရာ သူတို့၏ ဘေးစားပွဲမှ ပန်ချာပီခေါင်းပေါင်းနှင့် အနောက်တိုင်းဝတ်စုံကို ကျနစွာဆင်မြန်းထားသော ပန်ချာပီသူဌေးကြီးဂိုးမက်က စောင်းငဲ့ကြည့်လိုက်ကာ...

"အိုး...မိတ်ဆွေ သင်ပြောတာ တကယ်လား"၊

ဟုရွှင်လန်းတက်ကြွစွာ လှမ်းပြောလိုက်ရာမှ စားပွဲပေါ်ဝယ်ထောင်ထားသည့် သူ၏အိတ်ကြီးကို ကောက်ယူလျက် မောင်မောင်ဇင်တို့၏ဝိုင်းသို့ ကူးလာပြီးလျှင်...

www.burmeseclassic.com



"ကျုပ်ရဲ့နာမည်က မစ္စတာကိုးမက်ပါ၊ ဒီမြို့မှာ စီးပွားရေးလုပ်ငန်းကြီးတွေ ထူထောင်ဖို့ တစ်နေ့ကပဲ မန္တလေးဘက်က တက်လာခဲ့တာ၊ ဒီနယ်ရောက်တော့ အာဥာဝကဘတင့်ဆိုတဲ့ လူရမ်းကားကြီး ဦးဆောင်တဲ့ သူပုန်တွေသောင်းကျန်းနေတယ်ဆိုတာနဲ့ ကျုပ်ရဲ့စီးပွားရေးစီမံချက်တွေ ပျက်မလိုဖြစ်နေတယ်"

"သင်သာ အာဥာဝကဘတင့်နဲ့ အပေါင်းပါတွေရဲ့ သတင်းကိုပုလိပ်ဖက်ပေးနိုင်ရင်၊ သူတို့ကိုလက်ရဖမ်းဆီး ချေမှုန်းနိုင်ပြီး ကျုပ်ရဲ့စီးပွားရေးလုပ်ငန်းကြီးတွေကိုလည်း မြန်မြန်အကောင်အထည်ဖော်နိုင်မှာပဲ"

"ဒီတော့ မိတ်ဆွေသတင်းမြန်မြန်ပေးနိုင်အောင်သာ ကြိုးစားစမ်းပါဗျာ၊ ကျုပ်ကတော့ မိတ်ဆွေရဲ့အပြောနဲ့တင် သဘောကျလွန်းလို့ မိတ်ဆွေကို ဆုလာဒ် ချီးမြှင့်ပါရစေလက်ခံပါ မိတ်ဆွေ"

ဟုပြောကာ သူ၏ကုတ်အင်္ကျီအိတ်ကပ်ထဲမှ ငွေငါးရာကျပ်ကို ရက်ရက်ရောရောကြီး ထုတ်ပေးလိုက်ရာ ထိုမျှများပြားသောငွေကို မောင်မောင်ဇင်က ဝမ်းသာကျေနပ်စွာ လက်ခံယူရင်း သဘောအကျကြီးကျလျက် ရှိပါတော့၏။

သို့ဖြင့် ဂါးဒင်းပါတီပွဲသိမ်း၍ ညဥ့်သန်းခေါင်ယံသို့ အရောက်



ဝယ် မောင်မောင်ဇင်မှာ သူ၏အိမ်ရှိရာသို့ ခြေလှမ်းခပ်ယိုင်ယိုင်ဖြင့် တစ်ဦးတည်း လျှောက်လှမ်းပြန်လာခိုက်...

မြင်းရထားတစ်စီးသည် သူ၏နောက်မှ မြင်းခွာသံ တခွပ်ခွပ်ဖြင့် လိုက်ပါလာပြီးလျှင် ရထားသည် သူ့အားကျော်တက်လိုက်စဉ် ရထား၏ဘေးပြတင်းမှ ပန်ချာပီကြီးမစ္စတာကိုးမက်၏ ဦးခေါင်းပြူထွက်လာလျက်...

"ဟဲလို...မိတ်ဆွေ...သင်ဘယ်သွားမလို့လဲ...ဒီအငှားမြင်းရထားနဲ့ ကျုပ်လိုက်ပို့ပါ့မယ်၊ လာ...ရထားပေါ်တက်ခဲ့ပါ၊ ကမ်းမွန်းပလိ(စ်)"

ဟုပြုံးရွှင်လောကွတ် ပျူငှာစွာဖြင့် ဖိတ်ခေါ်လေတော့၏။ မောင်မောင်ဇင်လည်း လမ်းလျှောက်ရသက်သာ နည်းသလားဟူသော ခံယူချက်ဖြင့် ရပ်ပေးလာသော မြင်းရထားပေါ်သို့ ဖွင့်ပေးလာသည့် တံခါးမှ ဝင်ကာတက်သွားလေ၏။ ထို့နောက် ပန်ချာပီကြီးက မြစ်ကမ်းဘက်ကိုမောင်းဟု အမိန့်ပေးလိုက်ရာ မြင်းရထားမှာ မြင်းခွာသံမှန်မှန်ဖြင့် မြစ်ကမ်းခြေဘက် ဦးတည်မောင်းနေစဉ်...

"မိတ်ဆွေရဲ့နာမည်က မစ္စတာမောင်မောင်ဇင်ဆိုတာနဲ့ မူးမြစ်ကမ်းပါးက အိမ်မှာနေတယ်ဆိုတာကို ကျုပ်သိပြီးပါပြီ၊ ပါတီ

www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ ယဇ်မျိုးအရာရှိက ပြောလိုက်လို့ပါ''

ဟု ပန်ချာပီကြီးက ပြုံးရွှင်စွာ ပြောလိုက်ပြီးနောက်...

''ဒီမှာ မိတ်ဆွေ ကျုပ်ကလူဆိုး သူပုန်ဆို သိပ်မုန်းတာဗျ၊ သူတို့ထကြွသောင်းကျန်းနေရင် ကျုပ်တို့လို လုပ်ငန်းရှင်တွေ လုပ်ငန်းထိခိုက်တယ်ဗျ၊ ဒီတော့ အဲဒီလူဆိုးတွေကို ကျုပ်ကိုယ်တိုင် ဦးဆောင်နှိမ်နင်းချင်တယ်''

''ဒီတော့ မိတ်ဆွေရထားတဲ့ သတင်းတွေ ကျုပ်ကိုအရင်ပေးပါလား၊ ဗြိတိသျှအစိုးရကပေးမယ့် ဆုတော်လာဒ်တော်ငွေထက် သုံးဆကျုပ်ပေးပါ့မယ်''

ဟုသတင်းဝယ်ရန် စကားကမ်းလှမ်းလိုက်ရာ လောဘသမား မောင်မောင်ဖင်၏ မျက်နှာမှာ ဝင်းခနဲဖြစ်သွားလျက်...

''ကောင်းပြီလေ...ကျွန်တော်ကလည်း သတင်းတွေကို သက်ဆိုင်ရာရဲ့လက်ထဲ အပ်တာထက် မစ္စတာဂိုးမက်ရဲ့ လက်ထဲအပ်ရင် ကျွန်တော့်အတွက် ဆုငွေ လာဒ်ငွေအများကြီး ပိုရမယ်ဆိုတာ သိပြီးသားပါ''

ဟုသွားရည်ကို သိမ်းရင်းပြောလိုက်ရာ...

''အိုကေဗျာ...ဒါဆိုအိုကေပဲ...ကဲ...ကြာတယ်ဗျာ၊



ကျုပ်အခုပဲ မိတ်ဆွေရဲ့အိမ်လိုက်ပြီး သတင်းတွေယူမယ်ဗျာ၊ ဟောဒီအိတ်ကြီးထဲမှာ ငွေအပြည့်ပါတယ်၊ သတင်းတစ်ပုဒ်ကို ငွေငါးရာ ချက်ချင်းပေးမယ်၊ ဓါတ်ပုံတစ်ပုံကိုလည်း ငါးရာပေးမယ်''

ဟုပန်ချာပီကြီး မစ္စတာဂိုးမက်က ပြောလိုက်သည်တွင် မောင်မောင်ဖော်မှာ သူ့နားပင်သူမယုံနိုင်အောင် အံ့အားသင့် ဝမ်းသာသွားလျက်မှ...

''ကောင်းဗျာ...ဒါဆို ကျွန်တော့်ရဲ့ အိမ်ကိုအခုလိုက်ခဲ့ ကျွန်တော်စုဆောင်းထားတဲ့ သတင်းအားလုံးရောင်းမယ်ဗျာ''

ဟုအားရဝမ်းသာစွာ ပြောလိုက်ပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်နာရီဝက်ကျော်ခန့် အကြာတွင်တော့ မူးမြစ်ကမ်းပါးဝယ် မေးတင်ထားသော အုတ်ခံအိမ်ကြီးအတွင်း၌ အောက်လင်းမီးအလင်းရောင်ဖြင့် မောင်မောင်ဇင်၏ သတင်းဖိုင်ကြီးကို မစ္စတာဂိုးမက်က သေချာစွာစူးစိုက်ကြည့်ရှု လေ့လာလျက်ရှိလေ၏။

မောင်မောင်ဇင်က မစ္စတာဂိုးမက်အား သတင်းရောင်းမည့်အကြောင်း ခင်ခင်တင့်ကို ပြောထားရာ ပန်ချာပီကုလားသူဌေးကြီးထံမှ ငွေမြောက်မြားစွာကို ညတွင်းချင်း ရတော့မည်မှန်း သိသွားသည့် ခင်ခင်တင့်မှာ သဘောခွေမနောတွေ့လျက်ရှိပြီး မစ္စတာဂိုးမက်



အား ကော်ဖီဖြင့်ဧည့်ခံရင်း သူမ၏မျက်လုံးအကြည့်က မစ္စတာဂိုးမက်၏ သားရေအိတ်ကြီးဆီသာ တဝဲဝဲရောက်လျက်ရှိတော့သည်။

မစ္စတာဂိုးမက်သည် စာဖတ်လိုက် ဓါတ်ပုံတို့ကို ကြည့်လိုက်လုပ်နေရာမှ...

''ဒီဓါတ်ပုံထဲက လူတွေဟာ သူပုန်ခေါင်းဆောင် အာဠာဝကဘတင့်ရဲ့လူတွေဆိုတာ သေချာလား''

ဟုမေးလိုက်ရာ မောင်မောင်ဇင်ကပြုံးလိုက်ပြီး...

''သေချာပါတယ် မစ္စတာဂိုးမက်၊ သူတို့ဟာ ကျောက်ကုန်သည်၊ ကုန်စုံဆိုင်ပိုင်ရှင်၊ မြင်းလှည်းမောင်းသမား၊ မျက်လှည့်ဆရာ၊ စက်ပြင်ဆရာစသည်ဖြင့် အမျိုးမျိုး အရေခြုံထားပေမယ့် အာဠာဝကဘတင့်က ဆက်သားလွှတ်အကြောင်းကြားလိုက်တာနဲ့ သူတို့ချိန်းချက်ထားရာမှာ ချက်ချင်းလူစုပြီး တော်လှန်တိုက်ခိုက်မှုတွေ လုပ်တော့တာပဲ၊ သူတို့အဖွဲ့က ငွေကြေးတောင့်တော့ သေနတ်လက်နက်ကောင်းတွေကို နယ်စပ်မှာရှိတဲ့ ပြင်သစ်ကုန်သည်တွေဆီက ဝယ်နိုင်တယ်''

''ကျွန်တော်က သူတို့ရဲ့ သတင်းတွေ၊ ဓါတ်ပုံတွေကို လပေါင်းအတော်ကြာ စုံစမ်းရယူထားရတာဗျ''

ဟုမောင်မောင်ဇင်က ရှင်းပြလိုက်ရာ မစ္စတာဂိုးမက်မှာ

www.burmeseclassic.com

ခေါင်းကြီးကို ညိတ်လိုက်ပြီး...

"ဟုတ်ပြီဗျာ...အိုကေ...အိုကေ...ကဲ...ကဲ...ဒီသတင်းတွေနဲ့ ဓါတ်ပုံတွေအတွက် ငွေချေမယ်"

ဟုပြောကာ သူ၏သားရေအိတ်ကြီး၏ ဖစ်ကိုဆွဲဖွင့်လိုက်လေတော့၏။

ထို့နောက် မစ္စတာဂိုးမက်သည် သားရေအိတ်ကြီးထဲသို့ လက်နှိုက်ပြီး ပြန်ထုတ်လိုက်ရာ အင်္ဂလိပ်ငွေစက္ကူတစ်ထပ်ပါလာတော့၏။

သူသည် ငွေစက္ကူထပ်ကို သူ့ရှေ့ရှိစားပွဲပေါ်သို့ အသာချလိုက်ရာ မောင်မောင်ဖင်နှင့် ခင်ခင်တင့်တို့၏ မျက်နှာမှာ မှိုရသော မျက်နှာကဲ့သို့ ဝင်းပသွားကြပြီးလျှင် လည်ချောင်းထဲမှ တံတွေးကို ဂလုခနဲနှစ်ဦးသား မျိုလိုက်ရာမှ သားရေအိတ်ကြီးထဲသို့ ထပ်မံဝင်သွားသော မစ္စတာဂိုးမက်၏ လက်ကြီးကို အငမ်းမရလိုက်ကြည့်နေကြလေတော့၏။

ယခုတစ်ခါ သားရေအိတ်ထဲမှ ထွက်လာသော မစ္စတာဂိုးမက်၏ လက်ထဲမှာတော့ ငွေစက္ကူထပ်မပါလာဘဲ ခြောက်လုံးပြူးသေနတ်တစ်လက် ပါလာသည်ကိုသာ နားမလည်နိုင်စွာ တွေ့လိုက်ရပြီးနောက် ထိုခြောက်လုံးပြူးဖြင့် သူတို့ကိုချိန်လိုက်မှ လင်မယားနှစ်ယောက်မှာ လန့်ဖျတ်သွားကြတော့၏။



"အို...ရှင်...ရှင်...ဘာသဘောလဲ"

"မစ္စ...မစ္စတာဂိုးမက်...ဒါဘာလုပ်တာလဲဗျ"

ဟုနှစ်ဦးသား ချောက်ချားတုန်လှုပ်စွာ ဒရောသောပါး မေးလိုက်ရာ မစ္စတာဂိုးမက်က တဟားဟားအော်ရယ်လိုက်ပြီးနောက်

"ဟားဟားဟား...မင်းတို့ဟာ ကျောချတာတောင် ဓားမြမှန်းမသိကြဘဲကိုး...ဒီမှာကျုပ်ကိုကြည့်စမ်း...ဘယ်သူလဲလို့"

ဟု မစ္စတာဂိုးမက်က အသံဝါကြီးဖြင့်ပြောရင်း ပန်ချာပီခေါင်းပေါင်း၊ ငွေကိုင်းတပ်မျက်မှန်ဝိုင်းလေး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးအတုများကို ဆွဲချွတ်လိုက်ရာ...

"အို...ရှင်...ရှင်"

"ဟာ...အာ...အာဥာဏ ဦးဘတင့်"

ဟုမောင်မောင်ဖင်နှင့် ခင်ခင်တင့်တို့မှာ ထိတ်လန့်တကြားရေရွတ်ရင်း တစ်ကိုယ်လုံး တုန်တက်ကုန်ကြကာ မျက်နှာများမှာ သွေးဆုတ်လျက် ဖြူဖတ်ဖြူလျော် ဖြစ်ကုန်ကြတော့၏။

"ဟားဟားဟား...ကျုပ်ကိုအံတုချင်တဲ့ လူလည်ဖနီးမောင်နဲ့

www.burmeseclassic.com



ကိုယ့်လူမျိုး၊ မျိုးချစ်တော်လှန်ရေးရဲဘော်တွေကို ဒုက္ခပေးချင်တဲ့ အမျိုးသားသစ္စာဖောက် မောင်မောင်ဇင်၊ ကျုပ်ရဲ့ငယ်သူငယ်ချင်း မောင်ဂန္ဓမာကို လူလည်ကျ ဒုက္ခအမျိုးမျိုးပေးခဲ့တဲ့ မိန်းမလည် မခင်ခင်တင့်''

''မင်းတို့ရဲ့ အသက်မသေချင်ရင် ဟောဟိုပြတင်းပေါက်က အခုခုန်ချလိုက်...ခုန်ချလိုက်''

ဟု အာဠာဝကဘာတင့်က အော်ဟစ်အမိန့်ပေးလိုက်ရာ

''ဗျာ...ဒီ...ဒီပြတင်းပေါက်က ခုန်ချရမယ် ဟုတ်လား''

ဟုမောင်မောင်ဇင်က သွေးရူးသွေးတန်းဖြင့် ပြန်မေးလိုက်သလို ခင်ခင်တင့်မှာလည်း ကြောက်လွန်းလှသဖြင့် တရှုံ့ရှုံ့ငိုလေရာ အာဠာဝကဘာတင့်မှာ ဒေါသကြီးစွာ ထွက်လာလျက်မှ...

''ကဲ...ငါနင်တို့ကို ငါ့ရဲ့လက်နဲ့ မသတ်ချင်လို့ ထွက်ပြေးနိုင်ဖို့ အခွင့်အရေးပေးတာကို မယူချင်ရင် သေဖို့သာပြင်ပေတော့''

ဟု ကျားဟိန်းသံကြီးဖြင့် ကြိမ်းဝါးကာ ခြောက်လုံးပြူးဖြင့် ဒိုင်းခနဲပစ်လိုက်ရာ သေနတ်ကျည်ဆံမှာ မောင်မောင်ဇင်၏ ဘယ်နားရွက်အဖျားကို ရှပ်ထိသွားသဖြင့် မောင်မောင်ဇင်မှာ လွန်စွာ နာကျင်သွားရကား ထိတ်လန့်ခြင်းကြီးစွာ...



''အောင်မယ်လေးဗျ'' ဟုအော်လိုက်ရင်း...

''ကျွန်...ကျွန်တော့်ကို မသတ်ပါနဲ့ဗျာ...ဒီပြတင်းက ခုန်ချဆို ခုန်ချပါ့မယ်''

ဟုသွေးရူးသွေးတန်းဖြင့် ကပျာကသီ လက်ကာ၊ ခြေကာ တောင်းပန်ရင်း ပြတင်းဆီသို့ ပြေးသွားကာ ဖွင့်ထားသော ပြတင်းပေါက်မှ ကျော်တက်ပြီး ခုန်ချလိုက်လေတော့၏။

ထိုအခါ ခင်ခင်တင့်မှာလည်း မနေသာတော့ဘဲ မောင်မောင်ဇင်နောက်မှ ပြေးလိုက်ကာ ပြတင်းဝမှ ခုန်ချတော့သည်တွင်...

လူလည်လင်မယား နှစ်ဦးစလုံးမှာ မူးမြစ်ရေထဲသို့ ဗွမ်းခနဲ ဗွမ်းခနဲထိုးကျသွားလျက် ရေစီးသန်လှသော မူးမြစ်ရေအလျဉ်ဝယ် ငုတ်ချည်ပေါ်ချည်ဖြင့် အမျောကြီးမျောပါသွားကြလေတော့၏။ သူမနှင့်သူတို့ နှစ်ဦးစလုံးမှာ ရေကူးတတ်သူများမို့ ရေမနစ်သော်လည်း မြစ်ရေစီးကသန်လှသဖြင့် မြို့နှင့်ဝေးသည်ထက်ဝေးရာသို့ တဝဲလည်လည်ဖြင့် မျောပါသွားပါလေတော့၏။

ထိုအခါ အာဠာဝက ဘာတင့်မှာ သတင်းဖိုင်ကြီးကို လက်တစ်ဖက်ဖြင့်ပိုက်ကာ သားရေအိတ်ကြီးကို အခြားလက်တစ်ဖက်ဖြင့် ဆွဲရင်း အောက်ခြေဝယ် ရေတိုက်စားကမ်းပြိုထားသဖြင့် မြစ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ဲ့သို့ စောင်းယိုင်လျက် အိမ်တစ်ခြမ်းမှာ မြစ်ကမ်းပါးပေါ် ငေါ်ထွက်လျက်ရှိသော မောင်မောင်ဖင်တို့ မှီတင်းနေထိုင်ခဲ့ရာ အိမ်ဂေဟာကြီးထဲမှ ခြေတစ်လှမ်းချင်းလှမ်းကာ ထွက်လာပါတော့၏။

အပြင်ဘက်ဝယ် လအကွေးရေးရေးသာလျက် လောကအလုံးမှာ ချမ်းမြေ့တိတ်ဆိတ်လျက်ရှိလေ၏။

အာဋ္ဌာဝကဦးဘတင့်မှာ ငွေလရောင်အောက်ဝယ် လက်လက်ထနေသော မှုံမြစ်ရေပြင်ကို စိတ်လက်ပေါ့ပါးစွာ ငေးကြည့်ရင်း သန့်စင်အေးမြသော မြစ်ပြင်လေးကို တဝကြီးရှုရှိုက်လိုက်ပြီးနောက် မြစ်ကမ်းစပ်ကို ကျောခိုင်းလျက် သူ၏နယ်ချဲ့တော်လှန်ရေး ခရီးကြမ်းကြီးကို ဆက်လက်နှင်ရန် ခြေလှမ်းကြဲကြီးများဖြင့် လှမ်းထွက်လာခဲ့ပါတော့သတည်း။

—◈—◈—◈—

– ပြီးပါပြီ –

အစဉ်အမြဲကြိုးစားလျက်

မိဖြူကျွ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com